# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ချမ်းသာကို ဆောင်ရွက်တတ်၏**

အလွန့်အလွန် မြင်နိုင်ခဲသော၊ အလွန့်အလွန် သိမ်မွေ့သော အလိုရှိရာအာရုံ၌ ကျလေ့ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ စောင့်ရှောက်ထားအပ်သောစိတ်သည် ချမ်းသာကို ဆောင်ရွက်တတ်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၆)


၁၃၈၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၄ ရက် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁၀ ရက်၊ ဗုဒ္ဓဟူးနေ့ အတွဲ (၆၀)၊ အမှတ် (၁၃၃)


# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ် အုပ်ချုပ်ရေးကောင်စီ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း (သို့မဟုတ်) ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက် အမှာစကားပြောကြား



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်အုပ်ချုပ်ရေးကောင်စီ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း (သို့မဟုတ်) ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

**နေပြည်တော် ဖေဖော်ဝါရီ ၉**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်အုပ်ချုပ်ရေးကောင်စီ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း (သို့မဟုတ်) ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့တို့၏ ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက် အမှာစကားပြောကြားသည်။

ညှိနှိုင်းအစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်၊ ကချင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးခက်ထိန်နန်၊ ကယားပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ဦး(ခ)ဘူးရယ်၊ ကရင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးစောမြင့်ဦး၊ ချင်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးတဲရင့်စ်စမ္ပိုင်းနီခွဲ၊ စစ်ကိုင်းတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်လင်း၊ တနင်္သာရီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ ဦးတင်အောင်၊ ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးမျိုးဆွေဝင်း၊ မကွေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးတင့်လွင်၊ မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်ကို၊ မွန်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာတင်ဌေး၊ ရခိုင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာ အောင်ကျော်မင်း၊ ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးလှစိုး၊ ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာကျော်ထွန်း၊


*စာမျက်နှာ ၃ ကော်လံ ၁* ❑





# တိုင်းရင်းသား စည်းလုံးညီညွတ်မှုသည် ပြည်ထောင်စု၏ အသက်သွေးကြော

ကမ္ဘာပေါ်တွင် နိုင်ငံဟုဆိုသည်နှင့် အင်္ဂါရပ် (၄) ပါးနှင့် ပြည့်စုံဖို့လိုသည်ဟု သတ်မှတ်ထားကြသည်။ ယင်းတို့မှာ ပိုင်နက်နယ်မြေ၊ လူဦးရေ၊ အစိုးရနှင့် အချုပ်အခြာအာဏာပိုင်စိုးမှုတို့ဖြစ်သည်။ အဆိုပါ အင်္ဂါရပ် (၄) ပါးကို နိုင်ငံ၏ ဥပဓိရုပ်ဟုလည်းဆိုကြပြီး တစ်ပါးပါးချွတ်ယွင်းပါက နိုင်ငံဟုဆို၍ မရနိုင်တော့။ တစ်ဖန် ကမ္ဘာ့နိုင်ငံအသီးသီးတို့၏ ဖွဲ့စည်းတည်ဆောက်ပုံများကို လေ့လာပါကလည်း လူမျိုးတစ်မျိုးတည်းရှိသော နိုင်ငံ၊ လူမျိုးစုများ စုပေါင်းနေထိုင်သောနိုင်ငံ စသည်ဖြင့် ကွဲပြားသလို တစ်ပြည်ထောင်စနစ်ကျင့်သုံးသောနိုင်ငံနှင့် ပြည်ထောင်စုစနစ် ကျင့်သုံးသောနိုင်ငံဟူ၍လည်းကောင်း၊ ဘုရင်စနစ် ကျင့်သုံးသည့် နိုင်ငံ၊ သမ္မတစနစ်ကျင့်သုံးသည့် နိုင်ငံ၊ ပါလီမန်စနစ် ကျင့်သုံးသည့်နိုင်ငံ ဟူ၍လည်းကောင်း မတူညီမှုများစွာကို တွေ့ရမည်ဖြစ်သည်။ နိုင်ငံတိုင်း နိုင်ငံတိုင်း မိမိတို့ဖြတ်သန်းခဲ့ရသည့် သမိုင်းကြောင်းနှင့် ပထဝီအနေအထား၊ လူမျိုးများအပေါ်မူတည်၍ မိမိတို့နှင့် ကိုက်ညီသည့် နိုင်ငံပုံစံများကို တည်ဆောက်ကြခြင်းဖြစ်သည်။

မိမိတို့နိုင်ငံသည် တိုင်းရင်းသားလူမျိုးများ စုပေါင်းနေထိုင်ကြသည့် ပြည်ထောင်စုနိုင်ငံဖြစ်သည်။ မိမိတို့နိုင်ငံနှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိသည့် အိမ်နီးချင်းနိုင်ငံများမှာ အာရှ၏ အင်အားကြီးနိုင်ငံများနှင့် လူဦးရေ လွန်စွာထူထပ်များပြားသည့်နိုင်ငံတို့ ပါဝင်သည်။ ထို့ပြင် နိုင်ငံ၏ တည်ရှိနေသည့် ပထဝီအနေအထားအရ တောင်အာရှနှင့် အရှေ့တောင်အာရှ ဒေသနှစ်ခုကြားတွင် ဆက်စပ်နေခြင်း၊ ကမ္ဘာ့နိုင်ငံရေး အခြေအနေများအရ မဟာဗျူဟာကျသည့် ဒေသဖြစ်လာသော အင်ဒိုပစိဖိတ် ရပ်ဝန်းတွင် အချက်အချာကျသည့်နေရာ၌ တည်ရှိနေခြင်းတို့ကြောင့်လည်း မြန်မာနိုင်ငံသည် ပထဝီနိုင်ငံရေးအရ အရေးပါသည့် နိုင်ငံတစ်နိုင်ငံလည်း ဖြစ်နေသည်။ အဆိုပါအချက်များကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ တစ်မျိုးသားလုံးစည်းလုံးညီညွတ်ရေးတို့ ထာဝရခိုင်မြဲစွာ တည်ဆောက်ထားနိုင်ရန် လိုအပ်နေသည်။ တစ်နည်းအားဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် ပြည်ထောင်စုမြန်မာနိုင်ငံ၏ နှလုံးသည်းပွတ်၊ အသက်သွေးကြောပင်ဖြစ်သည်။ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပြိုကွဲသည်နှင့် ပြည်ထောင်စုသည်လည်း တစ်စစီပြိုကွဲကာ နိုင်ငံနှင့်လူမျိုးတို့ ကမ္ဘာ့မြေပုံပေါ်မှ ပျောက်ကွယ်သွားရသည့်အဖြစ်မျိုးနှင့် ကြုံတွေ့ကြရမည်ဖြစ်သည်။

မိမိတို့၏ ဘိုးဘွားများ အသက်သွေး၊ ချွေးတို့နှင့် ရင်းနှီး၍ တစ်သွေးတည်း တစ်သားတည်း စည်းလုံးညီညွတ်စွာ ရယူခဲ့ရသည့် နိုင်ငံ၏ အချုပ်အခြာအာဏာပိုင် လွတ်လပ်ရေးကို ထာဝစဉ်တည်တံ့စေရန်မှာ တိုင်းရင်းသားတို့၏ စည်းလုံးညီညွတ်မှု အင်အားဖြင့်သာ ဆက်လက်ထိန်းသိမ်းကြရမှာဖြစ်သည်။ မျက်မှောက်ကာလမျိုးဆက်တို့၏ သမိုင်းပေးတာဝန်များကို ပခုံးပြောင်း ထမ်းဆောင်ကြရမှာလည်းဖြစ်သည်။ ယခုနှစ် (၇၄) နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေး ဦးတည်ချက်များကို –

(၁) ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ "(၂၁) ရာစုပင်လုံ" မှသည် ပြည်တွင်းငြိမ်းချမ်းရေး လုပ်ငန်းစဉ်များ အောင်မြင်သည်အထိ အကောင်အထည်ဖော် ဆောင်ရွက်ရေး။

(၂) တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး။

(၃) ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနှင့် လျော်ညီသည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပေါ်ပေါက်ရေး။

(၄) ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို တိုင်းရင်းသားအားလုံး ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

(၅) အရည်အချင်းမြင့်မား၍ ပြည်ထောင်စုစိတ်ဓာတ်ခိုင်မာသော မျိုးဆက်သစ်များ ပြုစုပျိုးထောင်ရေးဟူ၍ ချမှတ်ထားသည်။

အဆိုပါ အမျိုးသားရေးဦးတည်ချက်များသည် မိမိတို့နိုင်ငံအတွက် ပစ္စုပ္ပန်ကာလတွင် အကောင်အထည်ဖော်ရန် လက်ငင်းလက်တွေ့လိုအပ်ချက်များပင်ဖြစ်သည့်အလျောက် ပြည်ထောင်စုကြီး ကမ္ဘာ့အလယ်တွင် ဝင့်ထည်စွာ ထာဝစဉ်တည်တံ့ရေးအတွက် ပြည်ထောင်စုဖွားညီအစ်ကိုမောင်နှမအားလုံးက ပေါင်းစုညီညာ အကောင်အထည်ဖော်ထမ်းရွက်ကြရမည်သာ ဖြစ်ပါကြောင်း။ ။

# ပုဂံ ရှေးဟောင်းယဉ်ကျေးမှု နယ်မြေအတွင်းရှိ ရှေးဟောင်းအဆောက်အအုံများအား သန့်ရှင်းရေးဆောင်ရွက်လျက်ရှိ

**ညောင်ဦး ဖေဖော်ဝါရီ ၉**

ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန၊ပုဂံဌာနခွဲ၊ ယဉ်ကျေးမှုနယ်မြေ လုံခြုံရေးဌာနစိတ်မှကြီးကြပ်၍ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်းရှိ ဘုရား၊ စေတီ၊ ပုထိုး၊ အုတ်ကျောင်းတို့အား ဇန်နဝါရီလမှစ၍ Area–A ၊ Area–B ၊ Area –C ၊ Area –D1 ၊ Area–D2 (a) နှင့် Area–D2 (b) စသည့်နယ်မြေဧရိယာ အပိုင်း (၆) ပိုင်း ခွဲခြား၍ သန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲမှ ဦးမြင့်သန်း (ဒုတိယညွှန်ကြားရေးမှူး) ထံမှ သိရသည်။

ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ပုဂံဌာနခွဲ၊ လုံခြုံရေးဌာနစိတ်မှကြီးကြပ်ကာ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၁၁ ရက်မှစ၍ Area–C ကို သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ဆူးလေးကုန်းဘုရားအစု၊ ဝတ္တနတောဘုရားအစုနှင့် ဗူးလယ်သီးဘုရားအစုရှိ ဘုရားများကို သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးခဲ့ကြောင်း သိရသည်။

Area–C အတွင်း ကျန်ရှိနေသော သပိတ်မှောက်ဘုရားအစုနှင့် ရွှေနန်းရင်တော် ဘုရားအစုရှိ ဘုရားများ၏ ဘုရားအပေါ်ပိုင်းတွင် ပေါက်ရောက်နေသော ပေါင်းမြက်များရှင်းလင်းခြင်း၊ ဘုရားဆင်းတုတော်များပေါ်ရှိ ဖုန်နှင့်ချေးများချွတ်၍ ရောင်တော်ဖွင့်ခြင်း၊ အတွင်းလိုဏ်ပတ်လမ်းများရှိ ခိုချေးများနှင့် အမှိုက်များအား သန့်ရှင်းရေး ပြုလုပ်ဆောင်ရွက်ခြင်း၊ ဘုရားရင်ပြင်တော်ပေါ်မှ ပေ ၁၂၀ အကွာ အောက်ခြေပတ်ပတ်လည် ပေါင်းမြက်ချုံနွယ်များရှင်းလင်းခြင်း၊ ဘုရားအနီးရှိ ကန္တရငုတ်၊ စွေ့စာပင်ငုတ်နှင့် မဏီသံလျှက်ပင်ငုတ် စသည့်အပင်များ၏ ငုတ်များတူးထုတ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း ဦးမြင့်သန်း (ဒုတိယညွှန်ကြားရေးမှူး) က ပြောသည်။

**မောင်မောင်ထိန် (ကျောက်ပန်းတောင်း)**

## ၂၀၂၁ ခုနှစ်၊ (၇၄) နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ "(၂၁) ရာစုပင်လုံ" မှသည် ပြည်တွင်းငြိမ်းချမ်းရေး လုပ်ငန်းစဉ်များ အောင်မြင်သည်အထိ အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(၂) တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး။

(၃) ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနှင့် လျော်ညီသည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပေါ်ပေါက်ရေး။

(၄) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို တိုင်းရင်းသားအားလုံး ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

(၅) အရည်အချင်းမြင့်မား၍ ပြည်ထောင်စုစိတ်ဓာတ်ခိုင်မာသော မျိုးဆက်သစ်များ ပြုစုပျိုးထောင်ရေး။

အသီးတစ်ရာ အညှာတစ်ခု
ဒို့ညီနောင်ထု ပြည်ထောင်စု။

ဒို့ညီနောင်ထု တည်ထောင်ပြု
ပြည်ထောင်စုနေ့ ဒို့မေ့။

## အများအားဖြင့် သာယာမည်

**နေပြည်တော် ဖေဖော်ဝါရီ ၉**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ညအပူချိန်များ လျော့နည်းနေမည်။

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန် ပင်လယ်ပြင်တို့တွင် လေးပေမှ ရှစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**



**❖ တပ်မတော်သည် ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို လက်ခံသည့် အဖွဲ့အစည်းဖြစ်သည့်အတွက် တတ်နိုင်သမျှ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း၊ ပြည်သူလူထုကို မထိခိုက်စေလိုကြောင်း၊ တာဝန်ရှိသူများအနေဖြင့် ပြည်သူများ၏ လိုအပ်ချက်နှင့် ဒေသ၏ လိုအပ်ချက်များကို အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်ပေးရန်လိုကြောင်း၊ အကောင်အထည်ဖော်နိုင်ရန် လုပ်ပိုင်ခွင့်များ ပေးထားပြီးဖြစ်ကြောင်း၊ ပေးအပ်ထားသည့် လုပ်ပိုင်ခွင့်ကို ကျော်လွန်ပြီး မလုပ်ဆောင်ရန်လိုကြောင်း၊ ဒေသအတွင်း ရပ်တန့်နေသည့် လုပ်ငန်းများ၊ ကိစ္စရပ်များ၊ လုပ်သင့်လုပ်ထိုက်သည်များကို မြန်မြန်ထက်ထက် အကောင်အထည်ဖော် ဆောင်ရွက်ကြရမည်ဖြစ်**

❑ *ရှေ့ဖုံးမှ*

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်း၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်း၊ ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေး၊ ပလောင်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ တားသိန်း ဇော်၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဆွေ၊ "ဝ" ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးညီနပ်တို့ တက်ရောက်ကြသည်။

### စုပေါင်းဦးဆောင်မှုဖြင့် ဆောင်ရွက်လျက်ရှိ

ညှိနှိုင်းအစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာ၌ မိမိတို့သည် နိုင်ငံတော်၏ အခြေအနေအရပ်ရပ်ကို ဥပဒေနှင့်အညီသာ ဝင်ရောက်ထိန်းပေးခြင်းဖြစ်ကြောင်း၊ အရေးပေါ် ကာလစတင်ကြေညာသည့် အချိန်မှစ၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီကိုဖွဲ့စည်းခဲ့ပြီး နိုင်ငံတော်၏တာဝန်အရပ်ရပ်ကို ဒီမိုကရေစီလမ်းစဉ်အတိုင်း စုပေါင်းဦးဆောင်မှုဖြင့် ဆောင်ရွက်လျက်ရှိကြောင်း။

### ဖွဲ့စည်းပုံအခြေခံဥပဒေကို လေးစားလိုက်နာ

တပ်မတော်အနေဖြင့် ရွေးကောက်ပွဲဆိုင်ရာ မဲစာရင်းမှားယွင်းသည့် ကိစ္စရပ်များကို ဒီမိုကရေစီစည်းကမ်းနှင့်အညီ ဥပဒေကြောင်းအရ ဖြေရှင်းနိုင်ရန် အကြိမ်ကြိမ် ကြိုးပမ်းခဲ့ကြောင်း၊ မဲစာရင်းများတွင် ကြီးမားသည့် လွဲမှားမှုများဖြစ်ခဲ့ပြီး သာမန်လွဲမှားမှုများ မဟုတ်ခဲ့ကြောင်း၊ မိမိတို့အနေဖြင့် မဲစာရင်းမှားယွင်းမှုများကို ဒီမိုကရေစီ နည်းလမ်းများနှင့်အညီ အတတ်နိုင်ဆုံးဆောင်ရွက်ရန် ကြိုးစားခဲ့သော်လည်း မည်သို့မျှ ဆွေးနွေးညှိနှိုင်း ဖြေရှင်းမရသည့်အတွက် ယခုအဆင့်အထိ ရောက်ရှိလာခြင်းဖြစ်ကြောင်း၊ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို လေးစားလိုက်နာ စောင့်ထိန်းရန်လိုကြောင်း၊ မိမိတို့သည် အမျိုးသားရေးတာဝန်တစ်ရပ်ကို ထမ်းဆောင်ခြင်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ဥပဒေနှင့်အညီ ရှေ့ဆက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

### လွတ်လပ်စွာ ဆောင်ရွက်ခွင့်ပြု

စီမံအုပ်ချုပ်ရေးကောင်စီများ ဖွဲ့စည်း၍ တာဝန်ပေးအပ်ရာတွင် ဒေသက ကြည်ညိုလေးစားခြင်းခံရပြီး မိမိတို့၏ ဒေသအကျိုး စွမ်းဆောင်နိုင်မည့်သူ၊ အတွေ့အကြုံရှိသူ၊ အုပ်ချုပ်နိုင်စွမ်းရှိသူ၊ ဦးဆောင်နိုင်စွမ်းရှိသူ၊ ပေးအပ်သည့် တာဝန်ကို ယုံယုံကြည်ကြည်ဖြင့် ထမ်းဆောင်နိုင်မည့် သူများကိုသာ တာဝန်ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော် အစိုးရသည် မူဝါဒများချမှတ်ပေးရမည်ဖြစ်ပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်မှ တာဝန်ရှိသူများက ဒေသတိုးတက်အောင်၊ အောက်ခြေရှိ ပြည်သူများ၏ လူမှုစီးပွားဘဝကို အဆင်ပြေအောင် အနီးကပ်ဆုံး ဆောင်ရွက်ပေးရမည့်အဖွဲ့များဖြစ်ကြောင်း၊ လူဦးရေစာရင်းများ မှားယွင်းခဲ့သည့်အတွက် ယခုဖွဲ့စည်းပေးလိုက်သည့် ကောင်စီ အဆင့်ဆင့်တွင် လူဝင်မှုကြီးကြပ်ရေးမှ တာဝန်ရှိသူများကို ထည့်သွင်းဖွဲ့စည်းထားကြောင်း၊ စာရင်းများ မှန်ကန်မှုရှိစေရန် ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို လွတ်လပ်စွာ ဆောင်ရွက်ခွင့်ပြုထားကြောင်း။

### ဝိုင်းဝန်းကူညီပံ့ပိုး

မိမိအနေဖြင့် နိုင်ငံတော်ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ် မူဝါဒ ၅ ရပ် ချမှတ်ထားကြောင်း၊ ယင်းလုပ်ငန်းစဉ်များကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ် စီမံအုပ်ချုပ်ရေးကောင်စီများက အကောင်အထည်ဖော် ဆောင်ရွက်ကြရမည်ဖြစ်ပြီး ပြည်ထောင်စုဝန်ကြီးဌာနများက ဝိုင်းဝန်းကူညီပံ့ပိုး ဆောင်ရွက်ပေးကြမည်ဖြစ်ကြောင်း၊ ဆောင်ရွက်သင့်၊ ဆောင်ရွက်ထိုက်သည့်ကိစ္စရပ်များကို မြန်မြန်ထက်ထက် လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း။

### မြန်မြန်ထက်ထက် အကောင်အထည်ဖော်

တပ်မတော်သည် ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို လက်ခံသည့် အဖွဲ့အစည်းဖြစ်သည့်အတွက် တတ်နိုင်သမျှ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း၊ ပြည်သူလူထုကို မထိခိုက်စေလိုကြောင်း၊ တာဝန်ရှိသူများအနေဖြင့် ပြည်သူများ၏ လိုအပ်ချက်နှင့် ဒေသ၏ လိုအပ်ချက်များကို အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် လိုကြောင်း၊ အကောင်အထည်ဖော်နိုင်ရန် လုပ်ပိုင်ခွင့်များ ပေးထားပြီးဖြစ်ကြောင်း၊ ပေးအပ်ထားသည့် လုပ်ပိုင်ခွင့်ကိုကျော်လွန်ပြီး မလုပ်ဆောင်ရန်လိုကြောင်း၊ ဒေသအတွင်း ရပ်တန့်နေသည့် လုပ်ငန်းများ၊ ကိစ္စရပ်များ၊ လုပ်သင့်လုပ်ထိုက်သည်များကို မြန်မြန်ထက်ထက် အကောင်အထည်ဖော် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

### ရှင်းလင်းတင်ပြ

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ် အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း (သို့မဟုတ်) ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများက သက်ဆိုင်ရာ ခရိုင်၊ မြို့နယ်အလိုက် ကောင်စီများ ဖွဲ့စည်းထားရှိမှု၊ ပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှု ဆိုင်ရာကိစ္စရပ်များ၊ တိုက်ပွဲရှောင်စခန်းများရှိ ပြည်သူများ နေရပ်ပြန်လည်ရောက်ရှိရေး၊ မိုင်းရှင်းလင်းရေး လုပ်ငန်းများ ဆောင်ရွက်ရေး၊ ဒေသခံ လက်လုပ် လက်စားများ တရားဝင်ကျောက်စိမ်းတူးဖော်ခွင့် ရရှိရေး၊ ကျောက်မျက်ရတနာပြပွဲများ ကျင်းပခွင့်ပြုရေး၊ နယ်စပ်ကုန်သွယ်ရေးဂိတ်များဖြစ်သည့် ကန်ပိုက်တီးနှင့် လွယ်ဂျယ်ဂိတ်များ ပြန်လည်ဖွင့်လှစ်ခွင့်ပြုရေး၊ ရဲတပ်ဖွဲ့ဝင်များ အင်အားတိုးမြှင့်ပေးရေး၊ မှတ်ပုံတင်ပြုလုပ်ပေးရေး၊ တိုင်းဒေသကြီး၊ ပြည်နယ်ကောင်စီများတွင် ဥပဒေအကြံပေးနှင့် ဥပဒေအရာရှိများ ထည့်သွင်းဖွဲ့စည်းပေးရေး၊ ရပ်ကွက်၊ ကျေးရွာ ကောင်စီဥက္ကဋ္ဌများ အမြန်ဆုံးပြန်လည်ခန့်အပ်ခွင့်ပြုရေး၊ မုံရွာဆေးရုံကြီး အမြန်ပြီးစီးအောင် ဆောင်ရွက်ခွင့်ပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေ၊ နိုင်ငံတော်လုံခြုံရေးအတွက် လိုအပ်သည့် ဥပဒေအချို့ ပြဋ္ဌာန်းပေးရေးနှင့် ဒေသအလိုက် ဆောင်ရွက်ရမည့် ကိစ္စရပ်များကို ရှင်းလင်းတင်ပြကြသည်။

### ပါတီနိုင်ငံရေးကင်းရှင်းရန် လို

တင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တိုက်ပွဲရှောင်စခန်းများရှိ ပြည်သူများ နေရပ် ပြန်နိုင်ရေးနှင့် မိုင်းရှင်းလင်းရေးကိစ္စကို အမြန်ဆုံးဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ပြည်ပရောက် မြန်မာနိုင်ငံသားများ မြန်မာနိုင်ငံသို့ အမြန်ဆုံးပြန်လည်ခေါ်ဆောင်နိုင်ရေးနှင့် မိမိနိုင်ငံ၏ အရိပ်အာဝါသအောက်တွင် နေထိုင်စေလိုကြောင်း၊ နယ်စပ်ကုန်သွယ်ရေးဂိတ်များ ပြန်လည်ဖွင့်လှစ်နိုင်ရေးမှာ အမိန့်နှင့်ညွှန်ကြားချက်များသည် တည်ဆဲဖြစ်ပြီး လိုအပ်ပါက ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များနှင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ ဖွံ့ဖြိုးတိုးတက်မှု ကွာခြားချက်၊ ကျေးလက်မြို့ပြ ကွာဟမှုနှင့် ဆင်းရဲချမ်းသာ ကွာဟမှုများကို လျှော့ချရန် လိုအပ်ကြောင်း၊ လူမှုစီးပွားဘဝ နိမ့်ပါးနေသည့်အတွက် မြင့်မားအောင် ဆောင်ရွက်ပေးရန်လိုကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ပါတီနိုင်ငံရေးကင်းရှင်းရန် လိုအပ်ကြောင်း၊ နိုင်ငံတော်မှပေးသည့် လစာနှင့်ခံစားခွင့်များကို ရယူထားပြီး နိုင်ငံရေးဆောင်ရွက်၍ မရပါကြောင်း၊ မိမိတို့ နိုင်ငံထက် ဒီမိုကရေစီ ပိုမိုရင့်ကျက်သည့် နိုင်ငံများတွင်လည်း ဒီမိုကရေစီ နိုင်ငံရေးယဉ်ကျေးမှုအရ နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်ခြင်းမရှိသည်ကို တွေ့ရှိရကြောင်း၊ မိမိတို့ နှစ်သက်သည့်ပါတီများကို လွတ်လပ်စွာ မဲပေးနိုင်သော်လည်း လုပ်ငန်းတာဝန်ထမ်းဆောင်နေသည့် အချိန်တွင် နိုင်ငံရေးပါဝင်ဆောင်ရွက်၍ မရကြောင်း၊ နိုင်ငံ့ဝန်ထမ်းများ တာဝန်ထမ်းဆောင်မှုအပေါ် နည်းလမ်းအမျိုးမျိုးဖြင့် ခြိမ်းခြောက်လာမှုများကို ဖော်ထုတ်အရေးယူရမည်ဖြစ်ကြောင်း မှာကြားသည်။

### ပညာရေးကို အားပေးရန်လို

ယင်းနောက် ပြည်သူများ ဝင်ငွေရရှိရန်အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရန်လိုကြောင်း၊ အခြေခံလုပ်ငန်းခွင်များတွင် ဝင်ရောက်လုပ်ကိုင်နိုင်ရန်အတွက် အသိပညာ၊ အတတ်ပညာရှိရန်လိုအပ်ကြောင်း၊ အတတ်ပညာရရှိရန်အတွက် အတန်းပညာများ တတ်မြောက်ရန် လိုအပ်သဖြင့် ပညာရေးကို အားပေးရန်လိုကြောင်း၊ တိုင်းရင်းသားဒေသများတွင် ပညာသင်ကြားရာ၌ ဘာသာစကား အခက်အခဲများကို ဖြေရှင်းဆောင်ရွက်ရန် လိုကြောင်း၊ ယခု COVID-19 ရောဂါ စတင်ဖြစ်ပွားချိန်မှ ယနေ့အထိ စာသင်ကျောင်းများ ပိတ်ထားခဲ့ရသဖြင့် ပညာရေးနှောင့်နှေးမှု ဖြစ်ပေါ်ခဲ့ကြောင်း၊ ထို့ကြောင့် အခြေခံပညာကျောင်းများအား ထုတ်ပြန်ထားသည့် COVID-19 စည်းကမ်းချက်များနှင့်အညီ ပြန်လည်ဖွင့်လှစ်နိုင်ရေး ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အတတ်ပညာရှိသည့် လူသားအရင်းအမြစ်များ ပေါ်ထွန်းလာစေရေးအတွက် သက်ဆိုင်ရာ ပညာရပ်နယ်ပယ်အလိုက် ကျောင်းများအား တိုးချဲ့ဖွင့်လှစ်ပေးရန်လိုအပ်ကြောင်း၊ နိုင်ငံသားအားလုံး တိုင်းချစ် ပြည်ချစ်စိတ်ရှိရန်အတွက် ပညာရေးကို အားပေးဆောင်ရွက်ရန်လိုကြောင်း၊ ဒေသဖွံ့ဖြိုးရေးအတွက် အဓိကထုတ်ကုန်ဖြစ်သည့် စိုက်ပျိုးရေးနှင့် မွေးမြူရေး ထုတ်ကုန်များကိုလည်း အရည်အသွေးပြည့်မီစွာဖြင့် ထုတ်လုပ်နိုင်ပြီး ဒေသခံပြည်သူများ ဝင်ငွေတိုးပွားရေး အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ကြိုးပမ်းဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ကုန်စည်စီးဆင်းမှု ပြန်လည်ချောမွေ့လာစေရေးအတွက် စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်သွားရမည်ဖြစ်ပြီး အလုပ်အကိုင်ရရှိရေး အတွက်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ကြိုးစားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ ငွေကြေးတန်ဖိုး ယခုထက်လျော့ကျခြင်း မရှိစေရန်နှင့် တိုးတက်မှုရှိရန်အတွက် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ရန် လိုကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကောင်စီဥက္ကဋ္ဌများအနေဖြင့် ဒေသဖွံ့ဖြိုးရေး အတွက် တက်ညီလက်ညီ စေတနာထားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဗုဒ္ဓဘာသာဆိုင်ရာ ဘုရား၊ စေတီပုထိုးများနှင့် အခြားဘာသာရေးဆိုင်ရာ အဆောက်အဦများကို COVID-19 စည်းကမ်းချက်များနှင့်အညီ အမြန်ဆုံး ပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

### ဥပဒေနှင့်အညီ ဆောင်ရွက်ပေးရန်လို

ထို့နောက် ရွေးကောက်ပွဲအတွက် လိုအပ်သည့် မဲစာရင်းများ မှန်ကန်မှုရှိစေရေး တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် သန်းခေါင်စာရင်း မှန်ကန်စွာရရှိရေးနှင့် မှတ်ပုံတင်များ ရရှိရေး ဥပဒေနှင့်အညီ ဆောင်ရွက်ပေးရန်လိုကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရောက်ရှိနေသည့် နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေးအတွက် နှစ်နိုင်ငံ သဘောတူညီချက်များနှင့် ၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေတို့နှင့်အညီ ရပ်တည်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ပြည်ထောင်စုနေ့ အခမ်းအနား အပါအဝင် သက်ဆိုင်ရာ နေ့ထူးနေ့မြတ်များတွင် ကျင်းပလေ့ရှိသည့် အခမ်းအနားများကို ပုံမှန်အတိုင်း စည်ကားသိုက်မြိုက်စွာ ကျင်းပရန်နှင့် အခမ်းအနားများ ကျင်းပရာတွင် COVID-19 စည်းကမ်းချက်များကိုလည်း လိုက်နာဆောင်ရွက်သွားရန် လိုကြောင်းဖြင့် တိုက်တွန်းမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များအဖြစ် ခန့်အပ်တာဝန်ပေးခြင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ်(၄၃/၂၀၂၁)**

**၁၃၈၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၃ ရက်**

**၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်**

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များအဖြစ်**

**ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အောက်ပါပုဂ္ဂိုလ်များကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

(၁) ဦးစောဘလှိုင် အဖွဲ့ဝင်

(၂) ဦးစိုးဦး အဖွဲ့ဝင်

**အမိန့်အရ**

(ပုံ)အောင်လင်းဒွေး

ဒုတိယဗိုလ်ချုပ်ကြီး

အတွင်းရေးမှူး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဖေဖော်ဝါရီ ၉**

ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် တနင်္သာရီ တိုင်းဒေသကြီးတို့တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတို့တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။ ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။ **မိုး/ဇလ**

# မျက်နှာနှင့် နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရေး လူထုလှုပ်ရှားမှုစီမံချက်

တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ “နေအိမ်တွင်သာ နေထိုင်ရေး အစီအစဉ် (Stay at home)”တွင် အကျုံးဝင်သော မြို့နယ်များနှင့် ရောဂါဖြစ်ပွားမှုများသော မြို့နယ်များတွင် တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များ၏ ဦးဆောင်မှုဖြင့် တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနများသည် လူမှုရေးအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများနှင့် ပူးပေါင်း၍ **“COVID-19 ရောဂါ ကာကွယ်ခြင်းဆိုင်ရာ ကျန်းမာရေးအသိပညာမြှင့်တင်ရေးနှင့် ပြုမူပြောင်းလဲရေး ဆက်သွယ်ပညာပေး မျက်နှာနှင့် နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရေး လူထုလှုပ်ရှားမှုစီမံချက် (Mask and Face Shield Campaign)”** ကို ဆောင်ရွက်လျက်ရှိပါသည်။

အဆိုပါ လူထုလှုပ်ရှားမှုစီမံချက်တွင်

- ပါးစပ်နှင့် နှာခေါင်းစည်း (Mask)၊ မျက်နှာအကာ (Face shield) မဖြစ်မနေတပ်ဆင်ရေးအတွက် အသိပေးစည်းရုံးလှုံ့ဆော်ခြင်း၊ ပေးဝေခြင်းနှင့် တပ်ဆင်စေခြင်း၊
- လက်ကိုင်အသံချဲ့စက်များဖြင့် လှည့်လည်အသိပေးပြောကြားခြင်းနှင့်
- ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များပေးဝေခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

ရောဂါကူးစက်ပြန့်ပွားမှုကွင်းဆက်ကို ဖြတ်တောက်ပြီး ထိရောက်စွာ ကာကွယ်ထိန်းချုပ်နိုင်မှသာ စီးပွားရေး၊ ပညာရေးနှင့် လူမှုရေးလုပ်ငန်းများကို ပုံမှန်အနေအထားအတိုင်း အမြန်ဆုံး ပြန်လည်လုပ်ကိုင်လာနိုင်မည်ဖြစ်သည့်အတွက် ပြည်သူလူထုအနေဖြင့် ပူးပေါင်းပါဝင်လိုက်နာဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော် ပန်ကြားအပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

# နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနတို့၏ ပြည်ထောင်စုဝန်ကြီးများ ဦးဆောင်၍ ညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၉

**နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်တို့သည် ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်၌ နိုင်ငံခြားရေးဝန်ကြီးဌာနရှိ အရာရှိကြီးများနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။**





တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က ဖေဖော်ဝါရီ ၂ ရက် တာဝန်ယူဆောင်ရွက်သည့်နေ့က စပြီး နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနတို့ အနေဖြင့် လုပ်ငန်းတာဝန်များကို အရှိန်အဟုန်မပျက် ဆောင်ရွက်ခဲ့ကြောင်း၊ ရှေ့ဆက်၍လည်း လုပ်ငန်းများကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက နိုင်ငံတော်အနေဖြင့် ရှေ့ဆက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့် ရပ်တည်ချက်သဘောထားကို ဖေဖော်ဝါရီ ၈ ရက်တွင် ရှင်းလင်းပြောကြားခဲ့ပြီး ဖြစ်ကြောင်း၊ မူဝါဒများကိုလည်း ထုတ်ပြန်ကြေညာထားပြီးဖြစ်ကြောင်း၊ သို့ဖြစ်ရာ နိုင်ငံခြားရေးမူဝါဒ အပါအဝင် နိုင်ငံတော်၏ မူဝါဒအပြောင်းအလဲမရှိဘဲ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဆက်လက်ဖော်ဆောင်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံတကာဆက်ဆံရေးတွင် နိုင်ငံအားလုံးနှင့် မိတ်ဝတ်မပျက် ချစ်ကြည်စွာ ဆက်ဆံသွားမည်ဖြစ်ကြောင်း၊ ပြည်ပရောက် မြန်မာနိုင်ငံသားများ၏ အကျိုးကို ကာကွယ်စောင့်ရှောက်ရေးသည် အရေးကြီးကြောင်း၊ ယင်းကိစ္စကို ဦးစားပေးဆောင်ရွက်သွားရန်လိုကြောင်း၊ မိမိတို့သည် နိုင်ငံ့ဝန်ထမ်းများ ဖြစ်သည့်အတွက် ပေးအပ်ထားသည့် ဝန်ထမ်းတာဝန် ကျေပွန်အောင် ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် မိမိနိုင်ငံကို ကမ္ဘာ့အလယ်တွင် ဂုဏ်သိက္ခာရှိရှိ ရပ်တည်နိုင်အောင် ဆောင်ရွက်သွားရမည်သာ ဖြစ်ကြောင်း၊ ဝန်ထမ်းဆိုသည်မှာ နိုင်ငံ့တာဝန်ကို ထမ်းဆောင်နေသူများ ဖြစ်သည့်အတွက် ပါတီအရောင်အသွေး ကင်းရှင်းစွာ တာဝန်များ ဆောင်ရွက်ရန် လိုအပ်ကြောင်း။

ထို့အတူ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းနှင့်အညီ လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်၏ ရပ်တည်ချက်နှင့်အညီ လုပ်ငန်းစဉ်များကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားမည်ဖြစ်ရာ ဝန်ထမ်းများအနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် တက်ညီလက်ညီ အားလုံးပူးပေါင်းပြီး ချိတ်ဆက် ဆောင်ရွက်သွားရန် ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်က နိုင်ငံခြားရေးဝန်ထမ်းများသည် နိုင်ငံ၏ ရှေ့တန်းခံစစ်တွင် ရပ်တည်ဆောင်ရွက်နေသူများ ဖြစ်ကြောင်း၊ နိုင်ငံ၏ ကောင်းမွန်သော အနာဂတ်ရရှိရေးအတွက် လုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ဒီမိုကရေစီ၊ တည်ငြိမ်အေးချမ်းရေးနှင့် စည်းလုံးညီညွတ်မှုအတွက် ဆောင်ရွက်ရာတွင် ယနေ့ကမ္ဘာ၌ ဖြစ်ပေါ်နေသည့် အခြေအနေများကို မျက်ခြည်မပြတ်ရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် အမြဲတမ်းအတွင်းဝန်၊ တက်ရောက်လာသည့် ဦးစီးဌာနအကြီးအကဲများက လုပ်ငန်းစဉ်များ ဆောင်ရွက်ထားရှိမှု အခြေအနေ၊ ရှေ့ဆက် ဆောင်ရွက်ရန်ရှိသည့် လုပ်ငန်းစဉ်များကို တင်ပြဆွေးနွေးခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးများက လိုအပ်သည်များကို မှာကြားသည်။

**သတင်းစဉ်**

# ချင်းရွှေဟော်မြို့မှ နေရပ်ပြန်သူများအား သက်ဆိုင်ရာဒေသများသို့ လွှဲပြောင်း

**ချင်းရွှေဟော် ဖေဖော်ဝါရီ ၉**

ချင်းရွှေဟော်မြို့ရှိ မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ဂိတ်ပေါက်မှ ဝင်ရောက်လာသော တရုတ်နိုင်ငံမှပြန်လာသည့် မြန်မာနိုင်ငံသား နေရပ်ပြန်ပြည်သူ ၃၅ ဦးအား ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးသက်ဦးပိုင်နှင့် ကော်မတီအဖွဲ့ဝင်များက ၎င်းတို့၏ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များသို့ ပြန်လည်ရောက်ရှိနိုင်ရေးအတွက် ဖေဖော်ဝါရီ ၇ ရက်က ၁၄ ဦးနှင့် ယမန်နေ့နံနက် ၁၁ နာရီက ၂၁ ဦး စုစုပေါင်း နေရပ်ပြန်ပြည်သူ ၃၅ ဦးအား လားရှိုးမြို့သို့ ဆက်လက်လွှဲပြောင်းပို့ဆောင်ပေးသည်။

အဆိုပါ မြန်မာနိုင်ငံသား နေရပ်ပြန်ပြည်သူ ၃၅ ဦးမှာ အမျိုးသား ၂၂ ဦး၊ အမျိုးသမီး ၁၃ ဦးတို့ဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်မှ တစ်ဦး၊ သဃ်န်းကျွန်းမြို့နယ်မှ သုံးဦး၊ တာမွေမြို့နယ်မှ နှစ်ဦး၊ မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်မှ တစ်ဦး၊ မြစ်ငယ်မြို့နယ်မှ တစ်ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ်မှ သုံးဦး၊ မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်မှ တစ်ဦး၊ တောင်တွင်းကြီးမြို့နယ်မှ တစ်ဦး၊ ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ်မှ တစ်ဦး၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်မှ နှစ်ဦး၊ ကျုံပျော်မြို့နယ်မှ သုံးဦး၊ နေပြည်တော် ဥတ္တရသီရိမြို့နယ်မှ ငါးဦး၊ ရှမ်းပြည်နယ် နမ္မတူမြို့နယ်မှ တစ်ဦး၊ လားရှိုးမြို့နယ်မှ သုံးဦး၊ နောင်ချိုမြို့နယ်မှ တစ်ဦး၊ မိုင်းနောင်မြို့နယ်မှ တစ်ဦး၊ ကျောက်မဲမြို့နယ်မှ တစ်ဦး၊ တန့်ယန်းမြို့နယ်မှ တစ်ဦး၊ သီပေါမြို့နယ်မှ နှစ်ဦးနှင့် ကွတ်ခိုင်မြို့နယ်မှ တစ်ဦးတို့ဖြစ်သည်။

၎င်းနေရပ်ပြန်ပြည်သူများအား ချင်းရွှေဟော်မြို့ အမှတ်(၂)ရပ်ကွက်ရှိ မြို့တော်ခန်းမ အသွားအလာကန့်သတ်စောင့်ကြည့်ရေးစခန်းတွင်ထားရှိပြီး ချင်းရွှေဟော်မြို့ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနက ပထမအကြိမ် Rapid Test Kit စနစ်ဖြင့် စစ်ဆေးခြင်းနှင့် ဒုတိယအကြိမ်အဖြစ် ၎င်းတို့၏ခေတ်ခွဲနမူနာ နှာခေါင်းတို့ဖတ်များအား ထပ်မံရယူ၍ မူဆယ်မြို့ ပြည်သူ့ကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာနသို့ ပေးပို့စစ်ဆေးခဲ့ရာ နှစ်ကြိမ်ဆက်တိုက် ကိုဗစ်-၁၉ရောဂါပိုးမတွေ့ရှိရကြောင်းသိရ၍ ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းကော်မတီမှ သက်ဆိုင်ရာဒေသများသို့ ရောက်ရှိနိုင်ရေးအတွက် စနစ်တကျ စီစဉ်လွှဲပြောင်းပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**ဇင်ဇင်(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ဌာနအကြီးအကဲများနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတက်ရောက်ပြီး ဝန်ထမ်းများနှင့် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၉**

ဟိုတယ်နှင့် ခရီးသွားလာရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် ဝန်ကြီးဌာန နီလာအစည်းအဝေးခန်းမ၌ Social Distancing စနစ်ဖြင့် ကျင်းပသည်။

အစည်းအဝေးသို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် ဌာနတာဝန်ခံများ တက်ရောက်ကြသည်။ (ယာပုံ)



အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များကို အောင်အောင်မြင်မြင်နှင့် ရည်မှန်းချက်ထား၍ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ဝန်ထမ်းများအနေဖြင့်လည်း ဟန်ချက်ညီညီ လိုက်ပါဆောင်ရွက်ရန် လိုအပ်ပြီး နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများကိုလည်း အလေးထားလိုက်နာ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ခရီးသွားလုပ်ငန်းကိုအခြေခံ၍ နိုင်ငံ၏စီးပွားရေးကို ပိုမိုတိုးတက်ကောင်းမွန်လာစေရန်နှင့် နိုင်ငံတကာတွင်လည်း နိုင်ငံ၏ပုံရိပ်ကောင်းမွန်အောင် ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ လုပ်သင့်လုပ်ထိုက်သည်ကို ရဲရဲတင်းတင်း လုပ်ကိုင်ဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးသည် ဝန်ကြီးဌာနရှိ အရာထမ်း၊ အမှုထမ်းများနှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ကာကွယ်ရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ Social Distancing စနစ်ဖြင့်လည်းကောင်း၊ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့်လည်းကောင်း တွေ့ဆုံ၍ ဝန်ထမ်းများအနေဖြင့် ဝန်ကြီးဌာန၏ လက်ရှိလုပ်ဆောင်နေသော လုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်ပြီး ရှေ့ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းများတွင်လည်း တာဝန်ကျေပွန်စွာ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးစေလိုပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် လုပ်ငန်းတာဝန်များကို လစ်ဟင်းမှုမရှိစေရန် အထူးသတိပြုစေလိုပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ဤဝန်ကြီးဌာနကို ဂရုတစိုက် အထူးအလေးထားပါကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်အစိုးရနှင့် ဝန်ကြီးဌာန၏ မူဝါဒများနှင့်အညီ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများလိုက်နာ၍ လုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ ဝန်ကြီးဌာနက လက်ရှိချမှတ်ထားသော မူဝါဒများနှင့် လုပ်ငန်းများကို ယခုကာလ မူဝါဒများနှင့်အညီ ကိုက်ညီပါက ပိုမိုကောင်းမွန်အောင် ဆက်လက်အကောင်အထည်ဖော်သွားမည်ဖြစ်ပါကြောင်း၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ထမ်းများအားလုံး အားသွန်ခွန်စိုက် ညီညီညွတ်ညွတ်ဖြင့် ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားကြောင်း သိရသည်။

သတင်းစဉ်

# တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဒေသခံပြည်သူ လူနာများအား တပ်မတော်ဆေးရုံများ၌ လက်ခံကုသ

**နေပြည်တော် ဖေဖော်ဝါရီ ၉**

တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးဆိုင်ရာ ကုသပေးရန် အခက်အခဲများ ဖြစ်ပေါ်မှုများကို တစ်ထောင့်တစ်နေရာမှ အထောက်အကူပြုစေရန်အတွက် မြို့နယ်အသီးသီးရှိ တပ်မတော်ဆေးရုံများ၌ ယာယီကုသရေး ဆေးရုံများဖွင့်လှစ်၍ တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများဖြင့် စုဖွဲ့ထားရှိကာ ကျန်းမာရေး စောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

## စီမံဆောင်ရွက်ပေးလျက်ရှိ

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးရှိ တပ်မတော်ဆေးရုံများသို့ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာ ၂၁၅၅ ဦး၊ အတွင်းလူနာ ၁၀၂၈ ဦးကို လွှဲပြောင်းခဲ့ပြီး တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် ပြည်သူများကို ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ခွဲစိတ်ရန် လိုအပ်သည့် လူနာများအား ခွဲစိတ်ပေးခြင်း၊ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် လူနာများကို ဆေးရုံတင်ကာ ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်းနှင့် ဆေးရုံတက် လူနာများနှင့် လူနာစောင့်များ နေထိုင်စားသောက်ရေး အဆင်ပြေစေရန်အတွက် စီမံဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ လာရောက်ကုသမှုခံယူလျက်ရှိသည့် လူနာများအနက် အကြီးစား ခွဲစိတ်ကုသရန် လိုအပ်သူ ၈၂ ဦး၊ အသေးစား ခွဲစိတ်ကုသရန် လိုအပ်သူ ၄၂ ဦး၊ စုစုပေါင်း ၁၂၄ ဦးတို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့ပြီး စိုးရိမ်ဖွယ်ရာရှိသည့် လူနာများကိုလည်း ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ် ကုသပေးလျက်ရှိသည်။ ၎င်းအပြင် ကလေးမီးဖွားရန် အခက်အခဲဖြစ်နေသည့် မွေးလူနာများကို တပ်မတော် ဆေးရုံအသီးသီးတွင် တက်ရောက်စေလျက်ရှိပြီး ၎င်းတို့အနက် ၂၁ ဦးကိုခွဲစိတ်မွေးဖွားပေးနိုင်ခဲ့ကာ ၅၁ ဦးကို သာမန်မွေးဖွားပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိ အနာဂတ်မျိုးဆက်သစ် ကလေးငယ် ၇၂ ဦးကို မွေးဖွားနိုင်ခဲ့သည်။

## လွှဲပြောင်းကုသမှုခံယူနိုင်

တိုင်းရင်းသား ပြည်သူများအနေဖြင့် ကျန်းမာရေးဆိုင်ရာ အခက်အခဲများ ဖြစ်ပေါ်လာပါက နီးစပ်ရာ တပ်မတော်ဆေးရုံများသို့ အချိန်မရွေး ဆက်သွယ် ဆေးကုသမှုခံယူနိုင်ကြောင်းနှင့် သက်ဆိုင်ရာဆေးရုံများမှလည်း လွှဲပြောင်းကုသမှုခံယူနိုင်ကြောင်း သိရှိရသည်။

## သွားရောက်ကြည့်ရှုအားပေး

ယနေ့တွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ရှိ တပ်မတော်ဆေးရုံသို့ ဆေးရုံလာရောက်ပြသသူများနှင့် ဆေးရုံတက် လူနာများအား ကာကွယ်ရေး ဦးစီးချုပ်ရုံး (ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး အောင်စိုး၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် စောသန်းလှိုင်နှင့် အဖွဲ့ဝင်များကလည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ တပ်မတော်ဆေးရုံသို့ လာရောက်ပြသသူများနှင့် ဆေးရုံတက်လူနာများအား အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်အောင်နှင့် အဖွဲ့ဝင်များကလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ တပ်မတော်ဆေးရုံသို့ လာရောက်ပြသသူများနှင့် ဆေးရုံတက်လူနာများအား အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဖြိုးသန့်နှင့် အဖွဲ့ဝင်များကလည်းကောင်း၊ သက်ဆိုင်ရာ မြို့နယ်များရှိ နယ်မြေခံ တပ်မတော်ဆေးရုံများသို့ ဆေးရုံလာရောက်ပြသသူများနှင့် ဆေးရုံတက်လူနာများအား သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက လည်းကောင်း သွားရောက်ကြည့်ရှုအားပေးပြီး စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး သတင်းထုတ်ပြန်ချက်အရ သိရသည်။



အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ဖြိုးသန့်က ဆေးကုသမှုခံယူနေသည့် ပြည်သူတစ်ဦး၏ ကျန်းမာရေးတိုးတက်မှုအခြေအနေများကို မေးမြန်းအားပေးစကားပြောကြားစဉ်။

သတင်းစဉ်

# နွေရာသီတွင် သောက်သုံးရေ ပြတ်လပ်မှု ဖြစ်ပေါ်ပါက မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ ဆက်သွယ်၍ အကူအညီတောင်းခံနိုင်

**ပုလဲ ဖေဖော်ဝါရီ ၉**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာများအနေဖြင့် နွေရာသီကာလတွင် သောက်သုံးရေ ရှားပါးပြတ်လပ်မှု ဖြစ်ပေါ်လာပါက မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ ဆက်သွယ်၍ အကူအညီတောင်းခံနိုင်ကြောင်း သိရသည်။

## ဆောင်ရွက်ပေးလျက်ရှိ

ပုလဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မင်ဦးက“ ယခုနှစ်နွေရာသီမှာ သောက်သုံးရေ ရှားပါးမှုဖြစ်ပေါ်လာတဲ့ ရပ်ကွက်နဲ့ ကျေးရွာတွေက ဆက်သွယ်၍ အကူအညီတောင်းခံလာခဲ့ရင် အချိန်နဲ့တစ်ပြေးညီ သောက်သုံးရေများ ပို့ဆောင်နိုင်ဖို့အတွက် ရေဘူးကြီးတွေကို ကြိုတင်၍ စီမံဆောင်ရွက်ထားရှိပြီးဖြစ်သလို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင် အလှူရှင်များရဲ့ ပေါင်းစပ်ကူညီမှုများနဲ့လည်း ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေများဖြင့်လည်း လက်တောင်းကြီးကျေးရွာ၊ သင်တီးကန် (အရှေ့) ကျေးရွာ၊ အောက်ကျင်းကျေးရွာနဲ့ လဲကန်ကျေးရွာတွေမှာ စက်ရေတွင်း တူးဖော်ခြင်းနဲ့ ရေစင်တည်ဆောက်ခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးလျက်ရှိပါတယ်” ဟု ပြောသည်။

## အကူအညီတောင်းခံနိုင်

ပုလဲမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများသည် နွေရာသီတွင် သောက်သုံးရေ ရှားပါးပြတ်လပ်မှု မဖြစ်ပေါ်စေရေးအတွက် ကျေးရွာများသို့ ကွင်းဆင်း၍ ရေအရင်းအမြစ်များ ပြင်ဆင်ထိန်းသိမ်းခြင်းနှင့် သတိပြုရမည့် အချက်အလက်များ၊ စက်ရေတွင်းများ ရေရှည်တည်တံ့အောင် ထိန်းသိမ်းခြင်း နည်းစနစ်များနှင့် စိမ့်စမ်းရေများ ရေရှည်တည်တံ့အောင် ထိန်းသိမ်းခြင်းနည်းစနစ်များ ပညာပေးဆွေးနွေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး ၂၀၂၁ ခုနှစ် နွေရာသီတွင် သောက်သုံးရေ ရှားပါးပြတ်လပ်မှုမဖြစ်ပေါ်စေရန် ကြိုတင်ကာကွယ်နိုင်ရေး လိုက်နာရမည့် အချက်အလက်များနှင့် ဖြစ်ပေါ်လာပါက ဆောင်ရွက်ရမည့် နည်းလမ်းများပါရှိသည့် ပညာပေးလက်ကမ်းစာစောင်များကို ရပ်ကွက်/ကျေးရွာများသို့ ဖြန့်ဝေပေးလျက်ရှိကြောင်းနှင့် သောက်သုံးရေ ရှားပါး ပြတ်လပ်မှုများ ဖြစ်ပေါ်လာပါက ပုလဲမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဖုန်း ၀၇၁-၃၅၀၉၆ နှင့် ၀၉-၄၄၄၆၈၁၅၆၉ တို့သို့ ဆက်သွယ်၍ အကူအညီတောင်းခံနိုင်ကြောင်း သိရသည်။

မင်းခန့်စိုး (ဇေယျာမြေ)

# နိုင်ငံတော်ကိုသာ သစ္စာနှံထားသည့်နိုင်ငံ့ဝန်ထမ်း

မောင်မြသာ

**လူသားတို့၏ ခန္ဓာကိုယ်တည်ဆောက်ပုံသည် အလွန်ပင်ဆန်းကြယ်သည်။ မြတ်ဗုဒ္ဓ၏ မိန့်တော်မူချက်အရ လူတစ်ယောက်ချင်းစီကို ကံ၊ စိတ်၊ ဥတု၊ အာဟာရတို့ဖြင့် မောင်းနှင်နေကြခြင်းဟု ဆိုရမည်။ သိပ္ပံနည်းကျအရမူလည်း အသက်ရှင်ရပ်တည်နေသည့် လူသားတစ်ဦးထံတွင် ဇီဝယန္တရား၏ အလုပ်လုပ်ပုံကို ကမ္ဘာ့သုတေသီများက လေ့လာခဲ့ကြရာ အံ့သြဖွယ်ရာကောင်းလောက်အောင်ပင် တိတိကျကျအလုပ်လုပ်နေကြတာကို တွေ့ခဲ့ကြရသည်။ ယင်းကို circadian rhythm ဟုခေါ်ကြသည်။ မြန်မာမှုပြုရလျှင်တော့ ဇီဝနာရီ နရီစည်းချက်ဟု ဆိုရမည်ပင်။ ဇီဝနာရီသည် လူတစ်ယောက်၏ စိတ်ပိုင်းနှင့်ရုပ်ပိုင်းဆိုင်ရာစနစ်များကို ညှိနှိုင်းကာ တိတိကျကျအလုပ်လုပ်သည်။ အစာခြေစနစ်သည် အစာစားချိန်နှင့်ကိုက်ညှိပြီး ပရိတိန်းများထုတ်လုပ်ဖို့ပြင်ဆင်ပေးသည်။ ဇီဝနာရီတိတိကျကျ အလုပ်မလုပ်နိုင်ပါက ထိုလူသား ပျက်စီးကိန်းကြုံရတော့မည်ပင်ဖြစ်ပါသည်။**

ကျန်းမာသောလူသားတစ်ဦးတွင် ပြင်ပ ခြေ၊ လက်၊ ဦးခေါင်း၊ ခန္ဓာကိုယ်တို့သည် လှုပ်ရှားနေကြသည်။ ခံစားမှုများဖြစ်သည့် ချစ်ခြင်း၊ မုန်းခြင်း၊ နှစ်သက်ခြင်း၊ ဝမ်းသာခြင်း၊ နှမျောခြင်း အစရှိသည်တို့က ဦးနှောက်အကူအညီဖြင့် ဖြစ်ပေါ်တတ်ပြီး ၎င်း၏ စေ့ဆော်မှုအရ ငိုခြင်း၊ ရယ်ခြင်း၊ ပြုံးခြင်း၊ မဲ့ခြင်းတို့လည်း ဆောင်ရွက်တတ်သည်။ ထို့အတူ ခန္ဓာကိုယ်အတွင်း ကလီစာများဖြစ်သည့် အဆုတ်၊ နှလုံး၊ ကျောက်ကပ်၊ အစာအိမ်တို့သည်လည်း လူသားအတွက် လိုအပ်ချက်အရ ပုံမှန်အလုပ်များလုပ်ကိုင်ပေးလျက်ရှိသည်။ နှလုံးကြွက်သားများက ကျုံ့ခြင်း၊ ပွခြင်းဖြင့် သွေးကြောများပုံမှန်စီးဆင်းနေပြီး သန့်ရှင်းသောအောက်ဆီဂျင်ကို ရှူသွင်းခြင်းဖြင့် အဆုတ်သည် သူ့တာဝန်ကိုကျေပွန်စွာ ထမ်းဆောင်ရသည်။

### အချိန်အလိုက် သူ့တာဝန်များကို ထမ်းဆောင်

ဇီဝနာရီအရ လူသားတို့၏ ကိုယ်တွင်းကလီစာများသည် အချိန်အလိုက် သူ့တာဝန်များကို ထမ်းဆောင်လျက်ရှိသည်။ နံနက် ၅ နာရီမှ ၇ နာရီအတွင်း အူမကြီးသည် သူ၏တာဝန်ကို ကျေပွန်စွာထမ်းဆောင်သည်။ သူ့တာဝန်အရ ဇီဝလုပ်ငန်းစဉ်များကို လုပ်ဆောင်သဖြင့် လူသားသည် ဝမ်းမှန်မှန်သွားသည်။ နံနက် ၇ နာရီမှ ၉ နာရီတွင် အစာအိမ်သည် လည်းကောင်း၊ နံနက် ၁၁ နာရီမှ ၁ နာရီအတွင်း နှလုံးသည်လည်းကောင်း၊ မွန်းလွဲ ၁ နာရီမှ ၃ နာရီအတွင်း၌ အူသိမ်များသည် လည်းကောင်း၊ ညနေ ၃နာရီမှ ၅ နာရီအတွင်း ဆီးအိမ်သည် လည်းကောင်း၊ ညနေ ၅ နာရီမှ ည ၇ နာရီအချိန်တွင် ကျောက်ကပ်သည်လည်းကောင်း သူတို့၏ လုပ်ငန်းတာဝန်များကို အသီးသီးထမ်းဆောင်ကြသည်။

ည ၇ နာရီမှ ၉ နာရီတွင် နှလုံး၏အမြှေးပါးသည် သူ့တာဝန်ချိန်ဖြစ်ပြီး ထိုအချိန်တွင် သူ့လုပ်ဆောင်ချက်ကို အထောက်အကူဖြစ်စေရန်အတွက် စိတ်ခံစားမှုပြင်းထန်ခြင်းများကို လျှော့ချကာ ပေါ့ပါးစွာနေထိုင်သင့်သည်ဟု ပညာရှင်များက အကြံပြုကြသည်။ လူခန္ဓာကိုယ်အိပ်စက်ချိန်ရောက်သော်လည်း ဇီဝနာရီသည် နားနေအိပ်စက်ခြင်းမရှိ ဆက်လက် အလုပ်လုပ်ကြပြန်သည်။ ည ၉ နာရီမှ ၁၁ နာရီအချိန်သည် ဦးခေါင်းမှ အစိတ်အပိုင်းများ အားဖြည့်ချိန်ဖြစ်သဖြင့် သက်သောင့်သက်သာရှိစွာနေထိုင်သင့်သကဲ့သို့ ည ၁၁ နာရီမှ ၃ နာရီအချိန်သည် အသည်း၏အလုပ်လုပ်ချိန်ဖြစ်သည်။

ထိုအချိန်တွင် အသည်းသည် သူ့လုပ်ငန်းဆောင်တာများကို လုပ်ဆောင်သည်။ ထို့ပြင် ည ၁၁ နာရီမှ ၁ နာရီအတွင်း သည်းခြေသည် တာဝန်ထမ်းဆောင်လေ့ရှိပြီး နံနက် ၃ နာရီမှ ၅ နာရီအထိသည် အဆုတ်၏ အလုပ်လုပ်ချိန်ဖြစ်သည်။ အဆုတ်သည် နောက်တစ်နေ့ နံနက် လူသားလန်းဆန်းတက်ကြွစွာ နိုးထဖြတ်သန်းနိုင်ရန်နှင့် ကုန်သွားသည့်နေ့က ရှူသွင်း၊ ရှူထုတ်ထားသမျှသော အသက်ရှူလမ်းကြောင်းဆိုင်ရာ အညစ်အကြေးများကို ရှင်းလင်းသည်။

### အစားထိုးကြည့်မည်ဆိုလျှင်

လူ့ခန္ဓာကိုယ်၏ နေရာတွင် နိုင်ငံတစ်နိုင်ငံဟု အစားထိုးကြည့်မည်ဆိုလျှင် နိုင်ငံ၏အရေးကြီးသည့် အင်္ဂါအစိတ်အပိုင်းများဖြစ်သည့် ဦးနှောက်၊ ခြေ၊ လက်၊ ခန္ဓာတို့သည် ပြည်သူများပင်ဖြစ်သည်။ ထို့အတူ ခန္ဓာကိုယ်၏ မရှိမဖြစ်ကိုယ်တွင်းအင်္ဂါ အစိတ်အပိုင်းများသည် ပြည်သူ့ဝန်ကိုထမ်းသည့် ပြည်သူ့ဝန်ထမ်းများပင်ဖြစ်ပါသည်။ အဘယ့်ကြောင့်နည်း။ လူသားတို့ နေ့စဉ်ဘဝများ မြင့်သထက်မြင့်၊ အစွမ်းရှိသထက်ရှိအောင် ကြိုးစားကြရာတွင် မကျန်းမာ၍မဖြစ်၊ ဇီဝဖြစ်စဉ်ယိုယွင်း၍ မဖြစ်သကဲ့သို့ နိုင်ငံ၏လှုပ်ရှားမှု နရီစည်းချက်မှန်အောင် လုပ်ဆောင်ပေးကြသူများသည် ပြည်သူ့ဝန်ထမ်းများဖြစ်ခြင်းကြောင့် ဖြစ်ပါသည်။

မည်မျှပင်အစွမ်းရှိသည့် လူသားဖြစ်စေဦးတော့၊ ဇီဝယန္တရားပျက်စီးယိုယွင်းပါက ထိုလူသားမစွမ်းနိုင်တော့သကဲ့သို့ တိုင်းပြည်၏ ဝန်ထမ်းယန္တရားပျက်စီးယိုယွင်းပါကလည်း ထိုတိုင်းပြည်သည် ဆက်လက်တည်ရှိရန် မစွမ်းနိုင်သည့်အခြေအနေသို့ ရောက်ရှိနိုင်ခြင်းကြောင့် ဖြစ်ပါသည်။ တိုင်းပြည်ပရမ်းပတာ ပြိုလဲပျက်စီးပြီဆိုပါက တရားဥပဒေစိုးမိုးမှုပျက်စီးခြင်းနှင့်အတူ ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်နှင့် နေ့စဉ်ဘဝများမှာလည်း မတွေးဝံ့ဖွယ်ရာအခြေအနေသို့ ရောက်ရှိသွားမည်ဖြစ်သည်။

ယခုကာလသည် အရေးပေါ်ကာလသတ်မှတ်ထားချိန်ဖြစ်ပါသည်။ ထိုအချိန်တွင် တိုင်းပြည်အကျိုးမလိုလားသူများ၊ တိုင်းပြည်ပျက်စီးရာ ပျက်စီးကြောင်း တွေးတောကြံစည်သူများက တိုင်းပြည်၏ ဝန်ထမ်းယန္တရားကြီး ရပ်ဆိုင်းသွားရန် ရည်ရွယ်၍ ဝန်ထမ်းများ အလုပ်မဆင်းကြရန်အတွက် အမျိုးမျိုးသွေးထိုးလှုံ့ဆော်ခြင်း၊ ခြိမ်းခြောက်ခြင်းတို့ ပြုလုပ်နေကြသည်ကို တွေ့မြင်နေရသည်။

သွေးထိုးလှုံ့ဆော်မှုများက လူမှုကွန်ရက်စာမျက်နှာများထက်တွင် မင်းမူနေကြပြီး နိုင်ငံ့ဝန်ထမ်းများ၏ စားဝတ်နေရေး၊ မိသားစုဘဝရပ်တည်ရေးကို ထည့်သွင်းစဉ်းစားခြင်းမရှိဘဲ များပြားလှသည့် မဟုတ်မမှန်သတင်းများဖြင့် ဝန်ထမ်းများကို ဆွဲဆောင်သိမ်းသွင်းနေသည်ကိုလည်း မြင်တွေ့ရသည်။ ထို့ပြင် ငြိမ်းချမ်းစွာတာဝန်ထမ်းဆောင်သူများကို စည်းရုံးခြင်း၊ နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် တာဝန်ကျေပွန်သည့် ဝန်ထမ်းများအား ဆဲရေးတိုင်းထွာခြင်း၊ ကဲ့ရဲ့ပြစ်တင်ခြင်းများဖြင့်လည်း သွေးထိုးလှုံ့ဆော်ပေးလျက်ရှိကြသည်။

### ကျရာတာဝန်များကို ထမ်းဆောင်နေသူများ

စင်စစ်အားဖြင့် နိုင်ငံ့ဝန်ထမ်းဟူသည် မည်သည့်နိုင်ငံရေးပါတီနှင့်မျှ သစ္စာနံ့ထားခြင်းမဟုတ်ဘဲ နိုင်ငံကိုအုပ်ချုပ်သည့် အစိုးရတို့၏မူဝါဒအတိုင်း နိုင်ငံနှင့်ပြည်သူတို့၏ အကျိုးစီးပွားအတွက် မိမိတို့ကျရာတာဝန်များကို ထမ်းဆောင်နေကြသူများဖြစ်သည်။ နိုင်ငံတော်နှင့် နိုင်ငံ့ဝန်ထမ်းဟူသည် ခွဲခြားမရဘဲ အေးအတူပူအမျှ ဖြစ်ပါသည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ဦးတည်ဆောင်ရွက်နေသော ဝန်ထမ်းများ၏ စိတ်ဓာတ်အင်အားမြင့်မားခြင်းသည် နိုင်ငံအလျင်အမြန်တိုးတက်ခြင်းသို့ရှေးရှုပြီး နိုင်ငံ့ဝန်ထမ်းများ စိတ်ဓာတ်အင်အားနှင့် စွမ်းဆောင်ရည်တို့ ကျဆင်းလာမည်ဆိုပါက နိုင်ငံတိုးတက်ရေးနှောင့်နှေးစေမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် နိုင်ငံ့ဝန်ထမ်းဦးရေမှာ တစ်သန်းကျော်ရှိရာ နိုင်ငံ့လူဦးရေ၏ ၁ ဒသမ ၄ ရာခိုင်နှုန်း ခန့်သာရှိပါသည်။ နိုင်ငံ့ဝန်ထမ်းများသည် နေရာဒေသအသီးသီးရှိ လုပ်ငန်းဌာနအသီးသီးတွင် မိမိတို့၏ ကာယအား၊ ဉာဏအားတို့ဖြင့် နိုင်ငံတော်အတွက် တာဝန်ထမ်းဆောင်နေကြခြင်းဖြစ်ပါသည်။ ကျွဲကူးရာ ရေပါဆိုသကဲ့သို့ ဝန်ထမ်းတိုင်းတွင် ၎င်းတို့ကို မှီခိုနေကြရသည့် မိသားစုဝင်များစွာ ရှိနေကြသည်။ နိုင်ငံတော်မှဝန်ထမ်းများအတွက် ပေးအပ်ထားသည့်လစာ၊ ခံစားခွင့်များသည် ဝန်ထမ်းများ၏ မိသားစုများအတွက် ဘဝအာမခံချက်များပင်ဖြစ်ပါသည်။

ဝန်ထမ်းတိုင်းသည် မိမိအတွက်၊ မိမိဌာနအတွက်၊ နိုင်ငံနှင့် ပြည်သူအတွက် အကျိုးစီးပွားပျက်စီးစေသည့် အပြုအမူများ၊ လုပ်ရပ်များကို သူတစ်ပါးသွေးထိုးလှုံ့ဆော်မှုကြောင့်ဖြစ်စေ၊ အပေါင်းအသင်းနှင့်အုပ်စုကြောင့် ဖြစ်ပေါ်လာသည့် စိတ်ခံစားမှု တစ်စုံတစ်ရာကြောင့်ဖြစ်စေ ပြုမူမိနေပြီဆိုပါက မိမိကိုယ်ကိုယ် ဝေဖန်ပိုင်းခြားဆန်းစစ်ကြရန် လိုအပ်နေပြီဖြစ်ပါသည်။

တိုင်းပြည်အတွက် အရေးကြီးလှသည့်ကာလတွင် နိုင်ငံ့ဝန်ထမ်းများအား အလုပ်တာဝန်များပျက်ကွက်ရန်၊ အလုပ်မဆင်းကြရန် တိုက်တွန်းနေကြသူအများစုသည် ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ၏ ဘဝရပ်တည်မှုကို အလေးမထားသူများ၊ ဝန်ထမ်းအဖွဲ့အစည်းများ၏ လုပ်ငန်းသဘောသဘာဝကို နားမလည်သူများ၊ နိုင်ငံ့ဝန်ထမ်းများ၏ တာဝန်နှင့်ဝတ္တရား၊ စည်းမျဉ်းစည်းကမ်းများ၊ ကျင့်ဝတ်များကို မသိကြသူများဖြစ်နေသည်ကိုလည်း မြင်တွေ့ရသည်။ ဝန်ထမ်းအဖွဲ့အစည်းများ ရပ်တန့်ခြင်းဖြင့် နိုင်ငံတော်အစိုးရ၏ ယန္တရားတစ်ခုလုံးရပ်တန့်သွားမည်ဟု ယူဆကာ ရည်ရွယ်ချက်ရှိရှိဖြင့် နိုင်ငံ့ဝန်ထမ်းများအား သွေးထိုးကာ ဖျက်ဆီးခြင်းပင် ဖြစ်ပါသည်။

### နိုင်ငံ့ဝန်ထမ်းကောင်းတစ်ဦးပီသမည်

နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံနှင့် နိုင်ငံသားများ၏ ကျေးဇူးသစ္စာကို စောင့်သိရိုသေကြရမည် ဖြစ်ပါသည်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲများမှ ရွေးချယ်တင်မြှောက်လိုက်သည့် အစိုးရနှစ်ဆက် အုပ်ချုပ်ခဲ့သည့်ကာလများတွင်လည်း ယင်းအစိုးရအသီးသီးတို့၏ မူဝါဒများနှင့်အညီ နိုင်ငံ့တာဝန်များကို ထမ်းဆောင်ခဲ့ကြပြီးဖြစ်သည်။ ယခုလက်ရှိ တိုင်းပြည်အရေးပေါ်ကာလကျရောက်ချိန်တွင် မိမိတို့၏ ကာယ၊ ဉာဏစွမ်းအားနှင့် ကျွမ်းကျင်မှုတို့ကို အသုံးချကာ နိုင်ငံတော်အမြန်ဆုံးတည်ငြိမ်ဖွံ့ဖြိုးတိုးတက်လာစေရန် မူလထက်ပင်တာဝန်ကို ပိုမိုကျေပွန်အောင် ထမ်းဆောင်ခြင်းကသာ နိုင်ငံ့ဝန်ထမ်းကောင်းတစ်ဦးပီသမည် ဖြစ်ပါသည်။

မိမိတို့၏လုပ်အားဖြင့် ရရှိလာသည့် နိုင်ငံ့ဝန်ထမ်းလစာကို မှီခိုရင်း အိမ်တွင် စောင့်မျှော်နေကြမည့် ဇနီး၊ ခင်ပွန်း၊ သားသမီးများ၊ အမိအဖဆွေမျိုးများကိုစာနာထောက်ထားထည့်သွင်းစဉ်းစားရန် လိုအပ်နေပြီဖြစ်ပါသည်။ မိမိဘဝအတွက် အာမခံချက်အပြည့်အဝရှိပြီး တိုးတက်ရာတိုးတက်ကြောင်း အခွင့်အလမ်းများ၊ လူမှုဖူလုံရေးအကျိုးခံစားခွင့်များ၊ ရပိုင်ခွင့်၊ ခံစားခွင့်များနှင့်အတူ ဂုဏ်ယူရသည့် မိမိတို့၏နိုင်ငံ့ဝန်ထမ်းဘဝကို အတွေးအခေါ်အယူအဆအမှားများဖြင့် မလဲကြရန် မျှော်လင့်မိပါသည်။

နိုင်ငံတော်အာဏာကို လွှဲပြောင်းရယူခြင်းကိစ္စရပ်၏ အဓိကရည်ရွယ်ချက်မှာ ၂၀၂၀ ပြည့်နှစ်တွင် ကျင်းပသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ မဲမသမာမှုများ ရှိနေခြင်းကို တာဝန်ယူဖြေရှင်းမှုမရှိခဲ့သဖြင့် နိုင်ငံသားများအားလုံး မျှော်လင့်တောင့်တသည့် ဒီမိုကရေစီလမ်းကြောင်း မချွတ်ချော် မတိမ်းစောင်းစေရန် အဓိကတာဝန်ယူဆောင်ရွက်ခြင်းသာ ဖြစ်ပါသည်။ ထို့အတူ နိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်သင့်သည်များကို အဆင့်အလိုက် အမြန်ဆုံး အကောင်အထည်ဖော်နေပြီလည်း ဖြစ်ပါသည်။

သတ်မှတ်ကာလအတွင်း ဆောင်ရွက်ဖွယ်ရာများသည် များပြားလွန်းလှပြီး အဖျက်၊ အမှောင့်များကြောင့် မူလရည်ရွယ်ချက်များပျက်စီးကာ လုပ်ငန်းများ ကြန့်ကြာနှောင့်နှေးနိုင်သည်ဟု ယူဆမိပါသည်။ ထို့ကြောင့် နိုင်ငံတော်နှင့် ပြည်သူအတွက် သစ္စာစောင့်သိသည့် နိုင်ငံ့ဝန်ထမ်းများအဖြစ် မိမိတို့ကျရာတာဝန်ကို ကျေပွန်အောင်ထမ်းရွက်ခြင်းကသာ အကောင်းမွန်ဆုံးရွေးချယ်မှုဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။

> **“ လူ့ခန္ဓာကိုယ်၏ နေရာတွင် နိုင်ငံတစ်နိုင်ငံဟု အစားထိုးကြည့်မည်ဆိုလျှင် နိုင်ငံ၏အရေးကြီးသည့် အင်္ဂါအစိတ်အပိုင်းများဖြစ်သည့် ဦးနှောက်၊ ခြေ၊ လက်၊ ခန္ဓာတို့သည် ပြည်သူများပင်ဖြစ်သည်။ ထို့အတူ ခန္ဓာကိုယ်၏ မရှိမဖြစ်ကိုယ်တွင်းအင်္ဂါအစိတ်အပိုင်းများသည် ပြည်သူ့ဝန်ကိုထမ်းသည့် ပြည်သူ့ဝန်ထမ်းများပင်ဖြစ်ပါသည်။ အဘယ့်ကြောင့်နည်း။ လူသားတို့ နေ့စဉ်ဘဝများ မြင့်သထက်မြင့်၊ အစွမ်းရှိသထက်ရှိအောင် ကြိုးစားကြရာတွင် မကျန်းမာ၍ မဖြစ်၊ ဇီဝဖြစ်စဉ်ယိုယွင်း၍ မဖြစ်သကဲ့သို့ နိုင်ငံ၏လှုပ်ရှားမှု နရီစည်းချက်မှန်အောင် လုပ်ဆောင်ပေးကြသူများသည် ပြည်သူ့ဝန်ထမ်းများဖြစ်ခြင်းကြောင့် ဖြစ်ပါသည် ”**

> **“ မြန်မာနိုင်ငံတွင် နိုင်ငံ့ဝန်ထမ်းဦးရေမှာ တစ်သန်းကျော်ရှိရာ နိုင်ငံ့လူဦးရေ၏ ၁ ဒသမ ၄ ရာခိုင်နှုန်းခန့်သာ ရှိပါသည်။ နိုင်ငံ့ ဝန်ထမ်းများသည် နေရာဒေသ အသီးသီးရှိ လုပ်ငန်းဌာန အသီးသီးတွင် မိမိတို့၏ ကာယအား၊ ဉာဏအားတို့ဖြင့် နိုင်ငံတော်အတွက် တာဝန်ထမ်းဆောင်နေကြခြင်း ဖြစ်ပါသည်။ ကျွဲကူးရာ ရေပါ ဆိုသကဲ့သို့ ဝန်ထမ်းတိုင်းတွင် ၎င်းတို့ကို မှီခိုနေကြရသည့် မိသားစုဝင်များစွာ ရှိနေကြသည်။ နိုင်ငံတော်မှ ဝန်ထမ်းများအတွက် ပေးအပ်ထားသည့် လစာ၊ ခံစားခွင့်များသည် ဝန်ထမ်းများ၏ မိသားစုများအတွက် ဘဝအာမခံချက်များပင် ဖြစ်ပါသည် ”**

# အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ ခေတ္တဒုတိယ ပါမောက္ခချုပ် ဆရာတော်အား ပြည်ထောင်စုဝန်ကြီး ဦးကိုကို ဖူးမြော်ကြည်ညို၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) သို့ သွားရောက်ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဖေဖော်ဝါရီ ၉**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုသည် ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်ရှိ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ခေတ္တဒုတိယပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဒေါက်တာဘဒ္ဒန္တ ဆေကိန္ဒအား သွားရောက်ဖူးမြော် ကြည်ညိုကြသည်။

**တင်ပြလျှောက်ထား**

ထိုသို့ဖူးမြော်ကြည်ညိုစဉ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်၏ လက်ရှိအခြေအနေနှင့် ဆောင်ရွက်ချက်များ၊ သာသနာရေးကိစ္စဆောင်ရွက်ရာတွင် သာသနာတော်တည်တံ့ပြန့်ပွားစေရေး၊ ပရိယတ္တိ၊ ပဋိပတ္တိသာသနာတော် တိုးတက်ထွန်းကားစေရေး ကြိုးပမ်းဆောင်ရွက်သွားမည့်အခြေအနေ တို့ကို တင်ပြလျှောက်ထားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်တာဝန်ရှိပုဂ္ဂိုလ်များက ဆရာတော်ကြီးထံမှ ဩဝါဒကထာများ နာယူကြည်ညိုသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်သို့ လှည့်လည်ကြည့်ရှုပြီး အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်အစည်းအဝေးခန်းမ၌ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ် (စီမံ)က တက္ကသိုလ်၏ သင်ကြား/စီမံဆောင်ရွက်မှုတို့ကို ရှင်းလင်းတင်ပြခဲ့ရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

**တွေ့ဆုံ**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်ရှိ အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ် (ရန်ကုန်)သို့ရောက်ရှိပြီး ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ/ဌာနမှူးများ၊ တွဲဖက်ပါမောက္ခများနှင့် စွယ်တော်ဆောင် အစည်းအဝေးခန်းမတွင် တွေ့ဆုံသည်။ **(ယာပုံ)**



တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက တက္ကသိုလ်၌ သင်ကြားသင်ယူမှုများ၊ စီမံရေးရာများနှင့်ပတ်သက်၍ အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ပါမောက္ခချုပ်က တက္ကသိုလ်၌ တာဝန်ယူဆောင်ရွက်လျက်ရှိသော တက္ကသိုလ်၏ ရည်မှန်းချက်တွင်ပါရှိသည့် တိုင်းရင်းသားရိုးရာဂီတနှင့် တိုင်းရင်းသားရိုးရာ အကသင်ကြားနေမှုနှင့်စပ်လျဉ်း၍ အားသာချက်၊ အားနည်းချက်၊ ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို အသေးစိတ်ဆွေးနွေးတင်ပြခဲ့ရာ ပြည်ထောင်စုဝန်ကြီးက တိုင်းရင်းသားရိုးရာဂီတနှင့် အကများကို စနစ်တကျ သင်ကြားနိုင်ရေးအတွက် အသေးစိတ်မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)ရှိ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ဝန်ထမ်းများ၏ ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်းနှင့်အညီ တာဝန်ယူဆောင်ရွက်နိုင်ရေးကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီနယ်မြေအတွင်းနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များအတွင်းရှိ မြို့နယ်များ၌ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ-၁၄၄ အရ အမိန့်ထုတ်ပြန်

**နေပြည်တော် ဖေဖော်ဝါရီ ၉**

နေပြည်တော်ကောင်စီနယ်မြေအတွင်းနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များအတွင်းရှိ မြို့နယ်များ၌ ဖေဖော်ဝါရီ ၈ ရက်နှင့် ယနေ့တွင် ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ-၁၄၄ အရ အမိန့်ထုတ်ပြန်ခဲ့သည်။

ထိုသို့ထုတ်ပြန်ရာတွင် နေပြည်တော်ကောင်စီနယ်မြေ၊ ဇေယျာသီရိမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်၊ ဒက္ခိဏသီရိမြို့နယ်၊ ဥတ္တရသီရိမြို့နယ်၊ ဇမ္ဗူသီရိမြို့နယ်၊ တပ်ကုန်းမြို့နယ်၊ လယ်ဝေးမြို့နယ်၊ ပျဉ်းမနားမြို့နယ်များအတွင်း၌ လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၄ မြို့နယ်(ကိုကိုးကျွန်းမြို့နယ် မပါ)အတွင်း၌လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မဟာအောင်မြေမြို့နယ်၊ ချမ်းအေးသာစံမြို့နယ်၊ အောင်မြေသာစံမြို့နယ်၊ ပုသိမ်ကြီးမြို့နယ်၊ မြင်းခြံမြို့နယ်နှင့် အမရပူရမြို့နယ်များအတွင်း၌ လည်းကောင်း၊ မကွေးတိုင်းဒေသကြီးအတွင်းရှိ မကွေးမြို့နယ်၊ ပခုက္ကူမြို့နယ်၊ ရေစကြိုမြို့နယ်၊ မြိုင်မြို့နယ်၊ ဆိပ်ဖြူမြို့နယ်များအတွင်း၌ လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၊ ရွှေဘိုမြို့နယ်၊ မုံရွာမြို့နယ်နှင့် ကလေးမြို့နယ်များအတွင်း၌ လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ တောင်ငူမြို့နယ်၊ ပြည်မြို့နယ်အတွင်း၌ လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ထားဝယ်မြို့နယ်၊ ရေဖြူမြို့နယ်နှင့် သရက်ချောင်းမြို့နယ်၊ မြိတ်ခရိုင်၊ မြိတ်မြို့ နယ်နှင့် ပုလောမြို့နယ်၊ ကော့သောင်းခရိုင်၊ ကော့သောင်းမြို့နယ်နှင့် ဘုတ်ပြင်းမြို့နယ်များ အတွင်း၌လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ပေါင်း ၂၆ မြို့နယ်များအတွင်း၌ လည်းကောင်း၊ ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့နယ်၊ ဗန်းမော်မြို့နယ်၊ မိုးကောင်းမြို့နယ်၊ ရွှေကူမြို့နယ်၊ မိုးညှင်းမြို့နယ်နှင့် ဖားကန့်မြို့နယ်များအတွင်း၌ လည်းကောင်း၊ ကယားပြည်နယ်၊ လွိုင်ကော်မြို့နယ်အတွင်း၌လည်းကောင်း၊ ကရင်ပြည်နယ်၊ မြဝတီမြို့နယ်၊ ကြာအင်းဆိပ်ကြီး မြို့နယ်၊ ဘားအံမြို့နယ် အတွင်း၌လည်းကောင်း၊ မွန်ပြည်နယ်၊ မော်လမြိုင်မြို့နယ်၊ သံဖြူဇရပ်မြို့နယ်၊ ရေးမြို့နယ်၊ ကျိုက်ထိုမြို့နယ်နှင့် သထုံမြို့နယ်တို့အတွင်း၌ လည်းကောင်း၊ ရှမ်းပြည်နယ်၊ ကျိုင်းတုံမြို့နယ်၊ တောင်ကြီးမြို့နယ်၊ တာချီလိတ်မြို့နယ်၊ နောင်ချိုမြို့နယ်၊ လားရှိုးမြို့နယ်၊ ကလောမြို့နယ်၊ သီပေါမြို့နယ်၊ မူဆယ်မြို့နယ်နှင့် ကျောက်မဲမြို့နယ်များအတွင်း၌ လည်းကောင်း စုဝေးခြင်း၊ ဟောပြောခြင်း၊ ယာဉ်တစ်မျိုးမျိုးကို အသုံးပြု၍ဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ စီတန်းလှည့်လည်ခြင်း၊ လှုံ့ဆော်ဆန္ဒပြခြင်း၊ ဖျက်ဆီးခြင်း၊ ရန်းရင်းဆန်ခတ်ပြုမူခြင်းများကို မပြုလုပ်ရန် တားမြစ်လိုက်ပြီး လူ ၅ ဦး သို့မဟုတ် ၅ ဦးထက်ပိုသော သူများသည် ယင်းမြို့နယ်များအတွင်း အများပြည်သူနှင့် ဆိုင်သောနေရာများတွင် စုဝေးခြင်းမပြုရန်နှင့် ည ၈ နာရီအချိန်မှ နံနက် ၄ နာရီအချိန်အတွင်း ညမထွက်ရအမိန့်ကို ထုတ်ပြန်လိုက်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များ၌ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ-၁၄၄ အရ အမိန့်ထုတ်ပြန်

**နေပြည်တော် ဖေဖော်ဝါရီ ၉**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များ၌ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၈ ရက်နှင့် ယနေ့တို့တွင် ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ-၁၄၄ အရ အမိန့်ထုတ်ပြန်ခဲ့သည်။

ထိုသို့ထုတ်ပြန်ရာတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၄ မြို့နယ်အတွင်း (ကိုကိုးကျွန်းမြို့နယ်မပါ) စုဝေးခြင်း၊ ဟောပြောခြင်း၊ ယာဉ်တစ်မျိုးမျိုးကို အသုံးပြု၍ဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ စီတန်းလှည့်လည်ခြင်း၊ လှုံ့ဆော်ဆန္ဒပြခြင်း၊ ဖျက်ဆီးခြင်း၊ ရန်းရင်း ဆန်ခတ်ပြုမူခြင်းများကိုမပြုလုပ်ရန် တားမြစ်လိုက်ပြီး လူ ၅ ဦး၊ သို့မဟုတ် ၅ ဦးထက်ပိုသောသူများသည် ယင်းမြို့နယ်များအတွင်း အများပြည်သူနှင့်ဆိုင်သော နေရာများတွင် စုဝေခြင်းမပြုရန်နှင့် ည ၈ နာရီအချိန်မှ နံနက် ၄ နာရီအချိန်အတွင်း ညမထွက်ရအမိန့်ကို ထုတ်ပြန်လိုက်ကြောင်း တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

# ဂန့်ဂေါတွင် ဒေသကြက်ကို စီးပွားဖြစ် မွေးမြူလာ

**ဂန့်ဂေါ ဖေဖော်ဝါရီ ၉**

ဒေသကြက်များကို ဂန့်ဂေါမြို့နယ်တွင် အစာကိုကြဲ့သလို ကျွေးကာ နေအိမ်များတွင် ဟင်းစားအဖြစ်သာ ရေးယခင်ကစ၍ မွေးမြူလာကြသည့် အစဉ်အလာသာရှိခဲ့သော်လည်း ယခုအခါကြီးထွားနှုန်းကောင်းရန်နှင့် တွက်ခြေကိုက်ရန် စနစ်တကျမွေးမြူမှုရှိလာကြကြောင်း သိရသည်။

"စတင်မွေးမြူတဲ့အချိန်ကစပြီး ရောင်းတန်းဝင်အထိ ရက် ၁၀၀ အတွင်း အစာဖိုးငွေကျပ် ၃၀၀၀ အထိသာ ကုန်ကျမှုရှိပါတယ်။ အစာများကို ပုစွန်ဖွဲ၊ ငါးခြောက်မှုန့်၊ နှမ်းဖတ်မှုန့်၊ ပြောင်းဖူးမှုန့်၊ ဆန်ကွဲ၊ ဖွဲ စသည်တို့ကို ကျွေးပါတယ်။ ရက် ၁၀၀ လျှင် ပျမ်းမျှအလေးချိန် ၈၀ သားထွက်ရှိနိုင်ပါတယ်" ဟု စိုင်ဒူးကျေးရွာမှ ဒေသကြက်မွေးမြူသူ ကိုအောင်မင်းခန့်က ပြောသည်။

ထို့အပြင် မွေးမြူထားသည့်ကြက်များကို မနက်ပိုင်း ၉ နာရီဝန်းကျင် နှင့် ညနေ ၄ နာရီဝန်းကျင်တို့တွင်သာ အစာကျွေးရန်လိုအပ်ကြောင်း၊ မွေးမြူလိုသူများအတွက် ကြက်အရွယ်အစားအလိုက် ဈေးနှုန်းသတ်မှတ် ရောင်းချပေးလျက်ရှိပြီး ကြက်များတွင် ကျရောက်တတ်သည့် ရောဂါများအတွက် ကြိုတင်ကာကွယ်ဆေး တိုက်ကျွေးခြင်းကိုလည်း ဆောင်ရွက်ကြောင်း သိရသည်။ **ကျော်သန်းဆွေ**

# ကသာမြို့နယ်၌ အဆင့်မြင့်စက်ချုပ်သင်တန်းဖွင့်

**ကသာ ဖေဖော်ဝါရီ ၉**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ် ကျေးလက်ဦးစီးဌာနက ကြီးကြပ်မှုဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွက် အဆင့်မြင့်စက်ချုပ်သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီက ကျင်းပသည်။

ကသာခရိုင် ကျေးလက်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မြင့်သန်းနှင့် မြို့နယ်ကျေးလက်ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးသန်းတို့က စက်ချုပ်သင်တန်းကို လိုက်လံကြည့်ရှုကြပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။

သင်တန်းသူ ၂၀ တက်ရောက်ခဲ့ကာ သင်တန်းကာလမှာ တစ်လကြာမြင့်မည်ဖြစ်ကြောင်း မြို့နယ်ကျေးလက်ဦးစီးမှူး ဦးစိုးသန်းက ပြောသည်။

**လူအောင်(ကသာ)**

# စားသုံးသူ အကာအကွယ်ပေးရေး၊ ပြည်တွင်းကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးနှင့် ထုတ်ကုန်လုံခြုံစိတ်ချမှုဆိုင်ရာ လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည့်အခမ်းအနား ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၉**

စားသုံးသူရေးရာဦးစီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်နေသည့် စားသုံးသူ အကာအကွယ်ပေးရေး၊ ပြည်တွင်းကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထုတ်ကုန်လုံခြုံစိတ်ချမှုဆိုင်ရာ လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည့် အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ (၁)၌ ကျင်းပသည်။ **(ယာပုံ)**



အစည်းအဝေးတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်းက တိုင်းပြည်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကုန်သွယ်မှုလမ်းကြောင်းများ ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မိမိတို့ ဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များသည် အောင်မြင်သည့် လမ်းကြောင်းပေါ်တွင် ရောက်ရှိနေသည့်အတွက် ယင်းအခြေအနေအား ဆက်လက်ထိန်းသိမ်း ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်များရှိ စားသုံးသူ သတင်းပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးဌာန (CICC) များမှလည်း စားသုံးသူ အကာအကွယ်ပေးရေး လုပ်ငန်းစဉ်များကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း။

မိမိတို့ ဝန်ကြီးဌာနမှ ပြည်ပနိုင်ငံများ၌ တာဝန်ပေးအပ်ထားသည့် စီးပွားရေးသံမှူးများအနေဖြင့်လည်း သက်ဆိုင်ရာနိုင်ငံအလိုက် မြန်မာ့ ထွက်ကုန် ပစ္စည်းအမယ်သစ်များ အတွက် ဈေးကွက်အသစ်ရရှိရေးနှင့် ပို့ကုန် တိုးမြှင့်တင်ပို့နိုင်ရေးတို့ကို ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ စီးပွားရေးသံမှူးများက လုပ်ငန်းများ တိုးမြှင့် ဆောင်ရွက်ခြင်းသည် နိုင်ငံတော်၏ စီးပွားရေး ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် များစွာအထောက်အကူဖြစ်စေသည့်အတွက် Project–based နှင့် Results–based များကို ကျင့်သုံးဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ စားသုံးသူ ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ချိုက လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်မှုများနှင့် ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အသေးစိတ် ရှင်းလင်းတင်ပြပြီး အမြဲတမ်းအတွင်းဝန် ဦးမင်းမင်းက ထပ်မံဖြည့်စွက် ရှင်းလင်းတင်ပြခဲ့ရာ ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များအား ဖြည့်စွက်မှာကြားသည်။

အခမ်းအနားသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ညွှန်ကြားရေးမှူးများ တက်ရောက်ကြကြောင်း သိရသည်။ **သတင်းစဉ်**

---

# တတိယအကြိမ် သွေးချင်းတို့ရဲ့ပွဲတော်ဆီ “၂၀၂၁” ပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၉**

တိုင်းရင်းသားရိုးရာယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်းမြှင့်တင်ရန်ရည်ရွယ်၍ တတိယအကြိမ် သွေးချင်းတို့ရဲ့ပွဲတော်ဆီ(၂၀၂၁) အောင်မြင်စွာ ကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီခွဲတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကိုဗစ်–၁၉ တားဆီးကာကွယ်ရေး၊ ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ကျင်းပသည်။ **(ယာပုံ)**



အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများ တက်ရောက်သည်။

### ရွှေ့ဆိုင်းကျင်းပနိုင်ရေး

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်က ပထမအကြိမ် “သွေးချင်းတို့ရဲ့ပွဲတော်ဆီ”ကို ၂၀၁၉ ခုနှစ်တွင်လည်းကောင်း၊ ဒုတိယအကြိမ်ကို ၂၀၂၀ ပြည့်နှစ်တွင်လည်းကောင်း ကျင်းပဆောင်ရွက်နိုင်ခဲ့သည်ကို အားလုံးသိရှိခဲ့ပြီးဖြစ်ပါကြောင်း၊ တတိယအကြိမ် သွေးချင်းတို့ရဲ့ ပွဲတော်ဆီ (၂၀၂၁)ပွဲတော်ကို MRTV၊ တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်း (NRC)၊ Web portal ၊ Facebook platform တို့မှ Virtual Reality နည်းပညာဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကိုဗစ်–၁၉ ညွှန်ကြားချက်များနှင့်အညီ ကျင်းပနိုင်ရန်လျာထားခဲ့သော်လည်း အခက်အခဲအနည်းငယ်ရှိပါသဖြင့် ရွှေ့ဆိုင်းကျင်းပနိုင်ရေးအတွက် ယခုကဲ့သို့ အစည်းအဝေးခေါ်ယူကျင်းပရခြင်းဖြစ်ပါကြောင်း၊ “သွေးချင်းတို့ရဲ့ ပွဲတော်ဆီ” ၂၀၂၁ ကို အများပြည်သူများ စိတ်ဝင်တစား ကြည့်ရှုနိုင်ရန်အတွက် မည်သည့်အချိန်ကာလတွင် ပြောင်းလဲကျင်းပနိုင်ရန် သင့်လျော်သည်ကိုလည်း အားလုံးဝိုင်းဝန်းဆွေးနွေးပေးစေလိုပါကြောင်း၊ သွေးချင်းတို့ရဲ့ ပွဲတော်ဆီ ၂၀၂၁ ပွဲတော်အတွက် ပြပွဲများကို အဓိကအားဖြင့် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသ (၆)ခု စုစုပေါင်း (၁၄) ခုကို အခြေခံ၍ စီစဉ်ဆောင်ရွက်ထားခြင်းဖြစ်ပါကြောင်း၊ မိမိတို့ တိုင်းရင်းသားများအလိုက် ထုတ်လွှင့်ပြသမည့် ပြပွဲများ၊ ဗီဒီယို Clip များ၊ ဒေသဆိုင်ရာ အကြောင်းအရာများ၊ ရုပ်ရှာအခြေပြု ခရီးသွားလုပ်ငန်းများ စသည်တို့ကိုလည်း ယခင်စီစဉ်ထားသည့်အတိုင်း ဆောင်ရွက်လိုပါကြောင်း။

### အကြံပြုဆွေးနွေး

ဝန်ကြီးဌာနများအနေဖြင့် ယခင်ပြုလုပ်ခဲ့သော ဆွေးနွေးချက်များအရ ယခုအစည်းအဝေးတွင် အကြံပြုဆွေးနွေးပေးစေလိုပါကြောင်း၊ ယခုအစည်းအဝေးဆုံးဖြတ်ချက်အပေါ်မူတည်ပြီး မြန်မာနိုင်ငံတိုင်းရင်းသားလုပ်ငန်းရှင်များအသင်းနှင့် ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများကို နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီသို့ လိုအပ်သလို တင်ပြဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ တိုင်းရင်းသားများ၏ အကျိုးစီးပွားနှင့်လူမှုဘဝဖွံ့ဖြိုး တိုးတက်မှုကို အထောက်အကူပြုစေရန်၊ တိုင်းရင်းသားဒေသငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေး၊ ဒေသထွက်ကုန်များ ပိုမိုမြှင့်တင်နိုင်ရေး စသည်တို့ကို အထောက်အကူဖြစ်စေရန်နှင့် ယခုဖြစ်ပေါ်နေသည့် ဖြစ်စဉ်များကို အမြန်ဆုံး ကုစားနိုင်ရန်အတွက် စဉ်းစားချင့်ချိန်ပြီး အကောင်းဆုံးဖြစ်အောင် ဝိုင်းဝန်းကြိုးပမ်း အကြံပြုဆွေးနွေးပေးကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် အစည်းအဝေးသို့ တက်ရောက်လာသူများက အထွေထွေဆွေးနွေးတင်ပြကြသည်။

### ကြိုးစားဆောင်ရွက်

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက အထွေထွေဆွေးနွေးတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး နိဂုံးချုပ်အမှာစကားပြောကြားရာတွင် တတိယအကြိမ် သွေးချင်းတို့ရဲ့ ပွဲတော်ဆီ (၂၀၂၁)ကို မြေပြင်တွင် ကျင်းပခြင်း မပြုလုပ်တော့ဘဲ Virtual Reality နည်းပညာဖြင့် ကျင်းပမည်ဖြစ်သော်လည်း အစဉ်အလာမပျက် အားသွန်ခွန်စိုက် အကောင်းဆုံးဖြစ်အောင် ကြိုးစားဆောင်ရွက်ပေးကြစေလိုပါကြောင်း ပြောကြားသည်။

**သတင်းစဉ်**

---

## ထူးခြားသည့် ညအပူချိန်များ

**နေပြည်တော် ဖေဖော်ဝါရီ ၉**

ထူးခြားသည့် ညအပူချိန်များမှာ ဟဲဟိုးမြို့၊ လွိုင်လင်မြို့နှင့် ဟားခါးမြို့တို့တွင် ၂ ဒီဂရီစင်တီဂရိတ်စီ၊ ပင်လောင်းမြို့တွင် ၃ ဒီဂရီစင်တီဂရိတ်၊ ရမ်ကလောင်းနှင့် ပြင်ဦးလွင်မြို့တို့တွင် ၄ ဒီဂရီစင်တီဂရိတ်စီနှင့် တောင်ကြီးမြို့၊ နမ့်စန်မြို့၊ မင်းတပ်မြို့နှင့် မိုးကုတ်မြို့တို့တွင် ၅ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ဗန်းမော်မြို့တွင် ၁ ဒသမ ၃၇ လက်မ၊ ကျိုင်းတုံမြို့တွင် ၀ ဒသမ ၉၅ လက်မ၊ မိုင်းယန်းမြို့တွင် ၀ ဒသမ ၇၅ လက်မ၊ မိုင်းဆတ်မြို့တွင် ၀ ဒသမ ၆၇ လက်မ၊ ကော့ကရိတ်မြို့တွင် ၀ ဒသမ ၅၅ လက်မ၊ လားရှိုးမြို့တွင် ၀ ဒသမ ၄၇ လက်မနှင့် မြိတ်မြို့တွင် ၀ ဒသမ ၃၉ လက်မတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

# ဘူမိဖဿမုဒြာ ထိုင်တော်မူကျောက်ဆစ် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်နှင့် ပလ္လင်တော်အစိတ်အပိုင်းများကို Modular Trailer ဖြင့် ဆီမီးခုံဆိပ်ကမ်းမှ နေပြည်တော်ကောင်စီနယ်မြေသို့ ဒုတိယအကြိမ် ပင့်ဆောင်ပူဇော်



နေပြည်တော် ဖေဖော်ဝါရီ ၉

**နေပြည်တော်တွင် တည်ထားကိုးကွယ်မည့် ဘူမိဖဿမုဒြာ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်နှင့် ပလ္လင်တော်အစိတ်အပိုင်းများကို Modular Trailer ဖြင့် ဆီမီးခုံဆိပ်ကမ်းမှ တည်ထားကိုးကွယ်မည့် နေပြည်တော်ကောင်စီ နယ်မြေသို့ ဒုတိယအကြိမ် ပင့်ဆောင်ပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး၊ ငါန်းဇွန်မြို့နယ်၊ ဆီမီးခုံကျေးရွာအနီး၌ ကျင်းပသည်။**

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး၊ ငါန်းဇွန်မြို့နယ် သံဃနာယက ဥက္ကဋ္ဌ ဘဒ္ဒန္တမာဏိတအမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ကံမြင့်သန်း၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကိုကိုဦးနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး ကံမြင့်သန်း၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ငါန်းဇွန်မြို့နယ် သံဃနာယက ဥက္ကဋ္ဌ ဆရာတော်ကြီး အမှူးပြုသော သံဃာတော်များ ရွတ်ပွား သရဇ္ဈာယ်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ထို့နောက် ဘူမိဖဿမုဒြာ ထိုင်တော်မူကျောက်ဆစ် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်နှင့် ပလ္လင်တော် အစိတ်အပိုင်းများကို ဆရာတော်ကြီးများ၊ ဒုတိယဗိုလ်ချုပ်ကြီး ကံမြင့်သန်းနှင့် တပ်မတော်အရာရှိကြီးများက အမွှေးနံ့သာရည်များ ပက်ဖျန်းပူဇော်တော်မူကြသည်။

ယင်းနောက် ဘူမိဖဿမုဒြာ ထိုင်တော်မူကျောက်ဆစ် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်နှင့် ပလ္လင်တော် အစိတ်အပိုင်းများကို ပင့်ဆောင်ရန်အတွက် အစီအစဉ်အတိုင်း ဆက်လက်ဆောင်ရွက်ကြပြီး ဘူမိဖဿမုဒြာ ထိုင်တော်မူကျောက်ဆစ် ဗုဒ္ဓရုပ်ပွားတော်လောင်းလျာ ပင်မကျောက်တော်ကြီးမှ ပလ္လင်တော် အပိုင်း ၂ နှင့် အပိုင်း ၄ တို့ကို တင်ဆောင်ထားသည့် Modular Trailer များသည် မင်္ဂလာအချိန်တွင် စတင်ပင့်ဆောင် ထွက်ခွာကြရာ ငါန်းဇွန်မြို့နယ် သံဃနာယက ဥက္ကဋ္ဌ ဆရာတော်ကြီး၊ ဒုတိယဗိုလ်ချုပ်ကြီး ကံမြင့်သန်းနှင့် တက်ရောက်လာကြသူများက ဖူးမြော်ကြည်ညိုခဲ့ကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

# ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အောင်စိုး ထားဝယ်မြို့နယ် သပြေချောင်းကျေးရွာရှိ သပြေချောင်းဘုန်းတော်ကြီးကျောင်းတိုက်သို့ ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း



နေပြည်တော် ဖေဖော်ဝါရီ ၉

ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးကာလတွင် ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများ၌ ဆွမ်းကိစ္စများ အဆင်ပြေစေရန်အတွက် တိုင်းစစ်ဌာနချုပ်များအလိုက် လှူဒါန်းလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အောင်စိုး၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် စောသန်းလှိုင်နှင့် တာဝန်ရှိသူများသည် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ် သပြေချောင်းကျေးရွာရှိ သပြေချောင်းဘုန်းတော်ကြီးကျောင်းတိုက်သို့ သွားရောက်၍ ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တနန္ဒဝံသ အမှူးပြုသော သံဃာတော်များအား ဖူးမြော်ကြည်ညိုကြပြီး သာသနာရေးဆိုင်ရာများ လျှောက်ထားတင်ပြကာ ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့ပြင် နယ်မြေခံတပ်မတော်ဆေးရုံမှ ဆေးကုသရေးအဖွဲ့က သံဃာတော်များအား ကျန်းမာရေး စစ်ဆေးပေးခြင်း၊ အပူချိန်တိုင်းတာပေးခြင်းနှင့် လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

# တိုကျိုမှ ပျံသန်းမည့် ကယ်ဆယ်ရေးလေယာဉ် ခေတ္တရွှေ့ဆိုင်းထား

**ရန်ကုန် ဖေဖော်ဝါရီ ၉**

ပြည်ပရောက် မြန်မာနိုင်ငံသားများ မြန်မာနိုင်ငံသို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ထွက်ခွာနိုင်ရန်အတွက် ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ မြန်မာသံရုံးမှ All Nippon Airways (ANA) ရုံးချုပ်နှင့် ပူးပေါင်း၍ ကယ်ဆယ်ရေးလေယာဉ် (Relief Flight) များကို စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၁၁ ရက်တွင် တိုကျိုမြို့မှရန်ကုန်မြို့သို့ ပျံသန်းမည့် လေယာဉ်ခရီးစဉ်အား All Nippon Airways (ANA) မှ ခေတ္တရွှေ့ဆိုင်းမည်ဖြစ်ကြောင်း သိရသည်။

ဖေဖော်ဝါရီ ၁၁ ရက်တွင် ပျံသန်းမည့် ကယ်ဆယ်ရေးလေယာဉ်ခရီးစဉ်အား ယာယီရပ်ဆိုင်းထားပြီး ခရီးစဉ်များ ဆက်လက်ပျံသန်းနိုင်ရေးအတွက် All Nippon Airways (ANA)နှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။ ပြန်လည်ပြေးဆွဲမည့်ခရီးစဉ်များအားသိရှိပါက အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ကြေညာသွားမည်ဖြစ်ကြောင်း တိုကျိုမြို့ရှိ မြန်မာသံရုံးမှ သိရသည် ။

**အောင်သူရ**

# ဝန်းသိုမြို့နယ် ခပ်ချိုကျေးရွာတွင် လေးလက်မစက်ရေတွင်း တူးဖော်ပြီးစီး

**ဝန်းသို ဖေဖော်ဝါရီ ၉**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ် ခပ်ချိုကျေးရွာတွင် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တိုင်းဒေသကြီးဘတ်ဂျက်ဖြင့် (ရေရရှိရေးလုပ်ငန်း) လေးလက်မစက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်းကို ယမန်နေ့က အောင်မြင်ပြီးစီးပြီဖြစ်၍ အဆိုပါကျေးရွာရှိ အိမ်ခြေ ၈၈ အိမ်၊ လူဦးရေ ၄၃၇ ဦးတို့အတွက် ရာသီမရွေး သောက်သုံးရေ ရရှိသုံးစွဲနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

ယင်း(ရေရရှိရေးလုပ်ငန်း) လေးလက်မစက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်းကို တိုင်းဒေသကြီးဘတ်ဂျက် ငွေကျပ် ၁၂ ဒသမ ၇၅ သန်းဖြင့် သိန်းသန်းရတီကုမ္ပဏီက ဆောင်ရွက်နေခြင်းဖြစ်ပြီး ဆက်စပ်လုပ်ငန်းများဖြစ်သည့် ဂါလန် ၂၀၀၀ ဆံ့ရေကန်တစ်ခု၊ အလျား ၁၀ ပေ၊ အနံ ရှစ်ပေ၊ အမြင့် ရှစ်ပေရှိ ရေစက်ရုံတစ်ခု တည်ဆောက်ခြင်း လုပ်ငန်းတို့ကိုလည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ဝန်းသိုမြို့နယ်တွင် ရေရရှိရေးလုပ်ငန်းများကို ခပ်ချိုကျေးရွာ၊ ဒုန်းဒုတ်ကျေးရွာ၊ ချမ်းမြသီတာကျေးရွာ၊ နောင်ကွင်းကျေးရွာ၊ ကျူတောကျေးရွာ၊ အင်းပုဒ်ကုန်းကျေးရွာနှင့် မြိုင်ဇေယျာကျေးရွာစသည့် ကျေးရွာပေါင်း ခုနစ်ရွာတို့တွင် ပြည်ထောင်စုဘတ်ဂျက်၊ တိုင်းဒေသကြီးဘတ်ဂျက် တင်ဒါအောင်မြင်ငွေကျပ် စုစုပေါင်း ၇၅ သန်းဖြင့် သက်ဆိုင်ရာကုမ္ပဏီများက ဆောင်ရွက်သွားမည်ဖြစ်ပြီး အဆိုပါ စက်ရေတွင်းတူးဖော်ခြင်း လုပ်ငန်းများ အောင်မြင်ပြီးစီးပါက အိမ်ခြေပေါင်း ၅၉၄ အိမ်၊ လူဦးရေ ၃၀၀၄ ဦးတို့အတွက် ရာသီမရွေး သန့်ရှင်းသောသောက်သုံးရေကို ရရှိသုံးစွဲနိုင်မည်ဖြစ်ကြောင်း မြို့နယ်ကျေးလက်ဦးစီးမှူး ဦးမြတ်မျိုးထွန်းထံမှ သိရသည်။



**ကျော်မြိုင် (ပြန်/ဆက်)**

# ရွှေတိဂုံစေတီတော်မြတ်ကြီးအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၌ အများပြည်သူများ စိတ်အေးချမ်းသာစွာ လာရောက်ဖူးမြော်ကြည်ညို

**နေပြည်တော် ဖေဖော်ဝါရီ ၉**

ကိုဗစ်-၁၉ ရောဂါဖြစ်ပေါ်မှု အခြေအနေများကြောင့် ဖူးမြော်ခွင့် ယာယီရပ်ဆိုင်းထားရှိသည့် နိုင်ငံတစ်ဝန်းမှ ဘုရား၊ စေတီပုထိုးများကို ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စိတ်အေးချမ်းသာစွာ ဖူးမြော်ကြည်ညိုတရားဘာဝနာပွားများနိုင်ရေးအတွက် ဖေဖော်ဝါရီ ၈ ရက်မှစတင်၍ ဖူးမြော်ခွင့်ပြုခဲ့သည်။

ထိုသို့ အများပြည်သူဖူးမြော်နိုင်ရေး ခွင့်ပြုပေးခဲ့ရာ ယနေ့တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး၊ ဗိုလ်တထောင်စေတီတော်၊ မန္တလေးမြို့ရှိ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး၊ နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတို့အပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၌ လာရောက်ဖူးမြော်ကြည်ညိုကြသူ ဘုရားဖူးလာ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ မိဘပြည်သူများသည် ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဖူးမြော်ကုသိုလ်ယူလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



# သီပေါရှေးဟောင်းသမိုင်းဝင် ပေါ်ကြိုဘုရားကြီး ကျန်းမာရေးညွှန်ကြားချက်များနှင့်အညီ ဖူးမြော်နိုင်

**သီပေါ ဖေဖော်ဝါရီ ၉**

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေသည့်အတွက် ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် ရှေးဟောင်းသမိုင်းဝင် ပေါ်ကြိုဘုရားကြီးအား ဖူးမြော်ခွင့် ယာယီရပ်ဆိုင်းခဲ့ရာမှ ယခုအခါ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ တားဆီးရေး၊ ကုသရေးလုပ်ငန်းစဉ်များကြောင့် ရောဂါကူးစက်ပျံ့နှံ့မှု အတိုင်းအတာတစ်ရပ်အထိ ထိန်းချုပ်ဆောင်ရွက်နိုင်ပြီဖြစ်သဖြင့် ဂေါပကအဖွဲ့နှင့်ဗုဒ္ဓနွယ်ဝင်များက ဘုရားကြီးပရိဝုဏ် အတွင်း၊ အပြင်များ၌ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

သီပေါ ပေါ်ကြိုဂေါပကအဖွဲ့သည် မြို့နယ်သံဃနာယကအဖွဲ့၏ ဩဝါဒခံယူပြီး ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ဖေဖော်ဝါရီ ၈ ရက်မှစတင်၍ ရဟန်းရှင်လူပြည်သူအများ ဘုရားဖူးမြော်နိုင်ရန် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ စည်းကမ်းချက်များအတိုင်း အဝင်/အထွက်လမ်းများကို သတ်မှတ်ထားရှိပြီး သောက်ရေသန့်များ၊ လက်ဆေးရန် ဆပ်ပြာရည်နှင့် လက်ဆေးဘေစင်များကို နေရာမလပ် စီစဉ်ထားရှိ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စိုင်း(သီပေါ)

# မဟာသကျအတုလမာရ်အောင်ဘွဲ့တော်ဆောင် ငါးထပ်ကြီးဘုရားကြီး ပြန်လည်ဖွင့်လှစ်

**ရန်ကုန် ဖေဖော်ဝါရီ ၉**

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် မဟာသကျအတုလမာရ်အောင် ဘွဲ့တော်ဆောင်သော ငါးထပ်ကြီးမြတ်စွာဘုရားကြီးကို ယမန်နေ့နံနက်က ဆရာတော်သံဃာတော် အရှင်သူမြတ်များက အနေကဇာတင်ပါဠိတော်များရွတ်ဆိုပြီး ဗုဒ္ဓါဘိသေက တင်လှူပူဇော်ကာ ပြန်လည်ဖွင့်လှစ်ခဲ့သည်။



ဘုရားဖူးပြည်သူများအား ကိုဗစ် စည်းကမ်းချက်နှင့်အညီ နံနက် ၈ နာရီမှ ၁၁ နာရီအထိ တစ်ကြိမ်နှင့် မွန်းလွဲ ၂ နာရီမှ ညနေ ၅ နာရီအထိ တစ်ကြိမ် အချိန်နှစ်ပိုင်းခွဲ၍ ဖူးမြော်ကြည်ညိုခွင့်ပေးထားပြီး တစ်ဦးနှင့်တစ်ဦး ခြောက်ပေ ကွာခြား၍ စေတီတော်ရင်ပြင်တွင် ဝိုင်းဖွဲ့စားသောက်ခြင်းနှင့် စတုဒိသာကျွေးခြင်းများကို ခွင့်မပြုသေးကြောင်း ကြေညာထားသည်။

သတင်းနှင့်ဓာတ်ပုံ-အာကာစိုး

❊ကျောဖုံးမှ

ပြေးဆွဲရတဲ့အခြေအနေဖြစ်လို့ ခရီးသွားမိဘပြည်သူတွေ သွားရေးလာရေး အဆင်ပြေဖို့အတွက် ရေယာဉ်ခရီးစဉ်အချိန်ကို ပြောင်းလဲပြေးဆွဲပေးတာ ဖြစ်ပါတယ်”ဟု ပြည်တွင်းရေကြောင်းပို့ဆောင်ရေး မြစ်ဝကျွန်းပေါ်ဌာနခွဲ လက်ထောက်အထွေထွေမန်နေဂျာ ဦးလှဝင်းနိုင်က ပြောကြားသည်။

ရန်ကုန်(ပန်းဆိုးတန်း-ဒလ)ကူးတို့သင်္ဘောဆိပ်ကမ်း၌ ခရီးသည်သွားလာမှုအနေဖြင့် ဖေဖော်ဝါရီ ၁ ရက်တွင် ခရီးသည် ၁၂၃၆၂ ဦး၊ ၂ ရက်တွင် ခရီးသည် ၉၁၉၀ ဦး၊ ၃ ရက်တွင် ခရီးသည် ၈၆၇၈ ဦး၊ ၄ ရက်တွင် ခရီးသည် ၉၀၂၆ ဦး၊ ၅ ရက်တွင် ခရီးသည် ၉၁၁၇ ဦး၊ ၆ ရက်တွင် ခရီးသည် ၅၂၅၃ ဦး၊ ၇ ရက်တွင် ခရီးသည် ၅၅၁၇ ဦး၊ ၈ ရက်တွင် ခရီးသည် ၈၉၀၂ ဦးတို့သာ ကူးသန်းသွားလာလျက်ရှိကြောင်း၊ ခရီးသည်သွားလာမှု လျော့နည်းသွားကြောင်း ရန်ကုန်(ပန်းဆိုးတန်း) သင်္ဘောဆိပ်ကမ်းလက်မှတ်ရုံမှ သိရသည်။

လက်ရှိအချိန်တွင် အဆိုပါသင်္ဘောဆိပ်ကမ်း၌ အစိုးရရုံးဖွင့်ရက်များတွင် နေ့စဉ် နံနက် ၅ နာရီခွဲမှ ည ၇ နာရီအထိ အသွား ၃၅ ခေါက်၊ အပြန် ၃၅ ခေါက် နှုန်းဖြင့် လည်းကောင်း၊ စနေနှင့် တနင်္ဂနွေ ရုံးပိတ်ရက်များတွင် နံနက် ၆ နာရီမှ ည ၇ နာရီ အထိ အသွား ၂၂ ခေါက်၊ အပြန် ၂၂ ခေါက်နှုန်းဖြင့် သင်္ဘောခရီးစဉ်များကို အချိန်ပြောင်းလဲသတ်မှတ်၍ ပြေးဆွဲပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းနှင့်ဓာတ်ပုံ-နိုင်လင်းကျော်(ပြန်/ဆက်)

# (၇၄) နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုသောအားဖြင့် အင်းဝဘဏ်လီမိတက်၏ ဘဏ်ခွဲ (၆၈) ဘဏ်မြောက် မြို့သာဘဏ်ခွဲဖွင့်လှစ်

**နေပြည်တော် ဖေဖော်ဝါရီ ၉**

(၇၄) နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုသောအားဖြင့် အင်းဝဘဏ်လီမိတက် မြို့သာဘဏ်ခွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါဘဏ်ခွဲပရဝုဏ်တွင် ကျင်းပသည်။

ရှေးဦးစွာ မြင်းခြံခရိုင် ငါန်းဇွန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့သာစက်မှုဇုန် ဥက္ကဋ္ဌ၊ အင်းဝဘဏ်လီမိတက် အုပ်ချုပ်မှုဒါရိုက်တာနှင့် တာဝန်ရှိသူများက နံနက် ၉ နာရီ ၅ မိနစ်တွင် အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကိုကိုဦးက အင်းဝဘဏ်လီမိတက်၊ မြို့သာဘဏ်ခွဲ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကာ ဘဏ်ခွဲ ကမ္ပည်းမော်ကွန်း ဆိုင်းဘုတ်နှင့် ဘဏ်ကောင်တာတို့အား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးသည်။

ယင်းနောက် တက်ရောက်လာသော ဧည့်သည်တော်များသည် ဘဏ်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

ယနေ့ဖွင့်လှစ်လိုက်သော အင်းဝဘဏ်လီမိတက် မြို့သာဘဏ်ခွဲသည် အင်းဝဘဏ်လီမိတက်၏ (၆၈)ဘဏ်မြောက် ဘဏ်ခွဲဖြစ်သည်။

အင်းဝဘဏ်လီမိတက်အနေဖြင့် ပြည်တွင်းငွေလွှဲဝန်ဆောင်မှု လုပ်ငန်းများအပြင် ငွေစုဘဏ်အပ်ငွေအပေါ် အတိုးနှုန်း ၆ ဒသမ ၂၅ ရာခိုင်နှုန်းနှင့် စာရင်းသေအပ်ငွေအပေါ် ငွေစုဆောင်းသူများ၏ သဘောဆန္ဒအလျောက် စုဆောင်းသည့် အချိန်ကာလ အပိုင်းအခြားအလိုက်မူတည်၍ ၈ ဒသမ ၅ ရာခိုင်နှုန်းအထိ အတိုးနှုန်းများ ပေးအပ်လျက်ရှိပြီး စီးပွားရေးလုပ်ငန်း




မတည်ရင်းနှီး လုပ်ကိုင်လိုသူများအတွက် ချေးငွေထုတ်ချေးပေးလျက်ရှိကာ ယခုမြို့သာဘဏ်ခွဲသည် အင်းဝဘဏ်လီမိတက်၏ (၆၈) ဘဏ်မြောက် ဘဏ်ခွဲဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# တာချီလိတ်မြို့ ရွှေတိဂုံစေတီတော် ပြန်လည်ဖွင့်လှစ်

**တာချီလိတ် ဖေဖော်ဝါရီ ၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့၏ ဂုဏ်ကျက်သရေဆောင် ရွှေတိဂုံစေတီတော်မြတ်ကြီးအား ပြည်သူများ ဖူးမြော်နိုင်ရန်အတွက် ဖေဖော်ဝါရီ ၈ ရက်မှစ၍ ပြန်လည်ဖွင့်လှစ်ပေးခဲ့သည်။

ရွှေတိဂုံစေတီတော်မြတ်ကြီး ဓမ္မာရုံ၌ နံနက် ၅ နာရီတွင် သံဃာတော်များက ဘုရားအနေကဇာတင်အခမ်းအနားပြုလုပ်ခဲ့ပြီး ခရိုင်/မြို့နယ်စီမံအုပ်ချုပ်မှုအဖွဲ့ဥက္ကဋ္ဌ၊ သာသနာရေးဦးစီးဌာနနှင့် ဂေါပကအဖွဲ့ဝင်များက ဆရာတော်များထံတွင် ငါးပါးသီလ ဆောက်တည်၍ တရားတော်များကို နာကြားကာ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ယာဆေး(ပြန်/ဆက်)

# ရှမ်းပြည်နယ်တောင်ပိုင်း ကွန်ဟိန်းမြို့နယ် တာကော်တံတား ပူးပေါင်းစစ်ဆေးရေးစခန်းတွင် ငွေကျပ်သိန်း ၂၄၀၀ ကျော်တန်ဖိုးရှိ ဘိန်းဖြူများ ဖမ်းဆီးရမိ




သိမ်းဆည်းရမိသည့် ဘိန်းဖြူများနှင့် ပြစ်မှုကျူးလွန်သူများကို တွေ့ရစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၉**

ရှမ်းပြည်နယ်တောင်ပိုင်း ကွန်ဟိန်းမြို့နယ် တာကော်တံတား ပူးပေါင်းစစ်ဆေးရေးစခန်းတွင် ငွေကျပ်သိန်း ၂၄၀၀ ကျော်တန်ဖိုးရှိ ဘိန်းဖြူများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ယင်း သတင်းထုတ်ပြန်ချက်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ဖေဖော်ဝါရီ ၇ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ကွန်ဟိန်းမြို့နယ် တာကော်တံတား ပူးပေါင်းစစ်ဆေးရေးစခန်းတွင် ခိုလမ်မှ မိုင်းပျဉ်းဘက်သို့ ယာဉ်မောင်း ဇော်မင်းလတ်(ခ) ကိုလတ် မောင်းနှင်သော မော်တော်ယာဉ်ကို ရှာဖွေရာ ငွေကျပ်သိန်း ၂၄၀၀ ကျော် တန်ဖိုးရှိ ဘိန်းဖြူ ၁၆ ဒသမ ၂၅ ကီလို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးပေါ်ပေါက်ချက်အရ ဖမ်းဆီးရမိသည့် ဘိန်းဖြူများကို မိုင်းရှူးမြို့မှ တာချီလိတ်မြို့သို့ သယ်ဆောင်ရောင်းဝယ်သူများဖြစ်ကြသည့် အိုက်ဖုန်းနှင့် ထွန်းထွန်းနိုင်တို့အား ကာလိမြို့တွင်လည်းကောင်း၊ ကောင်းမြတ်ဇင်အား တောင်ကြီးမြို့ ချမ်းသာကုန်းရပ်ကွက်တွင်လည်းကောင်း ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများ ဖော်ထုတ်ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ရထားသံလမ်းပေါ်အိပ်ပျော်နေသော အမျိုးသားနှစ်ဦး ရထားကြိတ်မိပြီး သေဆုံး

**ကျောင်းကုန်း ဖေဖော်ဝါရီ ၉**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် ဖြိုက်ကြီးကျေးရွာအနီးတွင် ယမန်နေ့ မွန်းလွဲပိုင်းက အမျိုးသားနှစ်ဦး ရထားကြိတ်မိပြီး သေဆုံးမှုဖြစ်ပွားကြောင်း သိရသည်။

**အမှုဖွင့်အရေးယူ**

လှည်းဆိပ်ရဲကင်းစခန်းမှူး ဒုတိယရဲအုပ် သက်အောင်သည် ရဲကင်းစခန်း၌ တာဝန်ထမ်းဆောင်နေစဉ် ကြံခင်းမြို့မှ ပုသိမ်မြို့သို့ စက်ခေါင်းမောင်း ဦးဝင်းလတ် မောင်းနှင်လာသော ရထားစက်ခေါင်းအမှတ် DF 1207 ရထားအမှတ် (၁၈၂)အစုန်/အမြန် ရထားသည် ဖြိုက်ကြီးကျေးရွာအနီး ရထားလမ်းမိုင်တိုင်အမှတ် ၁၆၈/၃ နှင့် ၁၆၈/၄ ကြားအရောက်တွင် ရထားသံလမ်းပေါ်၌ ကန့်လန့်အိပ်ပျော်နေသော အမျိုးသားနှစ်ဦးအား ကြိတ်မိရာ သေဆုံးသွားကြောင်း သိရသဖြင့် သွားရောက်စစ်ဆေးရာ သေဆုံးသူများသည် မြန်အောင်မြို့နယ် အင်ပင်မြို့နေသူများဖြစ်ပြီး ရထားလမ်းဘေး၌ ပေါက်နေသော ကိုင်းပင်များအား ခုတ်ယူစုဆောင်းသူများဖြစ်ကြောင်း၊ ရထားသံလမ်းပေါ်တွင် အိပ်ပျော်နေစဉ် ရထားကြိတ်ခံရခြင်းဖြစ်ကြောင်း၊ ဖြစ်စဉ်နှင့်ပတ်သက်၍ ဓမ္မတာအတိုင်း သေဆုံးခြင်းဟုတ် မဟုတ် မြို့နယ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်စစ်ဆေးသွားမည်ဖြစ်ပြီး ကျောင်းကုန်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

# တပ်ကုန်းမြို့နယ် ကြံခင်းကျေးရွာ၌ သားအဖချင်း စကားများရာမှ ဓားခုတ်မှုဖြစ်ပွား

**တပ်ကုန်း ဖေဖော်ဝါရီ ၉**

နေပြည်တော် တပ်ကုန်းမြို့နယ် ညောင်တုန်းအိုင်အုပ်စု ကြံခင်းကျေးရွာ၌ ဖေဖော်ဝါရီ ၈ ရက် ည ၈ နာရီက ဖခင်ဖြစ်သူက သားဖြစ်သူကို ဓားဖြင့်ခုတ်သတ်ရာ သေဆုံးခဲ့ကြောင်း သိရသည်။

ဖေဖော်ဝါရီ ၈ ရက် ညပိုင်းက ကြံခင်းကျေးရွာနေ ဦးချစ်ဝင်းနှင့် ဒေါ်ပျိုဆယ်တို့အတူရှိနေစဉ် သားဖြစ်သူ အောင်သူဖြိုး (၂၈နှစ်)သည် အရက်သေစာများ သောက်စားပြီး ပြန်လာကာ မိခင်နှင့်ဖခင်တို့အား ဆဲဆိုနေသဖြင့် ဖခင် ဦးချစ်ဝင်းက အနီးရှိ နှစ်ပေခန့်ရှည်သည့် ဓားဖြင့် ခုတ်ခဲ့ကြောင်း။

သားဖြစ်သူ အောင်သူဖြိုးအား ခုတင်(၁၀၀) ဆေးရုံသို့ ပို့ဆောင်စဉ် လမ်း၌ ရရှိဒဏ်ရာဖြင့် သေဆုံးသွားသဖြင့် ဦးချစ်ဝင်း (၆၃နှစ်) ကို ရွှေမြို့ရဲစခန်းမှူး ရဲအုပ်အောင်နိုင်ထူးက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**တင်ထွန်းတာ**

# ကျောက်ဖြူမြို့နယ်၌ ထင်းမီးဖိုမှတစ်ဆင့် မီးလောင်မှုဖြစ်

**နေပြည်တော် ဖေဖော်ဝါရီ ၉**

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်၌ ယမန်နေ့က ထင်းမီးဖိုမှတစ်ဆင့် မီးလောင်မှုဖြစ်ပွားကြောင်း သိရသည်။

ယမန်နေ့ ည ၇ နာရီက ပြိန်ကျေးရွာနေ မနွယ်နွယ်မြင့် (၃၂နှစ်)သည် နေအိမ်မီးဖိုချောင် တွင် ထင်းမီးဖြင့် ထမင်းအိုးတည်ပြီး အပြင်သွားခဲ့ရာ ထင်းမီးမှတစ်ဆင့် မီးလောင်မှုဖြစ်ပွားခဲ့၍ မြဒေးကျွန်းနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့က ဝိုင်းဝန်းငြှိမ်းသတ်ခဲ့ရာ ည ၈ နာရီ ၂၅ မိနစ်တွင် မီးငြိမ်းသွားခဲ့ကြောင်း၊ မီးလောင်မှုကြောင့် မနွယ်နွယ်မြင့်အား မြဒေးကျွန်းနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# ဆူပူဆန္ဒပြသူများ၏ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် လေးဦး ထိခိုက်ဒဏ်ရာရရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၉**

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်မှစ၍ နိုင်ငံတော်ကို အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်ကြေညာပြီးနောက် နိုင်ငံအတွင်းရှိ အချို့မြို့ကြီးများတွင် ဆူပူဆန္ဒပြမှုများဖြစ်ပေါ်လာသည့်အတွက် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အများပြည်သူတို့၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးကို ထိခိုက်ပျက်ပြားစေသည့်အပြင် ရန်းရင်းဆန်ခတ်မှုများဖြစ်ပွားစေနိုင်သည်ဟု ယုံကြည်ယူဆသဖြင့် ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ-၁၄၄ ကို ထုတ်ပြန်၍ လူ ၅ ဦး သို့မဟုတ် ၅ ဦးထက်ပို၍ လူစုဝေးခြင်း မပြုရန် တားမြစ်ချက်များ ထုတ်ပြန်ခဲ့သည်။

ထိုသို့ ထုတ်ပြန်ထားသည့် မြို့နယ်များတွင် ပါဝင်ခဲ့သည့် မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ၃၈ လမ်း ၇၆x၇၈ လမ်းကြားတွင် ယနေ့ နံနက်ပိုင်းမှစတင်၍ ဆူပူဆန္ဒပြသူ ၂၀၀၀ ခန့် စုဝေးရောက်ရှိခဲ့ပြီး ကြွေးကြော်သံများကြွေးကြော်ခြင်း၊ လှုံ့ဆော်ဆန္ဒပြခြင်း၊ ရုန်းရင်းဆန်ခတ်ပြုမူခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း၊ ယင်းသို့ လုပ်ဆောင်သူများကို လူစုခွဲရန် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက မေတ္တာရပ်ခံခဲ့ရာ ဆူပူဆန္ဒပြသူများက ပြန်လည်ဆဲဆိုခြင်း၊ အရာဝတ္ထုများဖြင့် ပစ်ပေါက်ရန်စခြင်းများ ပြုလုပ်လာခဲ့ကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက ဆူပူအကြမ်းဖက်မှုဖြိုခွဲရေး လုပ်ငန်းစဉ်များအတိုင်း ဥပဒေနှင့်အညီ လူစုခွဲဆောင်ရွက်ခဲ့ရာ ဆန္ဒပြသူများအနက် လူအင်အား ၂၀၀၀ ခန့်က မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များကို ကျောက်ခဲ၊ အုတ်ခဲများ၊ ထိခိုက်ဒဏ်ရာ ရစေနိုင်သော အရာဝတ္ထုများဖြင့် ပြင်းပြင်းထန်ထန် အကြမ်းဖက်တိုက်ခိုက်မှုများ ပြုလုပ်လာခဲ့ကြောင်း။

ထိုသို့ ဆူပူဆန္ဒပြသူများ၏ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင် လေးဦး ထိခိုက်ဒဏ်ရာအသီးသီးရရှိခဲ့ပြီး လုံခြုံရေးယာဉ်များထိခိုက်ပျက်စီးခဲ့ကြောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအနေဖြင့် နိုင်ငံအတွင်း ဆူပူအကြမ်းဖက်မှုများ ဖြစ်ပွားမှုမရှိစေရေး လုံခြုံရေးလုပ်ငန်းများကို ဥပဒေနှင့်အညီ နေ့ညမပျက် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ ထုတ်ပြန်ချက်အရသိရသည်။

**သတင်းစဉ်**

# မောင်တောမြို့နယ်၌ တောဆင်ရိုင်းနင်း၍ လူတစ်ဦး သေဆုံး

**မောင်တော ဖေဖော်ဝါရီ ၉**

မောင်တောမြို့နယ် ကျောက်ပြင်ဆိပ်ကျေးရွာအုပ်စု ကျောက်ပြင်ဆိပ်တောင်ရွာ ဆင်ကြီးချောင်းအနီး၌ ယမန်နေ့က တောဆင်ရိုင်းနင်း၍ လူတစ်ဦး သေဆုံးကြောင်း သိရသည်။

မောင်တောမြို့နယ် ကျောက်လှေကားကျေးရွာအုပ်စု သဲချောင်းကျေးရွာနေ အဘူဆိဒတ်၏ သားဖြစ်သူ မာမတ်အိဆလင်သည် လွန်ခဲ့သော တစ်လခန့်က ပျောက်ဆုံးသွားသော နွားနှစ်ကောင်ကို ရှာဖွေရန် ဖေဖော်ဝါရီ ၇ ရက်က နေအိမ်မှထွက်ခွာသွားရာမှ ပြန်မလာသဖြင့် ဖေဖော်ဝါရီ ၈ ရက် နံနက်ပိုင်းက လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ကျေးရွာသူ ကျေးရွာသားများ ပူးပေါင်း၍ လိုက်လံရှာဖွေရာ နံနက် ၉ နာရီခွဲတွင် ကျောက်ပြင်ဆိပ်တောင်ရွာ ဆင်ကြီးချောင်းအနီး အမျိုးသားတစ်ဦး ဆင်နင်းထားသည့်ပုံစံဖြင့် သေဆုံးလျက်တွေ့ရှိပြီး သေဆုံးသူ၏ အနီးတစ်ဝိုက်၌ ဆင်ခြေရာများ တွေ့ရှိခဲ့ကြောင်း သိရသည်။

**သက်လွင်စိုး(ပြန်/ဆက်)**

***❑ကျောဖုံးမှ***

ရက်ဖီးလ်နှင့် ဘာရစ္စတိုးအသင်းတို့ ပွဲစဉ်ကို ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၂ နာရီတွင် ရက်ဖီးလ်အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ရက်ဖီးလ်အသင်းသည် ပရီမီယာလိဂ်တွင် ပုံစံကောင်းပျောက်ဆုံးနေပြီး အမှတ်ပေးဇယား အောက်ဆုံးတွင် ရပ်တည်နေသော်လည်း အက်ဖ်အေဖလားပြိုင်ပွဲ၌ ပဉ္စမအဆင့်သို့ တက်ရောက်ထားနိုင်သည့်အသင်း ဖြစ်သည်။ အဆိုပါ နှစ်သင်း၏ နောက်ဆုံးယှဉ်ပြိုင်ကစားထားသည့် သုံးပွဲကိုကြည့်လျှင် ရက်ဖီးလ်အသင်းက တစ်ပွဲနိုင်ပြီး နှစ်ပွဲရှုံးထားကာ ဘာရစ္စတိုးအသင်းက သုံးပွဲစလုံးရှုံးနိမ့်ထားသည်။ နိုင်ပွဲပျောက်ဆုံးနေသည့်အသင်းနှစ်သင်း ဆုံတွေ့နေသည့် ပွဲစဉ်ဖြစ်သည့်အတွက် မည်သည့်အသင်းက အနိုင်ရကာ အက်ဖ်အေဖလားနောက်တစ်ဆင့်သို့ တက်လှမ်းသွားနိုင်မလဲ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

လက်စတာနှင့် ဘရိုက်တန်အသင်းတို့ ပွဲစဉ်ကို ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၂ နာရီတွင် လက်စတာအိမ်ကွင်း၌ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ ယခုပွဲစဉ်သည် ပရီမီယာလိဂ်ကလပ်အသင်းအချင်းချင်းတွေ့ဆုံနေသည့်အတွက် စိတ်ဝင်စားဖွယ်ကောင်းနေသည်။ လက်ရှိခြေစွမ်းအရ လက်စတာအသင်းက လိဒ်စ်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ထားသော်လည်း ဖူလ်ဟမ်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ပွဲရရှိအောင် စွမ်းဆောင်ထားနိုင်ပြီး ဝုဖ်အသင်းကို ဂိုးမရှိသရေကျအောင် ကစားထားနိုင်သည့်အတွက် ခြေစွမ်းအကျဘက် ရောက်နေသည်ဟု ဆိုနိုင်ပေသည်။ ဘရိုက်တန် အသင်းက အမှတ်ပေးဇယားအဆင့် (၁၅) တွင် ရပ်တည်နေသည်ဆိုသော်ငြား နောက်ဆုံးငါးပွဲတွင် သုံးပွဲနိုင်၊ နှစ်ပွဲသရေကျထားသည့်အတွက် ရှုံးပွဲကြုံတွေ့ထားခြင်းမရှိသေးပေ။ ထို့ကြောင့် ဘရိုက်တန်အသင်း၏ခြေစွမ်း အတက်ဘက် ရောက်နေသည်ဟု ဆိုနိုင်ပေသည်။ လက်စတာအသင်းက ယခုပွဲစဉ်ပြီးလျှင် အသင်းကြီး လီဗာပူးအသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သောကြောင့် အင်အားအတောင့်တင်းဆုံးပုံစံကို အသုံးပြုကာ ပွဲထွက်လာမလား စောင့်ကြည့်ရမည် ဖြစ်သည်။

**အဲဗာတန်နှင့်စပါး**

အဲဗာတန်နှင့် စပါးအသင်းတို့ပွဲစဉ်ကို ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၂ နာရီ ၄၅ မိနစ်တွင် အဲဗာတန်အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ လက်ရှိပရီမီယာလိဂ် အမှတ်ပေးဇယားတွင် အဲဗာတန်အသင်းက ၂၁ ပွဲကစားပြီး ရမှတ် ၃၇ မှတ်ဖြင့် အဆင့် (၇) နေရာတွင် ရပ်တည်နေပြီး စပါးအသင်းက ၂၂ ပွဲကစားပြီး ရမှတ် ၃၆ မှတ်ဖြင့် အဆင့် (၈) နေရာတွင် ရပ်တည်နေသည်။ ထို့ကြောင့် အဆိုပါနှစ်သင်းသည် အမှတ်ပေးဇယားရပ်တည်မှုအရလည်းကောင်း၊ ပရီမီယာလိဂ်ကလပ်အသင်းအချင်းချင်းတွေ့ဆုံနေသည့်အတွက်ကြောင့်သော်လည်းကောင်း ယခုပွဲစဉ်သည် ပရိသတ်အကြိုက် ပွဲကောင်းတစ်ပွဲဖြစ်လာမည်ဖြစ်သည်။ အဆိုပါနှစ်သင်း၏ ခြေစွမ်းကိုနှိုင်းယှဉ်ကြည့်လျှင် အဲဗာတန်အသင်းက နောက်ဆုံးလေးပွဲတွင် တစ်ပွဲသာလျှင် နိုင်ပွဲရရှိထားသည်ကို တွေ့ရသည်။ စပါးအသင်းကလည်း နောက်ဆုံးလေးပွဲတွင် တစ်ပွဲသာလျှင် နိုင်ပွဲရရှိထားသည်ကို တွေ့ရသည်။ စပါးအသင်းသည် ယခုပွဲစဉ်ပြီးလျှင် အသင်းကြီး မန်စီးတီးအသင်းနှင့် ဆက်လက်ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သောကြောင့် လူစုံထုတ်ကာ အဲဗာတန်အသင်းကို ရင်ဆိုင်သွားမလား စောင့်ကြည့်ရမည်ဖြစ်သည်။

**အောင်ဇော်**

# ကျောက်မီးသွေးစွမ်းအင်သုံးစွဲမှုကို ၂၀၄၀ တွင် တစ်ကမ္ဘာလုံးအနှံ့ဖျက်သိမ်းရန် ကုလသမဂ္ဂ တိုက်တွန်း

**ဂျီနီဗာ ဖေဖော်ဝါရီ ၉**

ဖွံ့ဖြိုးပြီးနိုင်ငံများ၌ ၂၀၃၀ ပြည့်နှစ်တွင် ကျောက်မီးသွေးစွမ်းအင်သုံးစွဲမှုကို ရပ်နားပြီး ကျန်နိုင်ငံများ၌ ၂၀၄၀ ပြည့်နှစ်တွင် ကျောက်မီးသွေးစွမ်းအင်သုံးစွဲမှုရပ်နားရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်က တောင်းဆိုခဲ့သည်။

နှစ်စဉ်ကျင်းပနေကျဖြစ်သည့် ရာသီဥတုညီလာခံ COP26 ကို ဗြိတိန်နိုင်ငံတွင် နိုဝင်ဘာလအတွင်းက ပြုလုပ်ရန်ရည်ရွယ်ထားခဲ့ပြီး ယင်းအစည်းအဝေးမတိုင်မီ အွန်လိုင်းမှတစ်ဆင့် အကြိုဆွေးနွေးပြောဆိုမှုများ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

အမေရိကန်ပြည်ထောင်စု၊ ဥရောပနိုင်ငံများနှင့် ဂျပန်နိုင်ငံတို့ပါဝင်သည့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးရေးအဖွဲ့ဝင် နိုင်ငံများကို ၂၀၃၀ ပြည့်နှစ်တွင် ကျောက်မီးသွေးစွမ်းအင်သုံးစက်ရုံများ ပိတ်သိမ်းရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က တိုက်တွန်းခဲ့သည်။

ကျန်နိုင်ငံများတွင်မူ ယင်းကဲ့သို့ ကျောက်မီးသွေးစွမ်းအင်သုံးစက်ရုံ ပိတ်သိမ်းမှုကို ၂၀၄၀ ပြည့်နှစ်တွင် ပြုလုပ်ရန်လည်း ဂူတာရက်စ်က ပြောကြားခဲ့သည်။ ကုလသမဂ္ဂသည် ၂၀၅၀ပြည့်နှစ်တွင် ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှုကို လုံးဝမရှိတော့သည်အထိ ပြုလုပ်ရန် ရည်ရွယ်ထားသည်။

ယခုလနှောင်းပိုင်းတွင် အမေရိကန်ပြည်ထောင်စုသည် ပါရီသဘောတူညီမှုတွင် ပြန်လည်ပါဝင်ရန် ရည်ရွယ်ထားသည်။ ကုလသမဂ္ဂဆိုင်ရာ အမေရိကန်ဒုတိယသံအမတ်ကြီး ရစ်ချက်မေးလ်က အမေရိကန်အနေဖြင့် ကြိုးပမ်းအားထုတ်မှုများပြုလုပ်နေပြီး ပါရီသဘောတူညီမှုအောက်တွင် ဖန်လုံအိမ်ဓာတ်ငွေ့လျှော့ချမှုကို ပိုမိုလုပ်ဆောင်မည်ဟုလည်း ပြောကြားခဲ့သည်။

ကမ္ဘာလုံးဆိုင်ရာအရေးယူမှုများကို ပြုလုပ်နိုင်ရန်အတွက် ရာသီဥတုဆိုင်ရာဘဏ္ဍာရေးအစီအစဉ်များကို တိုးတက်ရန်လည်း လုပ်ဆောင်မည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

အင်န်အိတ်ချ်ကေ





ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်

# ကာကွယ်ဆေးများအပေါ် ယုံကြည်ကြောင်း ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်ပြော

**လန်ဒန် ဖေဖော်ဝါရီ ၉**

ဗြိတိန်နိုင်ငံတွင် အသုံးပြုနေသည့် ကာကွယ်ဆေးများအပေါ် ယုံကြည်ချက်ရှိကြောင်း ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်က ထုတ်ဖော်ပြောကြားခဲ့သည်။

တောင်အာဖရိကတွင် တွေ့ရှိရသည့် ဗီဇပြောင်း ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှုအတွက် စိုးရိမ်မှုများ မြင့်တက်နေချိန်တွင် ဗြိတိန်ဝန်ကြီးချုပ်က ယခုလို ပြောကြားခဲ့ခြင်းဖြစ်သည်။

လက်ရှိဗြိတိန်နိုင်ငံတွင် အသုံးပြုနေသည့်ဆေးမှာအစွမ်းထက်သည်ဟု ယုံကြည်ကြောင်းနှင့် ဗီဇပြောင်းဗိုင်းရပ်စ်ကြောင့် လူသေဆုံးမှုနှင့် ရောဂါပြင်းထန်မှုကို ရပ်တန့်ရာတွင် အစွမ်းထက်သည်ဟု ယုံကြည်ကြောင်း ဘောရစ်ဂျွန်ဆင်က သတင်းထောက်များကို ဖေဖော်ဝါရီ ၈ ရက်က ပြောကြားခဲ့သည်။

အက်စ်ထရာဇနီကာနှင့် အောက်စဖို့ဒ်တက္ကသိုလ်မှ ထုတ်လုပ်သည့် ကာကွယ်ဆေးကို တောင်အာဖရိကတွင် ထိုးနှံပေးမှု ရပ်ဆိုင်းလိုက်သည့်အတွက် ယခုလိုမှတ်ချက်ချပြောဆိုမှု ထွက်ပေါ်လာခြင်းဖြစ်သည်။ ကနဦး ထွက်ပေါ်လာသည့် စမ်းသပ်ချက်များအရ အဆိုပါ ကာကွယ်ဆေးမှာ ဗီဇပြောင်းဗိုင်းရပ်စ်ကြောင့် ဖြစ်ပေါ်လာသည့် ရောဂါများကို ကာကွယ်ပေးရာတွင် အစွမ်းထက်မှု နည်းပါးသည်ဟု တောင်အာဖရိက ကျန်းမာရေးဝန်ကြီးက သတင်းထောက်များကို ပြောကြားခဲ့သည်။

ဗီဇပြောင်း ကိုဗစ် -၁၉ ကို တိုက်ဖျက်ရာတွင် ကာကွယ်ဆေးမှာအနည်းငယ်သာ ကာကွယ်ပေးနိုင်သည်ဟု အောက်စဖို့ဒ်တက္ကသိုလ်မှ သုတေသနပညာရှင်များက ပြောကြားခဲ့သည်။

တောင်အာဖရိက နိုင်ငံတွင် ပြုလုပ်သည့် ကနဦးစမ်းသပ်ချက်များအရ ပြောကြားခဲ့ခြင်းဖြစ်သည်။ အသေးစိတ်အချက်အလက်များကိုမူ ထုတ်ဖော်ပြောကြားခဲ့ခြင်း မရှိပေ။

အင်န်အိတ်ချ်ကေ

# အက်စ်ထရာဇနီကာ ကာကွယ်ဆေးအတွက် အချက်အလက်များ ပိုမိုလိုအပ်ဟုဆို

**ဂျီနီဗာ ဖေဖော်ဝါရီ ၉**

တောင်အာဖရိကတွင် ဖြစ်ပွားနေသည့် ဗီဇပြောင်း ကိုဗစ် -၁၉ ကို အက်စ်ထရာဇနီကာ ကာကွယ်ဆေးက ကာကွယ်ပေးနိုင်ခြင်းရှိမရှိ မဆုံးဖြတ်မီ အချက်အလက်များပိုမိုစုဆောင်းရန်လိုအပ်သည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ပြောကြားခဲ့သည်။

ကာကွယ်ဆေးထိုးနှံပေးမှုကို ယာယီအားဖြင့် ရပ်ဆိုင်းထားသည်ဟု တောင်အာဖရိကအစိုးရက ဖေဖော်ဝါရီ ၇ ရက်တွင် ပြောကြားခဲ့သည်။

တောင်အာဖရိကတွင် အောက်စဖို့ဒ်တက္ကသိုလ်နှင့် ဗြိတိန်ဆေးဝါးထုတ်လုပ်ရေး ကုမ္ပဏီဖြစ်သည့် အက်စ်ထရာဇနီကာတို့က ထုတ်လုပ်သည့်ကာကွယ်ဆေး ထိုးနှံပေးနေခြင်းဖြစ်သည်။

ကနဦးလက်တွေ့စမ်းသပ်ချက် မှတ်တမ်းများအရ ဗီဇပြောင်းဗိုင်းရပ်စ်ကြောင့် ဖြစ်ပေါ်လာသည့်ဖျားနာမှုကို အကာအကွယ်ပေးရာတွင် ကာကွယ်ပေးနိုင်စွမ်းလျော့နည်းသည်ဟု ဖော်ပြလျက်ရှိသည်။

လူတိုင်းစိတ်ပူနေသည့်သတင်းဖြစ်သည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ညွှန်ကြားရေးမှူးချုပ်ဖြစ်သူ တက်ဒရော့ အက်ဒဟာနွမ် ဂီဘရီယက်ဆုစ်က ဖေဖော်ဝါရီ ၈ ရက်တွင် ပြုလုပ်သည့်သတင်းစာရှင်းလင်းပွဲ၌ ပြောကြားခဲ့သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ သိပ္ပံပညာရှင်ပိုင်းဆိုင်ရာ အကြီးအကဲဖြစ်သူ ဆောမြဆွာမိနက်သန်က ကာကွယ်ဆေးအနေဖြင့် အခြေအနေအားလုံးတွင် အစွမ်းထက် မထက် မသေချာမီ ကောက်ချက်ချ သုံးသပ်မှုကို စတင်မည်မဟုတ်ဟု ပြောကြားခဲ့သည်။

ယခုအချိန်အထိ လေ့လာထားပြီးသမျှမှာ အုပ်စုငယ်လေးတစ်ခုကို လေ့လာထားခြင်းမျှပင်ဖြစ်သည်ဟု ပြောသည်။ နောက်ထပ် အချက်အလက်များစွာ လေ့လာရန်လိုအပ်သေးသည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

အင်န်အိတ်ချ်ကေ




# အိန္ဒိယတွင် ကိုဗစ်-၁၉ နေ့စဉ် ကူးစက်ခံရသူ ၁၀၀၀၀ အောက်လျော့ကျ

**နယူးဒေလီ ဖေဖော်ဝါရီ ၉**

အိန္ဒိယနိုင်ငံ၏ ကိုဗစ် -၁၉ နေ့စဉ်ကူးစက်မှုနှုန်းမှာ ဖေဖော်ဝါရီ ၉ ရက်က ၉၁၁၀ တွေ့ရှိခဲ့သည့်အတွက် စုစုပေါင်းကူးစက်ခံရသူ အရေအတွက်မှာ ၁၀၈၄၇၃၀၄ ဦးရှိသည်ဟု ပြည်ထောင်စုကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးရရှိထားသည့်အချက်အလက်များအရ သိရသည်။

တရားဝင်အချက် အလက်များအရ ကိုဗစ် -၁၉ လူနာ ၇၈ ဦး သေဆုံးသွားသည့်အတွက် စုစုပေါင်း သေဆုံးသူအရေအတွက်မှာ ၁၅၅၁၅၈ ဦးအထိရှိလာပြီဟု သိရသည်။

တိုင်းပြည်အတွင်း နေ့စဉ်ကူးစက်မှုနှုန်း ၁၀၀၀၀ အောက်ကျဆင်းလာသည်မှာ ပြီးခဲ့သည့် လအနည်းငယ်အတွင်း ပထမဆုံးအကြိမ်ပင် ဖြစ်သည်။ သေဆုံးမှုနှုန်း ၁၀၀ အောက် ကျဆင်းလာသည်မှာလည်း လေးရက်ဆက်တိုက်ရှိပြီ ဖြစ်သည်။ တိုင်းပြည်အတွင်း လက်ရှိ ကူးစက်ခံထားရသူအရေအတွက်မှာ ၁၄၃၆၂၅ ဦးရှိပြီး ဆေးရုံမှ ဆင်းသွားသူအရေအတွက်မှာ ၁၀၅၄၈၅၂၁ဦး ရှိသည်ဟု သိရသည်။

ဆင်ဟွာ

# လာအိုကျန်းမာရေးဝန်ကြီးဌာနက ပြည်သူများအား ကိုဗစ်–၁၉ တားမြစ်ချက်များကို အတိအကျလိုက်နာကြရန်နှင့် ကိုဗစ်–၁၉ ကူးစက်မှုမှ သတိထားနေထိုင်ကြရန် တိုက်တွန်း

ဗီယန်ကျင်း ဖေဖော်ဝါရီ ၉

**လာအိုကျန်းမာရေးဝန်ကြီးဌာနက နိုင်ငံတစ်ဝန်းရှိ အရာရှိများနှင့် ပြည်သူများအား သတိထားနေထိုင်ကြရန်နှင့် ကိုဗစ်–၁၉ တားမြစ်ချက်များကို အတိအကျလိုက်နာဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုက်ကြောင်း သတင်းထုတ်ပြန်ဖော်ပြလိုက်သည်။**

ကိုဗစ်–၁၉ ကူးစက်ပျံ့နှံ့မှုကို တားဆီးရန် သက်ဆိုင်ရာ အာဏာပိုင်များနှင့် နိုင်ငံတစ်ဝန်းရှိ ပြည်သူများသည် ဆက်လက်သတိထားနေထိုင်ကြရမည်ဖြစ်ကြောင်းနှင့် ပုံစံအသစ်များနှင့် လိုက်လျောညီထွေစွာ နေထိုင်ကြရမည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ကူးစက်ရောဂါထိန်းချုပ်ရေးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးချုပ် လက်ဆာမိဗွန်ကန်ဆိုက လာအိုမြို့တော် ဗီယန်ကျင်း၌ ဖေဖော်ဝါရီ ၉ ရက်က ကျင်းပခဲ့သော သတင်းစာရှင်းလင်းပွဲတွင် ပြောကြားလိုက်သည်။

လက်ဆာမိက ပြည်သူများအား ကိုဗစ်–၁၉ ကူးစက်ပျံ့နှံ့မှုဒုတိယလှိုင်းကို တားဆီးကာကွယ်ရန် ပုံစံအသစ်များနှင့် လိုက်လျောညီထွေနေထိုင်ကြရန် အကြံပေးထားကြောင်း သိရသည်။ ပြည်သူများအား မလိုအပ်သည့် အကြောင်းပြချက်များဖြင့် အိမ်ထဲမှမထွက်ကြရန် အန္တရာယ်ရှိသည့်နေရာများသို့ သွားရောက်ပါက နှာခေါင်းစည်းများ ဝတ်ဆင်ကြရမည်ဖြစ်ကြောင်းနှင့် အများပြည်သူသုံး သယ်ယူပို့ဆောင်ရေးယာဉ်များ အသုံးမပြုဘဲ ရှောင်ကြဉ်ကြရန်လိုအပ်ကြောင်း ၎င်းက ဆက်လက်အကြံပေးပြောကြားထားသည်။

လာအိုနိုင်ငံသို့ ဖေဖော်ဝါရီ ၈ ရက်တွင် နိုင်ငံတကာစစ်ဆေးရေးဂိတ်များမှ ဝင်ရောက်လာကြသည့် ခရီးသွားပြည်သူ ၂၃၈၆ ဦးကိုလည်း သီးသန့်ကန့်သတ်စောင့်ကြည့်မှု မခံယူမီ ၎င်းတို့၏ ခန္ဓာကိုယ်အပူချိန်များကို စစ်ဆေးခဲ့သည်။

လာအိုနိုင်ငံတွင် ဖေဖော်ဝါရီ ၉ ရက်က ၁၀၆၇၂ ဦးအား ကိုရိုနာဗိုင်းရပ်စ် စစ်ဆေးပေးနိုင်ခဲ့ပြီး ၎င်းတို့အနက် ၄၅ ဦး ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံထားရကြောင်း စစ်ဆေးတွေ့ရှိခဲ့သည်။ ထို့နောက် ၄၁ ဦးမှာ ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါမှ ပြန်လည်ကောင်းမွန်လာပြီဖြစ်ကြောင်း၊ လာအိုနိုင်ငံတွင် မတ် ၂၄ ရက်က ပထမဆုံး ကိုဗစ်–၁၉ ကူးစက်ခံရသူ နှစ်ဦးရှိကြောင်း အတည်ပြုဖော်ပြခဲ့သည်။

ဆင်ဟွာ



လာအိုနိုင်ငံရှိ ဗီယန်ကျင်းတိုးဂိတ်တစ်ခုကို တွေ့ရစဉ်။

# ထိုင်းနိုင်ငံတွင် ကိုဗစ်–၁၉ အတည်ပြုကူးစက်ခံရသူ ၁၈၉ ဦး ထပ်မံတွေ့ရှိ

**ဘန်ကောက် ဖေဖော်ဝါရီ ၉**

ထိုင်းနိုင်ငံတွင် ဖေဖော်ဝါရီ ၉ ရက်က ကိုရိုနာဗိုင်းရပ်စ်အတည်ပြုကူးစက်ခံရသူ ၁၈၉ ဦး ထပ်မံတွေ့ရှိခဲ့ပြီး အများစုမှာ ပြည်တွင်းကူးစက်မှုကြောင့်ဖြစ်ကြောင်း ကိုဗစ်–၁၉ စီမံအုပ်ချုပ်ရေးဌာနက ဖော်ပြလိုက်သည်။

ဖေဖော်ဝါရီ ၉ ရက် ကူးစက်မှုများအနက် ၁၇၉ ဦးမှာ ပြည်တွင်းကူးစက်မှုဖြစ်ပြီး ၁၀ ဦးမှာ နိုင်ငံခြားကူးစက်မှုဖြစ်ကြောင်း ကိုဗစ်–၁၉ စီမံအုပ်ချုပ်ရေးဌာနက ပြောရေးဆိုခွင့်ရှိသူ တာဝီဆင်ဗီဆာနုရိုတင်က ပြောကြားလိုက်သည်။


ထိုင်းနိုင်ငံ ပသွန်သာနီတွင် ကျန်းမာရေးဝန်ထမ်းများက ကိုရိုနာဗိုင်းရပ်စ်စစ်ဆေးရန် လုပ်ဆောင်နေသည်ကို တွေ့ရစဉ်။

ထိုင်းနိုင်ငံတွင် ယခုအချိန်အထိ ကိုရိုနာဗိုင်းရပ်စ်အတည်ပြုကူးစက်ခံရသူ ၂၃၇၄၆ ဦးရှိကာ ၎င်းတို့အနက် ၂၁၁၈၅ ဦးမှာ ပြည်တွင်းကူးစက်မှုများဖြစ်၍ ၂၅၆၁ ဦးမှာ နိုင်ငံခြားကူးစက်မှုများဖြစ်ကြောင်း ၎င်းက ပြောကြားလိုက်သည်။

ပြည်တွင်းကူးစက်မှုများအနက် ၁၃၄၃၉ ဦးမှာ ရွှေ့ပြောင်းနေထိုင်သူများ၊ ထိုင်းနိုင်ငံသားများ၊ အများစုမှာ အစားအသောက်ရောင်းချသောဈေးများ၊ စက်ရုံများနှင့် ဆမွတ်ဆာခွန်နှင့် ဘန်ကောက်တို့မှဖြစ်ကြောင်း ကိုဗစ်–၁၉ စီမံအုပ်ချုပ်ရေးဌာနက ပြောရေးဆိုခွင့်ရှိသူက ပြောကြားလိုက်သည်။

ယခုအချိန်အထိ ကိုဗစ်–၁၉ ကူးစက်နေရသူ ၁၈၃၆၆ ဦး ပြန်လည်ကျန်းမာလျက်ရှိပြီး ၅၃၀၁ ဦးမှာ လတ်တလောတွင် ဆေးရုံတင်ထားရကာ ၇၉ ဦးမှာ စိုးရိမ်ရသော အနေအထားတွင်ရှိကြောင်း ၎င်းက ဆက်လက် ပြောကြားလိုက်သည်။

ဆင်ဟွာ

# တရုတ်နိုင်ငံ၏ ဆီနိုဖမ်း ကိုဗစ်-၁၉ ကာကွယ်ဆေးသည် အသက်ကြီးပိုင်းများတွင် ထိရောက်မှုရှိကြောင်း မော်ရိုကို ကျန်းမာရေးဝန်ကြီးဌာန ထုတ်ပြန်

**ရာဘတ် ဖေဖော်ဝါရီ ၉**

တရုတ် ကိုဗစ်–၁၉ ကာကွယ်ဆေး ဆီနိုဖမ်းသည် အသက်ကြီးသူများ၌ ထိရောက်မှုရှိကြောင်းနှင့် မော်ရိုကိုအနေဖြင့် ကိုဗစ်–၁၉ ကာကွယ်ဆေးကို အသက် ၆၀ ကျော်နှင့်အထက် အရွယ်များအား ဆက်လက်ထိုးနှံရာတွင် အသုံးပြုသွားမည်ဖြစ်ကြောင်း အာဏာပိုင်များက ဖေဖော်ဝါရီ ၈ ရက်တွင် ပြောကြားလိုက်သည်။

မော်ရိုကို ကာကွယ်ဆေးထိုးလှုပ်ရှားမှု အချက်အလက်များအရ အဆိုပါ ကိုဗစ်–၁၉ ကာကွယ်ဆေးသည် တခြားဆီနိုဖမ်းကာကွယ်ဆေး ထိုးထားသူများနှင့် နှိုင်းယှဉ်ကြည့်ပါက အသက် ၆၀ ကျော်နှင့်အထက် အသက်အရွယ်များတွင် ဆိုးကျိုးမရှိကြောင်း မော်ရိုကိုကျန်းမာရေးဝန်ကြီးဌာနက ကြေညာချက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

ယခုအချိန်အထိ အသက် ၆၀ နှင့်အထက် အသက်အရွယ်အုပ်စုများတွင် အနည်းငယ်မျှလောက်သော ဘေးထွက်ဆိုးကျိုးခံစားရသူ ရှစ်ဦးရှိကြောင်းနှင့် ယင်းပမာဏမှာလည်း လူ ၁၀၀၀၀၀ လျှင် ၂ ဒသမ ၂ ဦးခန့်ဖြစ်ကြောင်း အဆိုပါကြေညာချက်တွင် ဆက်လက် ထုတ်ပြန်ဖော်ပြထားသည်။

ဆီနိုဖမ်း အဆင့်–၃ လူသားများတွင်စမ်းသပ်မှုများကို မော်ရိုကို၌ ပြုလုပ်ခဲ့ပြီး အသက် ၆၀ ကျော်နှင့်အထက် အသက်အရွယ်အုပ်စုများ ပါဝင်ကြောင်းနှင့် အဆိုပါအသက်အရွယ်များတွင် ကိုဗစ်–၁၉ ကာကွယ်ဆေးကို စမ်းသပ်ရာ အဆင်ပြေကြောင်း ယင်းကြေညာချက်တွင် ဆက်လက် ထုတ်ပြန်ဖော်ပြလိုက်သည်။ အဆင့်–၃ စမ်းသပ်မှုသည် ဆေး၏အစွမ်းထက် ထိရောက်မှုမှာ ၈၆ ရာခိုင်နှုန်းကျော်ရှိကြောင်း ယင်းကြေညာချက်တွင် ဆက်လက်ဖော်ပြထားသည်။

တရုတ်နိုင်ငံ၏ ဆီနိုဖမ်းနှင့် ဗြိတိန်၏ အောက်စ်ဖို့ဒ်တက္ကသိုလ်နှင့် အက်စ်ထရာဇနီကာတို့မှ ကိုဗစ်–၁၉ ကာကွယ်ဆေး ၆၆ သန်းရရှိပြီးနောက် မော်ရိုကိုသည် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးခြင်းကို ဇန်နဝါရီ ၂၉ ရက်တွင် နိုင်ငံ၏ နေရာပေါင်း ၃၀၀၀ ၌ ပြုလုပ်ခဲ့သည်။

ဆင်ဟွာ

# လူထုစစ်တမ်းကောက်ယူမှုတွင် ၈၀ ရာခိုင်နှုန်းက ကိုဗစ်-၁၉ ကာကွယ်ဆေးသည် ကိုဗစ်-၁၉ ကပ်ရောဂါကို ထိန်းချုပ်ရာတွင် အထောက်အကူပြုမည်ဟု မျှော်လင့်

**တိုကျို ဖေဖော်ဝါရီ ၉**

အင်န်အိတ်ချ်ကေက ကောက်ယူခဲ့သော လူထုသဘောထားစစ်တမ်းတစ်ခုတွင် ဖြေကြားသူ ၈၀ ရာခိုင်နှုန်းနီးပါးက ကိုဗစ်–၁၉ ကာကွယ်ဆေးသည် ကိုဗစ်–၁၉ ကပ်ရောဂါကို ထိန်းချုပ်ရာတွင် အကူအညီပေးမည်ဟုမျှော်လင့်ကြောင်း ဖြေကြားသည်။

## သုံးရက်ကြာ ကောက်ယူခဲ့

အင်န်အိတ်ချ်ကေသည် အဆိုပါလူထုသဘောထားစစ်တမ်းကို သုံးရက်ကြာ ကောက်ယူခဲ့ခြင်းဖြစ်ပြီး အသက် ၁၈ နှင့် အသက်ကြီးပိုင်းများကို ဖုန်းဖြင့် ကျပန်းရွေးချယ်မေးမြန်းခဲ့ခြင်းဖြစ်သည်။ အဆိုပါ လူထုသဘောထားစစ်တမ်းကို လူပေါင်း ၁၂၄၉ ဦး သို့မဟုတ် ၅၈ ရာခိုင်နှုန်းက ဖြေကြားခဲ့သည်။ ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးခြင်းသည် ကိုရိုနာဗိုင်းရပ်စ်ကို ထိန်းချုပ်ရာတွင် အထောက်အကူပြုသလားဟု မေးမြန်းခဲ့သည့်အပေါ် ပြန်လည်ဖြေကြားသူ ၂၄ ရာခိုင်နှုန်းက အလွန်အထောက်အကူပြုသည်ဟု ဖြေကြားခဲ့ပြီး ၅၄ ရာခိုင်နှုန်းက အတိုင်းအတာတစ်ခုအထိ အထောက်အကူပြုမည်ဟု ဖြေကြားခဲ့ကာ ၁၅ ရာခိုင်နှုန်းက များစွာ အထောက်အကူပြုမည်ဟု မမျှော်လင့်ကြောင်း ပြန်လည်ဖြေကြားခဲ့ရုံမက နှစ်ရာခိုင်နှုန်းက အထောက်အကူပြုမည်ဟု လုံးဝမမျှော်လင့်ကြောင်း ဖြေကြားပေးခဲ့သည်။

## ဥပဒေအရ အရေးယူခွင့်ပြု

အဆိုပါ လူထုစစ်တမ်းကောက်ယူမှုတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့ခြင်းကို တုံ့ပြန်မည့်ဥပဒေများကိုလည်း ရည်ရွယ်ချက်ထားမေးမြန်းခဲ့ရာ ဗိုင်းရပ်စ်ကာကွယ်ရေးလမ်းညွှန်ချက်များကို လိုက်နာခြင်းမရှိသည့် တစ်ဦးချင်းနှင့် လုပ်ငန်းအဖွဲ့အစည်းများကို ဥပဒေအရ အရေးယူခွင့်ပြုထားကြောင်းလည်း သိရသည်။

ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေးနှင့် ပတ်သက်၍ မေးမြန်းခဲ့ရာတွင် ၈ ရာခိုင်နှုန်းက ပြည်သူများအား ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့ခြင်းမှ တားဆီးကာကွယ်ရာတွင် အလွန်ထိရောက်မှု ရှိမည်ဖြစ်ကြောင်း၊ ၅၀ ရာခိုင်နှုန်းက အတိုင်းအတာတစ်ခုအထိ အစွမ်းထက်ထိရောက်မှုရှိမည်ဖြစ်ကြောင်း၊ ၃၂ ရာခိုင်နှုန်းက သိပ်ထိရောက်မှုရှိမည်မဟုတ်ကြောင်း၊ ငါးရာခိုင်နှုန်းက လုံးဝထိရောက်မှုရှိမည်မဟုတ်ကြောင်း ဖြေကြားခဲ့သည်။

## ခရီးသွားလုပ်ငန်းစတင်စို့

“ခရီးသွားလုပ်ငန်းစတင်စို့” ဟူသည့် လှုပ်ရှားမှုကို အရေးပေါ်ကာလပြီးနောက် ပြန်လည်စတင်လျှင်ကောင်းမည်လားဆိုသည့် မေးခွန်းအပေါ် ငါးရာခိုင်နှုန်းက ချက်ချင်းစတင်သင့်ကြောင်း၊ ၅၁ ရာခိုင်နှုန်းက ကိုရိုနာဗိုင်းရပ်စ်အခြေအနေပေါ် မူတည်ကာ ပြန်လည်စတင်သင့်ကြောင်းနှင့် ၃၈ ရာခိုင်နှုန်းက ပြန်လည်မစတင်သင့်ကြောင်း ဖြေကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# ကမ္ဘာတစ်ဝန်းရဲ့ ကိုဗစ်- ၁၉ နောက်ဆုံးတိုးတက်ဖြစ်ပေါ်မှုအကြောင်း တစေ့တစောင်း

ငွေသော်တာ

**အက်စ်ထရာဇနီကာ ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးခြင်းဟာ တောင်အာဖရိက ဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ်မျိုးစိတ်သစ်ကို ထိရောက်စွာ မကာကွယ်နိုင်ဘူးလို့ စစ်တမ်းတစ်ခုမှာ ဖော်ပြလိုက်ပါတယ်။ အောက်စ်ဖို့ဒ်၊ အက်စ်ထရာဇနီကာ ကိုဗစ်– ၁၉ ကာကွယ်ဆေးဟာ တောင်အာဖရိက ဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ်မျိုးစိတ်သစ်ရဲ့ အသင့်အတင့် ကူးစက်ဖြစ်ပွားခြင်းကို မတားဆီးနိုင်ဘူးဆိုပြီး သုတေသနပညာရှင်တွေက ရှာဖွေတွေ့ရှိခဲ့တာ ဖြစ်ပါတယ်။ မိမိတို့အနေနဲ့ စုစုပေါင်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ အရေအတွက်ကို မလျှော့ချထားပါဘူး။ ဒါပေမယ့်လည်း သေဆုံးခြင်း၊ ဆေးရုံတင်ခြင်းနဲ့ ပြင်းထန်ရောဂါတွေကို ကာကွယ်နိုင်သေးပါတယ်လို့ အောက်စ်ဖို့ဒ်ကာကွယ်ဆေးထုတ်လုပ်ရေးအုပ်စုနဲ့ ကာကွယ်ဆေးတိုးတက်ထုတ်လုပ်မှုကို ဦးဆောင်နေတဲ့ ဆာရာဂီလ်ဘာ့တ်က ဘီဘီစီ ရုပ်မြင်သံကြားကို ပြောကြားလိုက်ပါတယ်။**

### ရုရှားကိုဗစ်–၁၉ ကာကွယ်ဆေး စပွတ်နစ်ဗီကို

ဟန်ဂေရီ ကျန်းမာရေးအာဏာပိုင်များက ရုရှား ကိုရိုနာဗိုင်းရပ်စ်စပွတ်နစ်ဗီကို အရေးပေါ်သုံးစွဲခွင့်ပြုဖို့ အတည်ပြုလိုက်သလို အဲဒီကာကွယ်ဆေးပမာဏ ၄၀၀၀၀ ခန့်ကို ထိုးပေးခဲ့တယ်လို့ သိရပါတယ်။ ဟန်ဂေရီနိုင်ငံဟာ တရုတ်ကာကွယ်ဆေးထုတ်လုပ်တဲ့ စီနိုဖမ်းနဲ့ ပထမဆုံး သဘောတူညီမှုရရှိခဲ့တဲ့ ဥရောပသမဂ္ဂ နိုင်ငံတစ်နိုင်ငံ ဖြစ်လာပါတယ်။ ဟန်ဂေရီနိုင်ငံဟာ စီနိုဖမ်းကာကွယ်ဆေး ငါးသန်းကို မှာယူထားတယ်လို့ သိရပါတယ်။

ဆေးပညာဂျာနယ်တစ်ခုဖြစ်တဲ့ လန်းဆက်က စပွတ်နစ်ဗီရဲ့ စမ်းသပ်မှုရလဒ်များအရ အဲဒီ ကိုဗစ်– ၁၉ ကာကွယ်ဆေးဟာ ၉၁ ဒသမ ၆ ရာခိုင်နှုန်းအထိ အစွမ်းထက် ထိရောက်မှုရှိတယ်လို့ သိရပါတယ်။ ဟန်ဂေရီ နိုင်ငံမှာ ကာကွယ်ဆေးရရှိမှု နှောင့်နှေးနေတဲ့အပေါ် ဝေဖန်မှုများလည်း မြင့်တက်နေပါတယ်။

### တရုတ်က ကမ္ဘောဒီးယားကို ကာကွယ်ဆေးပေး

တရုတ်နိုင်ငံဟာ ကိုဗစ်– ၁၉ ကာကွယ်ဆေးဖြစ်တဲ့ စီနိုဖမ်းကာကွယ်ဆေး ၆ သိန်းကို သူ့ရဲ့ မဟာမိတ်နိုင်ငံ ဖြစ်တဲ့ ကမ္ဘောဒီးယားနိုင်ငံကို ဖြန့်ဝေပေးခဲ့ပါတယ်။ ကမ္ဘောဒီးယားနိုင်ငံဟာ တရုတ် ကိုဗစ်–၁၉ ကာကွယ်ဆေးကိုအသုံးပြုမယ့် နောက်ဆုံးနိုင်ငံတစ်နိုင်ငံ ဖြစ်လာသော်လည်း အနောက်အုပ်စုများက ထုတ်လုပ်လိုက်တဲ့ ကိုဗစ်– ၁၉ ကာကွယ်ဆေးနဲ့ နှိုင်းယှဉ်ကြည့်ရင်တော့ အစွမ်းထက် ထိရောက်မှုအပိုင်းမှာ အနည်းငယ်စိုးရိမ်စိတ်လေး ဖြစ်ပေါ်လျက်ရှိတယ်လို့ သိရပါတယ်။

### အစ္စရေးနိုင်ငံရဲ့ တတိယ ဗိုင်းရပ်စ်ပိတ်ဆို့မှု

အစ္စရေးနိုင်ငံဟာ တတိယ ကိုဗစ်– ၁၉ ဗိုင်းရပ်စ်ပိတ်ဆို့မှုမှ သက်ဝင်နိုးထလာတာနဲ့အတူ ဆံသဆိုင်တွေနဲ့ တခြားစီးပွားရေးလုပ်ငန်းတွေကို ပြန်လည်ဖွင့်လှစ်နေကြပါပြီ။ ထို့အတူ အကြီးအကျယ်ကာကွယ်ဆေးထိုးရေး လှုပ်ရှားဆောင်ရွက်မှုတွေ လုပ်ဆောင်နေကြပြီဖြစ်ပါတယ်။

ဒီဇင်ဘာလကတည်းကစပြီး အစ္စရေးနိုင်ငံရဲ့ လူဦးရေ ကိုးသန်းလောက်မှာ ၃ ဒသမ ၄ သန်းကျော်ဟာ ကိုဗစ်–၁၉ ကာကွယ်ဆေးကို ထိုးနှံခံခဲ့ကြပါတယ်။ ဒါဟာ ကမ္ဘာ့အမြန်ဆုံး တစ်ဦးချင်း ကာကွယ်ဆေးထိုးနှံနိုင်ခဲ့တာပဲဖြစ်ပါတယ်။

ဖေဖော်ဝါရီ ၅ ရက် အစောပိုင်းက အစ္စရေးအစိုးရက ဒီဇင်ဘာလကတည်းက ထားရှိခဲ့တဲ့ ကန့်သတ်ပိတ်ဆို့မှုများကို ဖယ်ရှားလိုက်ပြီလို့ ကြေညာချက်ထုတ်ပြန်လိုက်ပါတယ်။

ဂျေရုဆလင် ဆံသဆရာတစ်ဦးဖြစ်တဲ့ အလီဟာ ကန့်သတ်ပိတ်ဆို့မှုတွေကို ဖယ်ရှားလိုက်ပြီးနောက်မှာ ဆိုင်ပြန်လည်ဖွင့်လှစ်လိုက်တဲ့ ဆံသဆရာများထဲမှ တစ်ဦးပဲ ဖြစ်ပါတယ်။

"ကျွန်တော် တဖြည်းဖြည်း ပြန်သတိထားမိတာက ကျွန်တော့်ဖောက်သည်တွေဟာ တဖြည်းဖြည်းလုပ်ငန်းခွင် ပြန်လည်ဝင်ရောက်နေကြပြီဆိုတာပဲ ဖြစ်ပါတယ်။

"ကျွန်တော်တို့မှာ အလုပ်လုပ်မယ့်အစီအစဉ်တွေ ရှိသလို ဒါဟာ ကပ်ရောဂါရဲ့ မကောင်းမှုတွေ အဆုံးသတ်သွားပြီလို့ ပြောရမယ့်အချိန်ပါ"လို့ သူက ဝမ်းသာအားရ ပြောလိုက်ပါတယ်။

ကာကွယ်ဆေးထိုးနှံမှုတွေ လုပ်ဆောင်နေသော်လည်း အစ္စရေးနိုင်ငံမှာ တစ်နေ့ကို ပျမ်းမျှ ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားသူပေါင်းဟာ ၆၅၀၀ လောက် ရှိပါတယ်။ ဒါဟာ ဇန်နဝါရီလလယ်က ကူးစက်ဖြစ်ပွားခဲ့တဲ့ ပမာဏ ၈၀၀၀ အောက် လျော့နည်းလာတဲ့ အရေအတွက်ပဲ ဖြစ်ပါတယ်။

ဟိုတယ်တွေနဲ့ စားသောက်ဆိုင်တွေကို ပိတ်ထားဆဲ ဖြစ်ပြီး စားသောက်ဆိုင်တွေကိုတော့ ပါဆယ်စနစ်နဲ့ ရောင်းချခွင့်တော့ ပြုထားပါတယ်။ တည်းခိုခန်းတွေကတော့ အတူနေမိသားစုဝင်တွေကို တည်းခိုခွင့်ပြုထားတယ်လို့ သိရပါတယ်။

နိုင်ငံတကာလေကြောင်းလိုင်းတွေကို တားဆီး ကန့်သတ်ပိတ်ဆို့ထားတာကိုလည်း ဖေဖော်ဝါရီ ၂၀ ရက်အထိ ဆက်လက်ထားရှိသွားမှာ ဖြစ်ပါတယ်။ အလားတူ အစ္စရေးနိုင်ငံရဲ့ နယ်စပ်ကိုလည်း ပိတ်ထားမှာ ဖြစ်ပါတယ်။ အစ္စရေးနိုင်ငံမှာ ကိုဗစ်– ၁၉ စုစုပေါင်း ကူးစက်ဖြစ်ပွားသူ အရေအတွက်ဟာ အခုဆိုရင် ၆၈၇၀၀၀ ကျော်ရှိလာပြီး ၅၀၀၀ ကျော် သေဆုံးခဲ့ပြီ ဖြစ်ပါတယ်။

### ကပ်ရောဂါဟာ ဒုတိယကမ္ဘာစစ်ထက်ဆိုး

ချက်နိုင်ငံမှ ဝန်ကြီးတစ်ဦးက ကိုဗစ်– ၁၉ ကပ်ရောဂါဟာ ဒုတိယကမ္ဘာစစ်ထက်ဆိုးတယ်လို့ ပြောကြားလိုက်ပါတယ်။ ကိုရိုနာဗိုင်းရပ်စ်ကြောင့် ဖြစ်ပေါ်လာတဲ့ အကျိုးသက်ရောက်မှုတွေဟာ ဒုတိယကမ္ဘာစစ်ထက် ဆိုးရွားတယ်လို့ သတိပေးပြောကြားလိုက်ပြီး စာသင်ကျောင်းတွေကို ပြန်ဖွင့်ပေးဖို့ တိုက်တွန်းလိုက်ပါတယ်။

အလုပ်သမားဝန်ကြီး ဂျာနာမယ်လာကိုဗာက ဒုတိယကမ္ဘာစစ်ရဲ့သန်း ၇၀ ကျော်သော ဒုက္ခသည်များကို မလေးစားဘူးဟု မဆိုလိုကြောင်း ပြောကြားလိုက်ပါတယ်။ ကိုဗစ်–၁၉ ကပ်ဆိုးကြီးက လွတ်မြောက်အောင် နည်းလမ်းရှာနေတယ်လို့ သူက ပြောပါတယ်။

### ယူရိုဇုန်အဖွဲ့ဝင်နိုင်ငံများရဲ့ ကြွေးမြီ

ဥရောပသမဂ္ဂဗဟိုဘဏ်အကြီးအကဲ ခရစ်စတင်းလာ့ဂါဒီက ကိုဗစ်– ၁၉ အကျပ်အတည်းကာလမှာ ယူရိုဇုန်အဖွဲ့ဝင်နိုင်ငံများရဲ့ ကြွေးမြီတွေကို လျှော်ပစ်ဖို့ ငြင်းဆိုခဲ့ပါတယ်။

ယူရိုဇုန်နိုင်ငံများရဲ့ စီးပွားရေးကိုပြန်လည်ကုစားနိုင်ရေးအတွက် ကြွေးမြီများကို ဖျက်သိမ်းဖို့ နိုင်ငံပေါင်း ၁၀၀ ကျော်လောက်က ဖေဖော်ဝါရီ ၅ ရက်က တောင်းဆိုခဲ့တာကို အခုလို ပြန်လည်တုံ့ပြန်ခဲ့တာ ဖြစ်ပါတယ်။

### ကိုရိုနာကြောင့် ၂ ဒသမ ၃ သန်းကျော် သေဆုံး

၂၀၁၉ ခုနှစ် ဒီဇင်ဘာလမှာ တရုတ်နိုင်ငံမှာ စတင်ဖြစ်ပွားလာခဲ့တဲ့ ကိုဗစ်– ၁၉ ကြောင့် ကမ္ဘာ့ပေါ်မှာ သေဆုံးသူပေါင်း အခုအခါတွင် ၂၃၁၀၂၃၄ ဦး ရှိလာပြီဖြစ်ကြောင်း အေအက်ဖ်ပီရဲ့ စာရင်းများအရ သိရပါတယ်။

အမေရိကန်ပြည်ထောင်စုဟာ ကမ္ဘာမှာ ကိုဗစ်– ၁၉ အဆိုးဆုံးခံစားနေရတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်လာပြီး ကိုဗစ်– ၁၉ ကြောင့် သေဆုံးသူ ၄၆၂၁၈၁ ဦးရှိလာခဲ့ပြီး ကိုဗစ်– ၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၂၆၉၁၈၂၇၁ ဦး ရှိပြီဖြစ်ပါတယ်။ အမေရိကန်ပြည်ထောင်စုပြီးနောက် နောက်ထပ် ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါကို အဆိုးဆုံးခံစားနေရတဲ့ နိုင်ငံမှာ ဘရာဇီးနိုင်ငံဖြစ်ပြီး ကိုဗစ်– ၁၉ ကူးစက်ဖြစ်ပွားသူ ၉၄၉၇၇၉၅ ဦး ရှိလာပြီး သေဆုံးသူ ၂၃၁၀၁၂ ဦးရှိခဲ့ပါတယ်။ အလားတူပဲ မက္ကဆီကိုနိုင်ငံမှာ ကိုဗစ်– ၁၉ ကူးစက်ဖြစ်ပွားသူ ၁၉၂၆၀၈၀ ရှိပြီး သေဆုံးသူ ၁၆၅၇၈၆ ဦး ရှိလာခဲ့ပါတယ်။ ထို့အပြင် အိန္ဒိယနိုင်ငံမှာလည်း ကိုဗစ်– ၁၉ ကူးစက်ဖြစ်ပွားသူ ၁၀၈၂၆၃၆၃ဦး ရှိခဲ့ပြီး သေဆုံးသူ ၁၅၄၉၉၆ ဦး ရှိလာခဲ့ပါတယ်။ အင်္ဂလန်နိုင်ငံမှာတော့ ကိုဗစ်– ၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၃၉၂၉၈၃၅ ဦး ရှိကြောင်းသိရပြီး နိုင်ငံတစ်ဝန်း ကိုဗစ်– ၁၉ ကြောင့် သေဆုံးသူ ၁၁၂၀၉၂ ဦး သေဆုံးခဲ့ပါတယ်။ ။ ကိုးကား– အေအက်ဖ်ပီ




ကိုဗစ်– ၁၉ အတွက် တိုက်ပွဲဝင်ခဲ့ကြသူများကို လေးစားဂုဏ်ပြုဖော်ပြရေးဆွဲထားတဲ့ နံရံဆေးရေးပန်းချီတစ်ခုကို တွေ့ရစဉ်။

**"ဆေးပညာဂျာနယ်တစ်ခုဖြစ်တဲ့ လန်းဆက်က စပွတ်နစ်ဗီရဲ့ စမ်းသပ်မှုရလဒ်များအရ အဲဒီ ကိုဗစ်- ၁၉ ကာကွယ်ဆေးဟာ ၉၁ ဒသမ ၆ ရာခိုင်နှုန်းအထိ အစွမ်းထက် ထိရောက်မှုရှိတယ်လို့ သိရပါတယ်။ ဟန်ဂေရီနိုင်ငံမှာ ကာကွယ်ဆေးရရှိမှု နှောင့်နှေးနေတဲ့အပေါ် ဝေဖန်မှုများလည်း မြင့်တက်နေပါတယ်"**

---

## နိုင်ငံတကာသတင်းတိုထွာ

### တရုတ်နိုင်ငံက ပေးအပ်လှူဒါန်းသော ကိုဗစ်-၁၉ ကာကွယ်ဆေးပထမအသုတ် လာအိုနိုင်ငံသို့ရောက်ရှိ

**ဗီယန်ကျင်း ဖေဖော်ဝါရီ ၉**

တရုတ်နိုင်ငံမှ ပေးအပ်လှူဒါန်းသော ဆီနိုဖမ်းကိုဗစ်–၁၉ ကာကွယ်ဆေးပထမအသုတ်သည် လာအိုနိုင်ငံ ဗီယန်ကျင်းမြို့တော်သို့ ဖေဖော်ဝါရီ ၈ ရက်နံနက်ပိုင်းက ရောက်ရှိလာခဲ့သည်။

တရုတ်နိုင်ငံထုတ် ကာကွယ်ဆေးများကို တင်ဆောင်လာသော ကုန်တင်လေယာဉ်သည် ဗီယန်ကျင်းမြို့တော် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဒေသစံတော်ချိန် နံနက် ၁ နာရီတွင် ဆိုက်ရောက်လာခဲ့သည်။

အဆိုပါကာကွယ်ဆေးများကို လာအိုနိုင်ငံကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဘွန်ကွန်ဆိုင်ဟာဗွန်နှင့် လာအိုနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး ကျန်စီဒုန်းတို့က လေဆိပ်တွင် လက်ခံယူခဲ့ကြောင်း သိရသည်။

အဆိုပါ ကိုဗစ်–၁၉ ကာကွယ်ဆေးများသည် သက်ကြီးပိုင်းများတွင် ပိုမိုထိရောက်မှုရှိကြောင်း သိရသည်။

ဆင်ဟွာ

### ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားနေစဉ် နိုင်ငံရပ်ခြား သွားမည့်သူများအား ထောက်ခံချက် ထုတ်ပေးမည်မဟုတ်ကြောင်း ဗြိတိန်အစိုးရပြော

**လန်ဒန် ဖေဖော်ဝါရီ ၉**

ကိုဗစ်–၁၉ ကပ်ရောဂါ ကူးစက်ပြန့်ပွားမှုဖြစ်နေစဉ် နိုင်ငံရပ်ခြားသို့ သွားရောက်လိုသူများအတွက် ကာကွယ်ဆေးထောက်ခံချက်ဟုခေါ်ဆိုသည့် နိုင်ငံကူးလက်မှတ်တစ်မျိုးထုတ်ပေးရန် အစီအစဉ်ကို ဗြိတိန်အစိုးရက လုပ်ဆောင်တော့မည်မဟုတ်ကြောင်း မကြာသေးမီက ပြောကြားလိုက်သည်။

ပြည်သူများအနေဖြင့် ခရီးသွားရန်လိုအပ်ပါက ၎င်းတို့၏ဆရာဝန်များထံမှ သက်သေခံလက်မှတ်တစ်ခုကို ရယူနိုင်ကြောင်း ကာကွယ်ဆေးဆိုင်ရာဝန်ကြီး နာဒင်ဇာဟာဝီက ဗြိတိန်နှင့် ဆက်စပ်နိုင်ငံများအကြား ဆွေးနွေးညှိနှိုင်းမှုဆိုင်ရာ အကြောင်းအရာနှင့်ပတ်သက်၍ မှတ်ချက်ပြုစဉ် ဘီဘီစီသတင်းဌာနသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ဗြိတိန်တွင် ကာကွယ်ဆေးကို မဖြစ်မနေထိုးရန်လိုအပ်ချက်အဖြစ် သတ်မှတ်ထားခြင်းမရှိသောကြောင့် ယခုလို ကာကွယ်ဆေးထောက်ခံချက်ဟု ခေါ်ဆိုသည့် နိုင်ငံကူးလက်မှတ်တစ်မျိုး ထုတ်ပေးမည့်အစီအစဉ်ကို လုပ်ဆောင်တော့မည်မဟုတ်ကြောင်း သိရသည်။ ကာကွယ်ဆေးများသည် ဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုအပေါ် မည်ကဲ့သို့သက်ရောက်မှုရှိမည်ကိုလည်း ရှင်းရှင်းလင်းလင်းမသိရသေးကြောင်း ၎င်းက ပြောကြားလိုက်သည်။

ဆင်ဟွာ

# ကိုဗစ်-၁၉ ကြောင့် ယာယီပိတ်ထားခဲ့သော တောင်ကြီးမြို့အတွင်းရှိ အထင်ကရနေရာများနှင့် စေတီပုထိုးများ ပြန်လည်ဖွင့်လှစ်

တောင်ကြီး ဖေဖော်ဝါရီ ၉

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုအား ကာကွယ်၊ တားဆီး၊ ထိန်းချုပ်နိုင်ရေးအတွက် ဘုရား၊ ပုထိုး၊ စေတီများ ဖူးမြော်ခွင့်များကို ယာယီပိတ်ထားရာမှ လက်ရှိအချိန်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ တားဆီးရေးလုပ်ငန်းစဉ်များကြောင့် ရောဂါကူးစက်ပျံ့နှံ့မှုအား အတိုင်းအတာတစ်ရပ်အထိ ထိန်းချုပ်ဆောင်ရွက်နိုင်ပြီဖြစ်သဖြင့် ဘုရား၊ ပုထိုး၊ စေတီများအား အချိန်၊ လူဦးရေ ကန့်သတ်ချက်များဖြင့် ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ပြန်လည်ဖူးမြော်ခွင့်ပြုပေးပြီး လူစုလူဝေးဖြင့် အလှူအတန်းပြုလုပ်ခြင်းများကို ခွင့်မပြုပေးသေးကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

တောင်ကြီးမြို့နယ်အတွင်းရှိ ဘုရား၊ ပုထိုး၊ စေတီများအား အချိန်၊ ရင်ပြင်တော်အကျယ်အဝန်းပေါ်မူတည်၍ လူဦးရေကန့်သတ်ချက်ဖြင့် ပြန်လည်ဖူးမြော်ခွင့်ကို ဖေဖော်ဝါရီ ၈ ရက်စ၍ ဖွင့်လှစ်ပေးပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ စည်းမျဉ်း၊စည်းကမ်းများနှင့်အညီ ပြန်လည်ဖူးမြော်ခွင့်ပြုကြောင်း သိရသည်။

စိုင်းသန်းကျော်(တောင်ကြီး)




သင်သာ တခြားသူတွေနဲ့ (၆)ပေအကွာမှာနေခြင်းဟာ ကိုရိုနာဗိုင်းရပ်စ်ကို လူတွေအကြား ကူးစက်ပျံ့နှံ့ဖို့ အခွင့်အရေး လုံးဝ မပေးထားတာ ဖြစ်ပါတယ်။ ဒါကြောင့် တတ်နိုင်သလောက် အိမ်မှာပဲ နေပါ။ မဖြစ်မနေ အပြင်ထွက်ရပြီ ဆိုရင် ခုလို (၆)ပေအကွာကနေ သွားလာလှုပ်ရှားကြပါ။

## ၉-၂ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၂၇၇၀၄၁၁၁ | ၁၇၅၃၁၁၅၂ | ၄၇၆၅၅၃ |
| ၂။ | အိန္ဒိယ | ၁၀၈၄၈၀၄၅ | ၁၀၅၄၇၂၀၁ | ၁၅၅၁၉၆ |
| ၃။ | ဘရာဇီး | ၉၅၅၀၃၀၁ | ၈၄၄၇၆၄၅ | ၂၃၂၂၄၈ |
| ၄။ | ရုရှား | ၃၉၉၈၂၁၆ | ၃၄၉၃၈၈၆ | ၇၇၅၉၈ |
| ၅။ | ဗြိတိန် | ၃၉၅၉၇၈၄ | ၁၉၅၀၈၈၆ | ၁၁၂၇၉၈ |
| ၆။ | ပြင်သစ် | ၃၃၄၁၃၆၅ | ၂၃၃၉၉၃ | ၇၉၄၂၃ |
| ၇။ | စပိန် | ၂၉၈၉၀၈၅ | စိစစ်ဆဲ | ၆၂၂၉၅ |
| ၈။ | အီတလီ | ၂၆၄၄၇၀၇ | ၂၁၃၃၅၂၃ | ၉၁၅၈၀ |
| ၉။ | တူရကီ | ၂၅၃၉၅၅၉ | ၂၄၄၈၂၇၃ | ၂၆၉၀၀ |
| ၁၀။ | ဂျာမနီ | ၂၂၉၈၁၉၄ | ၂၀၅၇၃၀၀ | ၆၂၈၄၉ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၉ - ၂ - ၂၀၂၁

| | COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၁၁၇၄၇၇၉ | ၉၇၃၄၅၂ | ၃၁၉၇၆ |
| ဖိလစ်ပိုင် | ၅၄၀၂၂၇ | ၄၉၉၇၆၄ | ၁၁၂၉၆ |
| မလေးရှား | ၂၄၈၃၁၆ | ၁၉၆၅၆၆ | ၉၀၉ |
| မြန်မာ | ၁၄၁၄၄၈ | ၁၂၈၄၃၇ | ၃၁၈၀ |
| စင်ကာပူ | ၅၉၇၃၂ | ၅၉၅၀၆ | ၂၉ |
| ထိုင်း | ၂၃၇၄၆ | ၁၈၃၆၆ | ၇၉ |
| ဗီယက်နမ် | ၂၀၆၄ | ၁၄၇၂ | ၃၅ |
| ကမ္ဘောဒီးယား | ၄၇၆ | ၄၅၇ | ၀ |
| ဘရူနိုင်း | ၁၈၂ | ၁၇၅ | ၃ |
| လာအို | ၄၅ | ၄၁ | ၀ |




## COVID–19 Call Center ကို နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ထား

နေပြည်တော် ဖေဖော်ဝါရီ ၉

COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန်အတွက် COVID – 19 Call Center ကို ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေးအော်ပရေတာလေးခု၊ Blue Ocean ကုမ္ပဏီတို့ ပူးပေါင်း၍ COVID–19 Call Center (ဖုန်းနံပါတ် ၂၀၁၉) အား ဧပြီ ၈ ရက်မှစ၍ နံနက် ၈ နာရီ မှ ည ၈ နာရီအထိ ဖွင့်လှစ်ခဲ့ပြီး ယခုအခါ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ရန်ကုန် မြို့၊ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသန ဦးစီးဌာနမှ ဝန်ထမ်း ၄၃ ဦး၊ မြန်မာနိုင်ငံ ဆရာဝန်များအသင်းမှ စေတနာ့ဝန်ထမ်း ဆရာဝန် ၁၇ ဦး စုစုပေါင်း ၆၀ ဖြင့် ဖွင့်လှစ်ထားရှိသည်။

သတင်းစဉ်

# ကိုဗစ်-၁၉ ကာကွယ်ဆေးနှင့် ပတ်သက်သော မေးခွန်းနှင့်အဖြေများ

အပိုင်း(၁)

## ၁ COVID-19 ကာကွယ်ဆေးမှာ ဘယ်လိုအချက်တွေနဲ့ ပြည့်စုံဖို့လိုတာပါလဲ

COVID-19 ကာကွယ်ဆေးထိုးသော လူများအနက် အနည်းဆုံး **(၅၀)ရာခိုင်နှုန်း မှ (၇၀)ရာခိုင်နှုန်း** အထိ ကာကွယ်မှုရရှိခြင်း၊ ကာကွယ်ဆေးထိုးပြီးလျှင် ပြင်းထန်သော ဘေးထွက်ဆိုးကျိုး မရှိခြင်းနှင့် အချိန်ကြာမြင့်စွာ ရောဂါခုခံနိုင်စွမ်းအားရရှိခြင်းစသည့် အချက်တို့နှင့် ပြည့်စုံရပါမည်။

## ၂ ကမ္ဘာတစ်ဝန်းတွင် COVID-19 ကာကွယ်ဆေးကို အပြိုင်အဆိုင် ထုတ်လုပ်နေကြရာ ယခုထိုးနှံပေးမည့် ကာကွယ်ဆေးများက ဘေးကင်း စိတ်ချရတဲ့ ကာကွယ်ဆေး ဟုတ်ပါသလား

COVID-19 ကာကွယ်ဆေးသည် ထုတ်လုပ်နိုင်သည်မှာ မကြာသေး၍ ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းတွင် အသုံးပြုနေသော ကာကွယ်ဆေးများကဲ့သို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ အရည်အသွေးပြည့်မီကြောင်း အပြည့်အဝထောက်ခံချက် မရရှိသေးပါ။ သို့ရာတွင် ဘေးကင်း၍ အာနိသင်ပြည့်ဝစေရန် ကာကွယ်ဆေးထုတ်လုပ်ရာတွင် လိုက်နာရမည့် စံချိန်စံနှုန်း သတ်မှတ်ချက်များအတိုင်း ထုတ်လုပ်ထား၍ ကာကွယ်ဆေး၏ အစွမ်းထက်မှု၊ ဘေးကင်းမှုအပါအဝင် အခြားလိုအပ်သော ဝိသေသများကို ကာကွယ်ဆေးထိန်းချုပ်စိစစ် ခွင့်ပြုသူများမှ စစ်ဆေးပြီး ကမ္ဘာ့ဈေးကွက်တွင်ရောင်းချရန် ခွင့်ပြုချက်ရရှိထား၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အရေးပေါ်အသုံးပြုရန် ခွင့်ပြုချက်ရရှိထားသော ကာကွယ်ဆေးများကိုသာ ထိုးနှံပေးနိုင်ရန် ဆောင်ရွက်ပါမည်။

## ၃ COVID-19 ကာကွယ်ဆေးသည် လူတိုင်း မဖြစ်မနေထိုးနှံရမည့် ကာကွယ်ဆေးပါလား

COVID-19 ကာကွယ်ဆေးသည် မိမိသဘောဆန္ဒအလျောက် ထိုးနှံရမည့် ကာကွယ်ဆေး ဖြစ်ပါသည်။ ကာကွယ်ဆေးကို ထိုးနှံမည်ဟု ဆုံးဖြတ်ထားပါက ရောဂါကူးစက်မှုကို ကာကွယ်နိုင်မည့် ကိုယ်ခံအားရရှိရန် သတ်မှတ်အကြိမ်အရေအတွက်ကို ပြည့်အောင် ထိုးနှံရပါမည်။ ထို့အပြင် ပါးစပ်နှင့်နှာခေါင်းစည်း (Face mask) တပ်ဆင်ခြင်း၊ လက်ကို မကြာခဏဆေးခြင်းနှင့် လူတစ်ဦးနှင့် တစ်ဦး (၆)ပေ အကွာနေခြင်းတို့ကို မဖြစ်မနေ ဆက်လက် လုပ်ဆောင်ရမည်ဖြစ်ပါသည်။

## ၄ COVID-19 ရောဂါဖြစ်ပွားနေသူများနှင့် သံသယလက္ခဏာခံစားနေရသူများသည် COVID-19 ကာကွယ်ဆေးကို ထိုးနှံရန် လိုအပ်ပါသလား

COVID-19 ရောဂါဖြစ်ပွားနေသူများနှင့် သံသယလက္ခဏာခံစားနေရသူများသည် ရောဂါလက္ခဏာများအားလုံး သက်သာပျောက်ကင်းပြီးနောက် (၁၄)ရက်ကြာမှသာ ကာကွယ်ဆေးကို ထိုးနှံသင့်ပါသည်။

## ၅ COVID-19 ရောဂါ ပျောက်ကင်းပြီးသူများသည် COVID-19 ကာကွယ်ဆေးထိုးရန်လိုအပ်ပါသလား

COVID-19 ရောဂါဖြစ်ပွားဖူးသူများသည်လည်း COVID-19 ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံရန် လိုအပ်ပါသည်။ သို့မှသာ COVID-19 ရောဂါထပ်မံဖြစ်ပွားမှုမှ ကာကွယ်ရန်နှင့် COVID-19 ရောဂါ၏ နောက်ဆက်တွဲ ဆိုးကျိုးများဖြစ်ခြင်းမှ ကာကွယ်ရန် လိုအပ်သောကိုယ်ခံအားကို ရရှိမည်ဖြစ်ပါသည်။

## ၆ COVID-19 ကာကွယ်ဆေးထိုးနှံပြီးပါက COVID-19 ရောဂါကို ချက်ချင်းကာကွယ်နိုင်ပါသလား

ယေဘူယျအားဖြင့် ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံပြီးပါက ကိုယ်ခန္ဓာမှ ကိုယ်ခံစွမ်းအား စတင်ထွက်ရှိရန် အနည်းဆုံးအချိန် နှစ်ပတ်ခန့် လိုအပ်ပါသည်။ သို့ဖြစ်ပါ၍ COVID-19 ကာကွယ်ဆေးထိုးပြီးသော်လည်း ရောဂါကူးစက်မှုမှ ကာကွယ်ရန် ပါးစပ်နှင့် နှာခေါင်းစည်း (Face mask) တပ်ဆင်ခြင်း၊ လက်ကို စက္ကန့်(၂၀)ကြာအောင် စနစ်တကျမကြာခဏဆေးခြင်းနှင့် လူတစ်ဦးနှင့်တစ်ဦး (၆)ပေအကွာနေခြင်းတို့ကို ဆက်လက်လုပ်ဆောင်ရမည်ဖြစ်ပါသည်။

## ၇ COVID-19 ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံပြီးပါက ပါးစပ်နှင့် နှာခေါင်းစည်း (Face mask) တပ်ဆင်ခြင်း၊ လက်ဆေးခြင်းကို ဆက်လက်လုပ်ဆောင်ရန် လိုအပ်ပါသလား

COVID-19 ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံပြီးပါကလည်း COVID-19 ရောဂါကပ်အသွင်ဖြစ်ပွားမှုကို အမြန်ဆုံးထိန်းချုပ်နိုင်ရန် လူတိုင်း(လူတိုင်း)မှ ပါးစပ်နှင့် နှာခေါင်းစည်း (Face mask) တပ်ဆင်ခြင်း၊ လက်ကို မကြာခဏဆေးခြင်းနှင့် လူတစ်ဦးနှင့် တစ်ဦး (၆)ပေအကွာနေခြင်းတို့ကို သေချာစွာဆက်လက် လုပ်ဆောင်ရန် အလွန်အရေးကြီးပါသည်။

Ref: https://www.cdc.gov/coronavirus/2019-ncov/vaccines/faq.html
Ref: https://www.cdc.gov/coronavirus/2019-ncov/vaccines/facts.html
Ref: https://www.who.int/emergencies/diseases/novel-coronavirus-2019/media-resources/science-in-5/episode-5
Ref: https://www.cdc.gov/coronavirus/2019-ncov/vaccines/faq.html
Ref: FAQ on COVID-19 vaccine from Government of India

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

# မန္တလေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့၌ တပ်မတော်ထောက်ခံပွဲပြုလုပ်

**နေပြည်တော် ဖေဖော်ဝါရီ ၉**

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိသည့် မြန်မာ့တပ်မတော်အား ထောက်ခံပွဲကို ယနေ့တွင် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့တွင် ဦးလှမျိုး ဦးဆောင်သည့် အင်အား ၁၀၀၀၀ ခန့်ဖြင့် လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့တွင် ဦးဇော်ထွန်း ဦးဆောင်သည့် အင်အား ၁၀၀ ခန့်ဖြင့် လည်းကောင်း၊ ရွှေကျင်မြို့တွင် ဦးဇော်ဝင်း ဦးဆောင်သည့် အင်အား ၂၃၀ ခန့်ဖြင့် လည်းကောင်း၊ ရေတာရှည်မြို့တွင် ဦးအောင်နိုင်ထွန်း ဦးဆောင်သည့် အင်အား ၃၀၀ ခန့်ဖြင့် လည်းကောင်း၊ ဖြူးမြို့တွင် ဦးကျော်ငွေး ဦးဆောင်သည့် အင်အား ၄၀၀ ခန့်ဖြင့် လည်းကောင်း၊ အုတ်တွင်းမြို့တွင် ဦးဝင်းမြင့် ဦးဆောင်သည့် အင်အား ၁၅၀ ဦးဖြင့် လည်းကောင်း၊ ပန်းတောင်းမြို့တွင် ဒေါ်ခိုင်ဇင်ဖြိုး ဦးဆောင်သည့် အင်အား ၃၀၀ ဦးဖြင့် လည်းကောင်း၊ ပေါင်းတည်မြို့တွင် ဦးဝင်းလှိုင်ထွန်း ဦးဆောင်သည့် အင်အား ၄၀၀ ဦးဖြင့် လည်းကောင်း၊ သဲကုန်းမြို့တွင် ဒေါ်ဥမ္မာမိုးမိုးဇော် ဦးဆောင်သည့် အင်အား ၃၀၀ ဦးဖြင့် လည်းကောင်း အသီးသီး ဆန္ဒထုတ်ဖော်ခဲ့ကြသည်။

ထိုသို့ဆန္ဒဖော်ထုတ်ရာတွင် အမျိုးဘာသာသာသနာကို စောင့်ရှောက်သော မြန်မာ့တပ်မတော်အား ထောက်ခံပါသည်၊ ပြည်သူတို့၏အကျိုးကို အမှန်ဖော်ဆောင်မည့် တပ်မတော်အား ထောက်ခံပါသည်၊ ဖွဲ့စည်းပုံအခြေခံဥပဒေအား ကာကွယ်သော မြန်မာ့တပ်မတော်အား ထောက်ခံပါသည်၊ စစ်မှန်သော ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်မည့် တပ်မတော်အား ထောက်ခံပါသည်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ထောက်ခံပါသည်၊ ဥပဒေနှင့်အညီ အသစ်ဖွဲ့စည်းထားသည့် UEC အား ကြိုဆိုပါသည် စသည့်စာသားပါ ဆိုင်းဘုတ်များအား ကိုင်ဆောင်ကြွေးကြော်ခဲ့ကြသည်။

ပြည်သူများအနေဖြင့် တပ်မတော်က ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်း၍ မဲမသမာမှုဖြစ်စဉ်များအပေါ် ရွေးကောက်ပွဲကော်မရှင်တစ်ရပ်အား ဖွဲ့စည်းကာ စိစစ်နိုင်ရေး ဆောင်ရွက်နေမှုများကို အများပြည်သူက ထောက်ခံသည့် ဆန္ဒဖော်ထုတ်မှုများ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# COVID-19 ကာကွယ်ဆေးနှင့် ပတ်သက်သောမေးခွန်းနှင့်အဖြေများ (အပိုင်း-၂)

**(၁) မြန်မာနိုင်ငံမှာ ကိုဗစ်-၁၉ ကာကွယ်ဆေးကို မည်ကဲ့သို့စတင်ထိုးနှံပေးမှာလဲ**

- ကိုဗစ်-၁၉ ကာကွယ်ဆေးကို ဦးစားပေးလူအုပ်စုအလိုက် ထိုးနှံပေးသွားပါမည်။ ရှေ့တန်းမှ တာဝန်ထမ်းဆောင်နေသော ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများ၊ ဗဟို/တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများကို ပထမအသုတ်အနေနဲ့ စတင်ထိုးနှံပေးမည်ဖြစ်ပြီး၊ ကျန်လူအုပ်စုများကိုလည်း ကာကွယ်ဆေးရရှိမှုအပေါ်မူတည်၍ ဆက်လက်ထိုးနှံပေးသွားမှာ ဖြစ်ပါသည်။

**(၂) ဆီးချို၊ သွေးတိုး၊ နှလုံး၊ ကင်ဆာ၊ စသည့် နာတာရှည်ရောဂါ အခံရှိသောသူများနှင့် ယင်းရောဂါများအတွက် သက်ဆိုင်ရာဆေးဝါးများသောက်သုံးနေရသောသူများအနေဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးလို့ရပါသလား**

- ကိုဗစ်-၁၉ ကာကွယ်ဆေးထိုး၍ရပါသည်။ ဤကဲ့သို့ရောဂါအခံရှိနေသောသူများသည် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရလျှင် အသက်အန္တရာယ်စိုးရိမ်ရသောကြောင့် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးသင့်သောသူများ ဖြစ်ပါသည်။

**(၃) ကိုဗစ်-၁၉ ကာကွယ်ဆေးကို ဘယ်သူတွေမထိုးနှံသင့်ဘူးလဲ**

- ကိုဗစ်-၁၉ ရောဂါ အတည်ပြုခြင်းခံထားရသူလူနာများ၊ သံသယလူနာများနှင့် ရောဂါလက္ခဏာ သက်သာပျောက်ကင်းသွားပြီး (၁၄)ရက် မကျော်သေးသောသူများ၊
- ကိုဗစ်-၁၉ သံသယလက္ခဏာ (ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ ရုတ်တရက်အနံ့အရသာပျောက်ဆုံးခြင်း၊ အသက်ရှူရခက်ခဲခြင်း... စသည်တို့) ရှိသောသူများ၊
- နို့တိုက်မိခင်နှင့် ကိုယ်ဝန်ဆောင်များနှင့်
- အသက် (၁၈)နှစ် အောက် လူအုပ်စုများတို့ကို ကိုဗစ်-၁၉ ကာကွယ်ဆေး မထိုးနှံသင့်ပါ။

(ကိုယ်အင်္ဂါအစားထိုး (organ transplant) ခွဲစိတ်ကုသမှုခံယူထားသူများ၊ ခုခံအားကျရောဂါရှိနေသူများနှင့် ခုခံအားကျဆင်းစေသည့်ဆေးဝါးတစ်ခုခုသုံးစွဲနေရသူများ အနေဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံခြင်းခံယူရန် သင့်/ မသင့်ကို သက်ဆိုင်ရာ ဆရာဝန်ကြီးများနှင့် ကြိုတင်၍ တိုင်ပင်ပါ။)

**(၄) ကိုဗစ်-၁၉ ကာကွယ်ဆေးကို ဘယ်နှကြိမ် ထိုးနှံရမှာပါသလဲ**

ကိုဗစ်-၁၉ကာကွယ်ဆေးအမျိုးအစားအပေါ်တွင်မူတည်ပါသည်။

မြန်မာနိုင်ငံတွင် ထိုးနှံမည့် COVISHIELD ကာကွယ်ဆေးကို(၂)ကြိမ် ထိုးနှံရမှာဖြစ်ပါသည်။ ယေဘုယျအားဖြင့် ပထမအကြိမ် ထိုးနှံပြီးနောက် ရက်သတ္တပါတ်(၄)ပါတ်ခြားပြီး ဒုတိယအကြိမ် ထပ်မံ ထိုးနှံရမှာဖြစ်ပါသည်။

**(၅) ကိုဗစ်-၁၉ ကာကွယ်ဆေးကို ပထမတစ်ကြိမ်မှာ ကာကွယ်ဆေးတစ်မျိုးထိုးထားပြီး ဒုတိယတစ်ကြိမ်မှာ အခြားဆေးအမျိုးအစားကို ထိုးနှံလို့ရနိုင်ပါသလား**

ယခုအချိန်အထိလေ့လာတွေ့ရှိချက်များအရ - အခြားဆေးအမျိုးအစားကိုထိုးနှံ၍ မရပါ။ ပထမအကြိမ်တွင် ထိုးနှံထားသော ကာကွယ်ဆေးအမျိုးအစားနှင့်တူညီသော ကာကွယ်ဆေးကို ဒုတိယအကြိမ်ထပ်မံထိုးနှံမှသာ ထိရောက်လုံလောက်သောကိုယ်ခံစွမ်းအား ရရှိမည်ဖြစ်ပါသည်။

**(၆) မြန်မာနိုင်ငံ၌ အရေးပေါ်အခြေအနေတွင် အသုံးပြုရန်အတွက် လက်ရှိတရားဝင် ခွင့်ပြုထားသော ကိုဗစ်-၁၉ ကာကွယ်ဆေးတွေက ဘာတွေပါသလဲ**

မြန်မာနိုင်ငံ၌ အရေးပေါ်အခြေအနေတွင် အသုံးပြုရန်အတွက် ကိုဗစ်-၁၉ ကာကွယ်ဆေး (၁)မျိုးဖြစ်သည့် COVISHIELD/ Astrazeneca ကာကွယ်ဆေးကို လတ်တလော တရားဝင်ခွင့်ပြုထားပါသည်။ ဤကာကွယ်ဆေးကို အသက် (၁၈)နှစ်နှင့်အထက် လူကြီးများအတွက်သာ အသုံးပြုခွင့်ပြုပေးထားပါသည်။

(နောက်ထပ်ခွင့်ပြုချက်ရရှိသော ကာကွယ်ဆေးများကိုလည်း ဆက်လက်ဖော်ပြပေးသွားပါမည်။)

**(၇) COVISHIELD ကာကွယ်ဆေးထိုးနှံပြီးလျှင် မည်ကဲ့သို့သော သာမန်လက္ခဏာများ ပြတတ်ပါသလဲ**

**(က) COVISHIELD ကာကွယ်ဆေးထိုးပြီးနောက် လူ (၁၀) ဦး တွင် (၁) ဦးထက်ပို၍ ခံစားရနိုင်ခြေရှိသည့် သာမန်လက္ခဏာများမှာ-**

- ဆေးထိုးသည့်နေရာတွင် နာခြင်း၊ နီခြင်း၊ ရောင်ခြင်း၊
- ခေါင်းကိုက်ခြင်း၊ ကိုယ်လက်ကိုက်ခဲခြင်း၊
- နုံးချိခြင်း၊ မအီမသာဖြစ်ခြင်း၊

**(ခ) COVISHIELD ကာကွယ်ဆေးထိုးပြီးနောက် လူ (၁၀) ဦးတွင် (၁) ဦးခန့်သာ ခံစားရနိုင်ခြေရှိသည့် သာမန်လက္ခဏာများမှာ-**

- ဆေးထိုးသည့်နေရာတွင် အကျိတ်ငယ်ဖြစ်ခြင်း၊
- ဖျားခြင်း၊
- အန်ခြင်း၊
- ရာသီတုပ်ကွေးရောဂါကဲ့သို့ သာမန်လက္ခဏာများ (ဖျားခြင်း၊ အာသီးရောင်ခြင်း၊ နှာချေ/ချောင်းဆိုးခြင်း၊ ချမ်းတုန်ခြင်း...စသည်) တို့ ပြတတ်ပါသည်။

**(ဂ) COVISHIELD ကာကွယ်ဆေးထိုးပြီးနောက် လူ (၁၀၀) ဦးတွင် (၁) ဦးခန့်သာ ခံစားရနိုင်ခြေရှိသည့် သာမန်လက္ခဏာများမှာ-**

- မူးဝေခြင်း၊
- ယားယံခြင်း၊
- ချွေးထွက်လွန်ခြင်း၊
- အစာစားချင်စိတ်လျော့နည်းခြင်း၊ ဗိုက်အောင့်ခြင်း၊
- ပြန်ရည်ကျိတ်များကြီးခြင်း တို့ဖြစ်နိုင်ပါသည်။

**ကာကွယ်ဆေးနှင့် ဓာတ်တည့်မှု ရှိ/မရှိနှင့် ပြင်းထန်သည့်ဘေးထွက်ဆိုးကျိုးများ ရှိ/မရှိ သေချာစေရန် ဆေးထိုးပြီးပါက စောင့်ဆိုင်းသည့် နေရာတွင် "မိနစ်(၃၀)ခန့်" စောင့်ဆိုင်းရန် အရေးကြီးပါသည်။**

**ပထမအကြိမ်ကာကွယ်ဆေးထိုးပြီးနောက် ကာကွယ်ဆေးထိုးနှံခြင်းမှတ်တမ်း (ကာကွယ်ဆေးထိုးကဒ်)ကို မပျောက်မပျက်စေရန် စနစ်တကျသိမ်းဆည်းထား၍ နောက်တစ်ကြိမ်ကာကွယ်ဆေးထိုးနှံမှုခံယူရန် လာရောက်သည့်အခါတွင် မပျက်မကွက်ယူဆောင်လာရန်လိုအပ်ပါသည်။**

မှတ်ချက်။ ကိုဗစ်-၁၉ ကာကွယ်ဆေးများသည် နည်းပညာအသစ်ဖြင့် အချိန်တိုအတွင်း ထုတ်လုပ်ထားသော ကာကွယ်ဆေးအသစ်များဖြစ်၍ ယခုအချိန်၌သိရှိထားသော သတင်းအချက်အလက်များသည် ပြောင်းလဲမှုများရှိလာနိုင်ပါသည်။ သတင်းအချက်အလက်အသစ်များ ထပ်မံ သိရှိရပါက ဆက်လက်ဖော်ပြပေးသွားမည် ဖြစ်ပါသည်။

Reference: Serum Institute of India (SII). Fact sheet for vaccine recipient approved for restricted use in emergency situation of ChAdOx1 nCoV- 19 Coronavirus Vaccine (Recombinant), COVISHIELD, in prevention of (covid-19) disease in individuals 18 years of age and older. (Revised: 01 January 2021). Available at: https://www.seruminstitute.com/product_covishield.php

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

# ခရီးသွားလုပ်ငန်းများ ဖွင့်လှစ်လာသည့်အတွက် စစ်တွေမြို့နယ်၌ ငါးခြောက်၊ ပုစွန်ခြောက်များ အရောင်းအဝယ်အဆင်ပြေ

**စစ်တွေ ဇန်နဝါရီ ၉**

ကိုဗစ်-၁၉ ရောဂါအလွန်ကာလ ခရီးသွားလုပ်ငန်းများ ဖွင့်လှစ်လာသည့်အတွက် စစ်တွေမြို့ မြို့မဈေးကြီးတွင် ငါးခြောက်၊ ပုစွန်ခြောက်များ ရောင်းချနေသူများ အရောင်းအဝယ်လိုက်ကြောင်း သိရသည်။

စစ်တွေမြို့ ပြည်တော်သာရပ်ကွက် မြို့မဈေးကြီးတွင် ငါးခြောက်နှင့် ပုစွန်ခြောက်များ ရောင်းချနေသော ဒေါ်ဆွေဆွေသန်းက “ ရွှေပုစွန်၊ ငါးနီတူခြောက်၊ ငါးလှသာခြောက်၊ ခုံးခြောက်တွေနဲ့ ငါးမုန့်ခြောက်တွေ ရောင်းချပါတယ်။ ရွှေပုစွန်ခြောက်တွေ ဆိုရင် ဈေးနှုန်းက အမျိုးအစားအလိုက် ကွာခြားပြီးတော့ ရွှေပုစွန်ခြောက်တွေဆိုရင် တစ်ပိဿာကို ငွေကျပ် ၃၀၀၀၀ အထိ အမြင့်ဆုံး ရှိပြီးတော့ ငနီတူခြောက်တွေဆိုရင်လည်း ငွေကျပ် ၉၀၀၀ ထိ ရောင်းချပေးနေပါတယ်။ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေတာကြောင့် ဈေးတွေပိတ်တာ၊ လမ်းပန်း ဆက်သွယ်ရေးတွေ ပိတ်တဲ့အချိန်မှာ ရောင်းအားက ကျဆင်းခဲ့ပါတယ်။ အခုဆိုရင် လေယာဉ်ခရီးစဉ်တွေလည်း ပြန်လည်ပြေးဆွဲပြီ ဖြစ်တဲ့အတွက် ရောင်းအားက တက်လာပါတယ်။ ဒီရွှေပုစွန်ခြောက်တို့၊ ငါးခြောက်တို့ဆိုတာက ခရီးသွားပြည်သူတွေပဲ အဓိက ဝယ်ယူအားပေးကြတာ ဖြစ်ပါတယ်။ ကိုဗစ်-၁၉ ရောဂါကာလကတော့ ရောင်းအား အလွန်ကို ကျဆင်းခဲ့ပါတယ်။ ဈေးကလည်း နေ့တစ်ဝက်ပဲ ရောင်းခဲ့ရတယ်။ အခုဆိုရင်တော့ လမ်းခရီးတွေ ပြန်လည်ဖွင့်လှစ်လာပြီဖြစ်တဲ့အတွက် ဈေးရောင်းချရတာ အဆင်ပြေပါတယ်” ဟု ပြောသည်။

စစ်တွေမြို့ မြို့မဈေးကြီးတွင် စစ်တွေမြို့နယ်နှင့် ပေါက်တောမြို့နယ်တို့မှ ထွက်ရှိလာသည့် ငါးခြောက်၊ ပုစွန်ခြောက်များကို ရောင်းချနေသည့် ဈေးဆိုင်များအပြင် ငါးခြောက်၊ ပုစွန်ခြောက်များကို ဝယ်ယူရောင်းချနေသည့် ပွဲရုံများလည်း ရှိကြသည်။

မြို့မဈေးကြီးတွင် ရောင်းချနေသော ငါးခြောက်နှင့် ပုစွန်ခြောက်များကို ရန်ကုန်မြို့နှင့် မြန်မာနိုင်ငံအနှံ့မှ ခရီးသွားပြည်သူများ၊ ရခိုင်ပြည်နယ်အတွင်းရှိ မင်းပြား၊ မြောက်ဦး၊ ကျောက်တော်၊ ပုဏ္ဏားကျွန်း၊ ရသေ့တောင်၊ ဘူးသီးတောင်၊ မောင်တောမြို့နယ်များမှ ဈေးရောင်းချနေသူများနှင့် အလှူပွဲများပြုလုပ်ရန်အတွက် လာရောက်ဝယ်ယူကြကြောင်း သိရသည်။



ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု ကျဆင်းလာသည်နှင့်အမျှ ခရီးသွားလုပ်ငန်းများ ဖွင့်လှစ်လာချိန်တွင် ခရီးသွားလုပ်ငန်းကို အမှီပြုလုပ်ကိုင်နေကြသော အခြေခံ ပြည်သူများနှင့် စက်ရုံ အလုပ်ရုံများ ပြန်လည် လည်ပတ်လာကြောင်း သိရသည်။ ထိုကဲ့သို့ ခရီးသွားလုပ်ငန်းများ ဖွင့်လှစ်လာခြင်းကြောင့် စစ်တွေမြို့နယ်၌ ငါးခြောက်၊ ပုစွန်ခြောက်နှင့် ရေထွက်ပစ္စည်းများ ရောင်းချနေသူများမှာလည်း ရောင်းအားကောင်းလာကာ ဝင်ငွေတိုးလာကြောင်း သိရသည်။

**တင်ထွန်း**

**(ပြန်/ဆက်)**







# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ နွေစပါးဧက ၂၆၀၀၀ ကျော်အတွက် တဘူးလှဆည်မှ ရေပေးဝေလျက်ရှိ

**ရန်ကုန် ဖေဖော်ဝါရီ ၉**

ရန်ကုန်တိုင်းဒေသကြီးအတွင်း နွေစပါးစိုက်ပျိုးမှုအတွက် ဥက္ကံမြို့ အရှေ့ဘက်ရှိ တဘူးလှဆည်မှရေသွယ်မြောင်းများဖြင့် ရေပေးဝေလျက်ရှိရာ ယခုနှစ်နွေစပါးဧက၂၆၀၀၀ ကျော်အတွက် ရေပေးဝေလျက်ရှိသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် တဘူးလှဆည်မှာ လယ်ယာစိုက်ပျိုးရေးအတွက် အထူးအရေးပါသော ဆည်တစ်ခုဖြစ်ပြီး တိုက်ကြီးမြို့နယ်အပါအဝင် အခြားသောမြို့များရှိ စိုက်ပျိုးတောင်သူတို့အတွက် လိုအပ်သောရေကို ထိုဆည်မှနှစ်စဉ်ပေးဝေလျက်ရှိရာ ယခုနှစ် နွေစပါးအတွက် ဒီဇင်ဘာ ၁၅ ရက်မှ စတင်ပို့လွှတ်လျက်ရှိ၍ နွေစပါးအောင်ရေသွင်းသော ကာလအထိ ဆည်ရေပို့လွှတ်မှုနှင့်အတူ ကျေးရွာပေါင်း ၈၆ ရွာကို အကျိုးပြုလျက်ရှိသည်။

တဘူးလှဆည်မှာ ပဲခူးရိုးမဧရိယာနှင့်ဆက်စပ်လျက်လှပသောဆည်တစ်ခုဖြစ်ပြီး ဥက္ကံမြို့မှ ၁၈ မိုင်ကျော်အကွာ ဥက္ကံသကြားစက်လမ်းအဆုံးတွင် တည်ရှိ၍ တောင်သူတို့စိုက်ပျိုးရေးကဏ္ဍအတွက် အရေးပါသောဆည်ဖြစ်သည်။ ထိုဆည်ကို ၁၉၉၃-၁၉၉၄ ခုနှစ်တွင် စတင်တည်ဆောက်၍ ၁၉၉၅-၁၉၉၆ ခုနှစ်တွင်ပြီးစီးကာ ဆည်ရေပေးနိုင်သောဧရိယာမှာဧက ၃၀၃၄၄ ဖြစ်ကြောင်း၊ ထိုဆည်မှ ဥက္ကံချောင်းအတိုင်းရေပေးဝေလျက် ရေဆင်းဧရိယာမှာ ၈၆ စတုရန်းမိုင်ရှိပြီး နှစ်စဉ်ပျမ်းမျှမိုးရေချိန် ၈၄ လက်မရရှိသောကြောင့် ဆည်အတွင်းသို့ နှစ်စဉ်ပျမ်းမျှစီးဝင်ရေဧကပေ ၂၈၀၀၀၀ စီးဝင်သည်။ မြေသားတမံအမြင့် ၉၅ ပေ၊ အလျား ၁၃၀၅ ပေရှိသောကြောင့် ကန်ရေအပြည့်ဧကပေ ၁၉၄၆၀၀ ရေပမာဏသိုလှောင်နိုင်ပြီး ကန်အတွင်း ကျွန်းစုများသဖွယ် သစ်ပင်၊ ဝါးပင်များ ပေါက်ရောက်လျက်ရှိရာ စိမ်းစိုလှပသောဆည်ဖြစ်၍ ဆည်ရေပြင်အပြည့် အကျယ်ဧရိယာမှာ ဧက ၇၈၀၀ ရှိသောကြောင့် ၂၀၂၀-၂၀၂၁ ခုနှစ်နွေစပါးအတွက် ဆည်ရေပေးနိုင်သောဧရိယာ ဧက ၃၀၃၄၄ တွင် ဧက၂၆၀၂၂ လျာထား ပို့လွှတ်လျက်ရှိသည်။

" ဒီနွေစပါးအတွက် ဆည်ရေကို ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၁၅ ရက်က စပြီးပို့လွှတ်ပါတယ်။ လယ်ဧက ၂၆၀၀၀ ကျော်အတွက် ပို့လွှတ်တာပါ။ တောင်သူတွေနွေစပါးမှာ ရေအခက်အခဲမရှိအောင် နှစ်စဉ်တဘူးလှဆည်က ပို့လွှတ်ပေးပါတယ်။ မိုးစပါးအတွက် ရေလိုအပ်ရင်လည်း တောင်သူတွေ လိုအပ်ချက်အတိုင်း ဆောင်ရွက်ပေးတာကြောင့် ကျေးရွာပေါင်း ၈၆ ရွာကို အကျိုးပြုနေတဲ့ဆည်လည်းဖြစ်ပါတယ်" ဟု စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်နိုင်ဦးက ပြောသည်။

ဆည်အနောက်ဘက်တမံမှ သံကူကွန်ကရစ်ရေထုတ်ပြွန်အလျား ၆၀၀ ရှိသော ၆ x ၄ ပေ ရေထုတ်ပြွန်၃ပေါက်ဖြင့် ရေပိုလွှဲအကျယ်ပေ ၂၀၀ ရှိသော အိုဂီးပုံသဏ္ဍာန်၊ သံကူကွန်ကရစ်အတိုင်း ဆည်ရေပို့လွှတ်လျက်ရှိပြီး ၃၀ ဒသမ ၃၅ မိုင်အလျားရှိသောတူးမြောင်းမကြီးမှ အလျား ၁၉၈ ဒသမ ၄ မိုင်ရှိသော လက်တံမြောင်းများဖြင့် တောင်သူတို့ လယ်ကွက်များသို့ တိုက်ရိုက်ပေးပို့လျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ နွေစပါးစိုက်ပျိုးဧက ၂၆၀၀၀ ကျော်အတွက် ဥက္ကံတဘူးလှဆည်မှဆည်ရေများ ပို့လွှတ်လျက်ရှိကြောင်း သိရသည်။

**သန်းထိုက်၊ ဓာတ်ပုံ - သန်းစိုး**



ရန်ကုန်တိုင်းဒေသကြီး ဥက္ကံမြို့နယ်ရှိ တဘူးလှဆည်။




**အမြို့မြို့အနယ်နယ် ပျံ့နှံ့သည့် သတင်းစာ မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာပါ**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၉ - ၂ - ၂၀၂၁

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၅၅၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၄၇၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၇၅၃၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၅၅၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၄၇၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၇၅၃၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၆၉၀/၇၂၅ | ကျပ် | ၇၂၅/၇၃၅ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၇၀၀/၇၄၀ | ကျပ် | ၇၄၀/၇၅၀ | ကျပ် |
| အောက်တိန်း ၉၂ | ၆၅၅/၆၈၅ | ကျပ် | ၇၂၀/၇၂၅ | ကျပ် |
| အောက်တိန်း ၉၅ | ၇၈၀/၈၀၀ | ကျပ် | ၈၄၅/၈၆၀ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၀၀ . ၆ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၆၉၃ . ၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၅၄ . ၄ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၉၂၉ . ၇ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၃၆ . ၈ |
| သြစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၁၀၈၁ . ၈ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၁၇ . ၄၈ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၉ . ၂၁၅ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၂၅ . ၆၈ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၄၅ . ၆၁ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၆ . ၇၄၁ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၅၀၀ | ၉၆၀၀ | ၁၆၁၆ | ၁၅၄၉၃၆၀၀ |
| MTSH | ၃၅၅၀ | ၃၆၀၀ | ၁၂၂ | ၄၃၅၄၅၀ |
| MCB | ၈၁၀၀ | ၈၁၀၀ | ၃ | ၂၄၃၀၀ |
| FPB | ၂၂၀၀၀ | ၂၂၀၀၀ | ၅ | ၁၁၀၀၀၀ |
| TMH | ၂၅၀၀ | ၂၆၅၀ | ၂၇ | ၇၁၂၅၀ |
| EFR | ၃၃၅၀ | ၃၂၅၀ | ၂၈ | ၉၁၁၀၀ |

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | ဝင်းကျော် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ မြတ်မွန်ထွေး၊ |
| ဘာသာပြန် စာတည်း | - | ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်း သတင်းထောက်များ | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး၊ မီမီဖြိုး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ငယ်ဘဝက အမှတ်တရ ဖြစ်ခဲ့ရတဲ့ မြန်မာ့အသံ

ဂျာလေး(ယောမြေ)

ပြီးခဲ့တဲ့ ဇန်နဝါရီနောက်ဆုံးအပတ်က တစ်ညမှာ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (MRTV) ကနေ တေးပြုစာဆို အဆိုတော် ရုပ်ရှင်မင်းသား တွံတေး သိန်းတန်ရဲ့ပုံရိပ်နဲ့အတူ သီချင်းတွေကိုပါ ထုတ်လွှင့်ပေးလိုက်လို့ ကိုယ်နှစ်သက်ခဲ့ရသူကို အလွမ်းပြေသလိုရှိသွားကာ ငယ်ဘဝကို သတိရလိုက်မိပါတယ်။

ကျွန်တော်တို့ ငယ်ငယ်တုန်းက ဖျော်ဖြေရေးဆိုတာ ဓာတ်ရှင်ရယ်၊ ဓာတ်စက်ရယ်၊ ရေဒီယိုရယ် ဒါလောက်ပဲရှိတာပါ။ အငြိမ့်တို့၊ ဇာတ်တို့ဆိုတာကလည်း တစ်နှစ်တစ်ခါဘုရားပွဲအချိန်ရောက်မှ ကြည့်ရတာပါ။ ဓာတ်ရှင်ဆိုတာ ခုအခါမှာ ရုပ်ရှင် (The Cinema, The pictures, The movies) လို့ သူသူ ငါငါ ခေါ်နေကြတဲ့ ဖျော်ဖြေမှုကို ပြောတာပါ။ ဓာတ်စက် (Gramophone) ဆိုတာကတော့ ဓာတ်ပြားပေါ်အပ်သွားတင်ပြီး ဖွင့်ရတဲ့စက်တစ်မျိုးပါ။ နှောင်းခေတ်လူငယ်တွေ မြင်ဖူးကြမယ်မထင်ပါဘူး။

ရေဒီယိုဆိုတာကလည်း အခုခေတ်လို ခပ်သေးသေး၊ ခပ်ကျစ်ကျစ် (Compact) မဟုတ်သေးပါဘူး။ မီးသီးရေဒီယိုကြီးတွေပါ။ အဲဒီတုန်းက မီးသီးရေဒီယိုကြီးတွေဟာ ဖွင့်တဲ့ခလုတ်ကို နှိပ်လိုက်ပေမယ့် အသံကချက်ချင်းထွက်လာတာ မဟုတ်ပါဘူး။ အခုခေတ် Set of Box တွေလိုပဲ၊ အတွင်းက အီလက်ထရွန်နစ်ပစ္စည်းတွေ အစုံအလုပ်လုပ်ပြီဆိုမှ အသံထွက်လာတာပါ။ ခဏလောက်တော့ သည်းခံစောင့်ကြရပါတယ်။

## ကလေးတွေ သဘောကျကြ

မီးသီးဆိုတာ ဒီကနေ့ လူနေအဆောက်အအုံတွေမှာ အလင်းရောင်ရဖို့ ထွန်းတဲ့မီးလုံးတွေ မဟုတ်ပါဘူး။ မီးစာကြိုး(Filament)၊ ပလိပ်ပြား(Plate) နဲ့ ဂရစ်(Grid)တို့ပါတဲ့ မီးလုံးတွေပါ။ အသံဖမ်းစက်၊ အသံလွှင့်စက်နဲ့ အသံသွင်းစက်တွေမှာ သုံးရတာပါ။ နောက်ပိုင်းဝင်လာတဲ့ မီးသီးရေဒီယိုတချို့မှာ အီလက်ထရွန်နစ်ပစ္စည်းတွေ အလုပ်လုပ်ပုံကိုပြတဲ့ မော်နီတာ မီးအစိမ်းဝိုင်းလေးတွေ ရေဒီယိုကိုယ်ထည်ရှေ့ တပ်လာပါတယ်။ အဲဒီမီးအစိမ်းဝိုင်းလေးက ခလုတ်ဖွင့်ဖွင့်ချင်း အပြည့်လင်းတာမဟုတ်ပါဘူး။ စက်ဝိုင်းပုံ တဖြည်းဖြည်းချင်း လင်းလာပြီး အစိမ်းရောင်အပြည့် လင်းသွားပြီဆိုမှ ရေဒီယိုက အသံစထွက်လာတော့တာပါ။ အဲဒီ မီးစိမ်းဝိုင်းလေးကို မှော်မျက်လုံး(Magic Eye) လို့ ခေါ်တယ်လို့ မှတ်သားရဖူးပါတယ်။ မှောင်နေတဲ့အခန်းထဲမှာ ရေဒီယိုဖွင့်ထားရင် အဲဒီမီးစိမ်းလေးက သိပ်လှလို့ကလေးတွေ သဘောကျကြပါတယ်။

ကိုယ်ကြိုက်တဲ့ မင်းသား မင်းသမီးတွေရဲ့ ရုပ်နဲ့အသံကို ကြားချင်၊ မြင်ချင်တယ်ဆိုရင် ဓာတ်ရှင်သွားကြည့်မှ မြင်ရ ကြားရပါတယ်။ ကျွန်တော်တို့ ငယ်ငယ်က ဓာတ်ရှင်တစ်ခါကြည့်ဖို့အရေး လွယ်လှတာတော့မဟုတ်ရပါဘူး။ ဒန်ရေချိုင့်တို့၊ စားစရာတို့ကို ကြိမ်ခြင်းကြီးနဲ့အပြည့်ထည့်ပြီးမှ မိသားစုလိုက်သွားကြည့်ကြရတာပါ။ အိမ်ကနေသွားရတာကလည်း ခြေကျင်ဆိုတော့ တော်တော်နဲ့မကြည့်ဖြစ်တာ များပါတယ်။

ဘုရားပွဲတို့၊ အလှူမင်္ဂလာဆောင်တို့ ရှိတဲ့အခါမှာဆိုရင်တော့ ဓာတ်စက်သံကို ကြားရပါတယ်။ ဓာတ်စက်ကနေ သီချင်းသံ၊ ဇာတ်ထုပ်ဇာတ်လမ်းသံ၊ ဆိုင်းသံတွေ ကြားရပါတယ်။ ဒါပေမယ့် ဓာတ်စက်ဖွင့်တဲ့ ဦးလေးကြီးဖွင့်တာကိုပဲ နားထောင်ရတာပါ။ သည်တော့ကာ ဘယ်ဓာတ်ပြားကို ဖွင့်မယ်ဆိုတာ ကြိုမသိရလို့၊ ကိုယ်မနှစ်သက်တာဖွင့်လည်း သည်းခံနားဆင်ရတာပါပဲ။ မကြားချင်လို့လည်း မရဘူးလေ။ အော်လန်ကြီးကို သစ်ပင်ထိပ်ဖျားခွဆုံကြားမှာ တင်ထားပြီး ဖွင့်တာကိုး။

## လွမ်းမိပါသေး

ရေဒီယိုကတော့ ဖွင့်လိုကဖွင့်၊ ပိတ်လိုကပိတ် လိုသလိုလုပ်လို့ရတာရယ်၊ တစ်ကိုယ်တည်း အေးအေးချမ်းချမ်းနားဆင်လို့ရတာရယ် အဲဒီအားသာချက်တွေကြောင့် ရေဒီယိုကိုပိုနှစ်သက်ပြီး စွဲလမ်းမိခဲ့ပါတယ်။ ကျွန်တော် အလယ်တန်းကျောင်းသားအရွယ်တုန်းက ရေဒီယိုအသံလွှင့်တဲ့ မြန်မာ့အသံရဲ့ တစ်လတာ အစီအစဉ်တွေ၊ လွှင့်မယ့်သီချင်းစာသားတွေ၊ ဆိုမယ့် အဆိုတော်တွေရဲ့ ဓာတ်ပုံတွေပါတဲ့ စာအုပ်စာစောင်တွေ ထွက်ပါတယ်။ ဦးလေးတွေ ဝယ်ဖတ်လို့ ကြည့်ရပါတယ်။ ကိုယ်တွေကြိုက်တဲ့ အဆိုတော် သီချင်းလာတဲ့နေ့ဆိုရင် ဦးလေးတွေမသိအောင် ဂီတစာစောင်ကိုယူ၊ ရေဒီယိုက သီချင်းလာရင် မောင်နှမတွေ စာစောင်ထဲက သီချင်းစာသားတွေကြည့်ပြီးလိုက် ဆိုခဲ့ကြတာကိုလည်း လွမ်းမိပါသေးတယ်။

အဲဒီတုန်းက မြန်မာ့အသံတစ်ခုတည်းပဲ ပြည်တွင်းမှာအသံလွှင့်လုပ်ငန်းလုပ်တာပါ။ လှိုင်းတို(Short Wave; Sw)နဲ့ လှိုင်းလတ်(Median Wave; MW) နှစ်မျိုးပဲလွှင့်နိုင်ခဲ့တာပါ။ အသံလွှင့်ရုံနဲ့ နီးတဲ့အရပ်ကတော့ လှိုင်းလတ်မီတာနဲ့ဖမ်းလို့ရကာ ရပ်ဝေးဒေသတွေကတော့ လှိုင်းတိုမီတာနဲ့ ဖမ်းပြီး နားထောင်ကြရတာပါ။



နေရှင်နယ်ပန်နာဆိုးနစ် R 207 ထရန်စစ္စတာရေဒီယို၊ 543 ရေဒီယိုကက်ဆက်နှင့် ခေတ်ပေါ်ဒစ်ဂျစ်တယ်ရေဒီယိုလေးများ

ဇာတိချက်ကြွေ ပခုက္ကူကနေ မန္တလေးသွားချင်ရင် မော်တော်စီး ရေကြောင်းခရီးအတိုင်း မြင်းခြံသွား၊ မော်တော်ဆိပ်ကနေ မြို့ထဲကို မြင်းလှည်းစီး၊ ကားဂိတ်ရောက်တဲ့အခါ အလှည့်ကျထွက်တဲ့ ဘတ်စ်ကားကြီးစီးပြီး မန္တလေးကို ခရီးဆက်ရတာပါ။ အချိန်များကြီးကြာလှပါတယ်။ ဒါပေမယ့် မန္တလေးထုတ် ဟံသာဝတီသတင်းစာကတော့ ပခုက္ကူပြန်ကြားရေးစာကြည့်တိုက်ကို နံနက် ၁၀ နာရီလောက်ဆိုရင် နေ့ချင်းရောက်ပြီ။ ရန်ကုန်ထုတ်သတင်းစာတွေကတော့ နေ့ချင်းပေါက်မရောက်ခဲ့ပါဘူး။

## ပျော်စရာကောင်းလှ

ကျောင်းပိတ်ရက်တွေဆိုရင် ပြန်ကြားရေးစာကြည့်တိုက်ကို နံနက် ၁၀ နာရီသာသာလောက် ရောက်အောင်သွားပြီး ဟံသာဝတီသတင်းစာကို ရအောင်ဦးရပါတယ်။ ကိုယ့်လက်ထဲ သတင်းစာရောက်လို့ ဟိုဖတ်ဒီဖတ် လုပ်နေတုန်း ၁၁ နာရီမတ်တင်းရောက်တဲ့အခါ ရေဒီယိုကနေ အဲဒီနေ့ဖတ်စရာမှတ်စရာ အခန်းကဏ္ဍလွှင့်ပါတော့တယ်။ ခေါင်းကြီးလား၊ ဆောင်းပါးလား မမှတ်မိတော့ပါ။ ဟံသာဝတီသတင်းစာ အလှည့်ရောက်တဲ့အခါ ရေဒီယိုသံကို နားထောင်လိုက်၊ သတင်းစာထဲက စာသားတွေနဲ့တိုက်ကြည့်လိုက်နဲ့ လုပ်ရတာကိုက ပျော်စရာကောင်းလှပါတယ်။

ရန်ကုန်မှာကျောင်းနေခဲ့တုန်းက ကျောင်းပိတ်ရက်ရောက်ရင် စံရိပ်ငြိမ်ကနေ မြို့ထဲသွားတဲ့အခါ အမှတ် (၈) လိုင်း၊ ဟီးနိုး(BD 15 Z)ဘတ်စ်ကားကြီးကို စီးဖြစ်ပါတယ်။ ဟီးနိုး(BM 401) ဘတ်စ်ကားလေးတွေထက်ကျယ်ပြီး ဘေးဘီကိုကြည့်လို့ရသလို ဘတ်စ်ပြေးတဲ့လိုင်းကလည်း ပြည်လမ်းအတိုင်းဖြစ်လို့ စီးဖြစ်တာပါ။ အမှတ်(၈) လိုင်းကားကြီးက မြန်မာ့အသံ အသံလွှင့်ရုံကြီးရှေ့ကနေဖြတ်ပြီး သွားပါတယ်။ အသံလွှင့်ရုံကြီးရှေ့ ဖြတ်တဲ့အခါတိုင်း အကြိမ်ကြိမ်လှမ်းကြည့်ဖြစ်ခဲ့ပါတယ်။

အဆောက်အအုံပေါ်က ကောင်းကင်ကြိုးတိုင်ကြီးမှာ **"ပြည်သူ့အတွက် မြန်မာ့အသံ"** ဆိုတဲ့ စာသားကို အစိမ်းရောင်၊ အနီရောင် နီယွန်မီးချောင်းတွေနဲ့ စာလုံးဖော်ထားတာကို မြင်ရပါတယ်။ အသံလွှင့်ပုံ၊ ဆိုင်းအဖွဲ့ဖျော်ဖြေပုံ၊ သီချင်းသွင်းပုံ၊ ဇာတ်လမ်းထုတ်လွှင့်ပုံတွေကို သိချင်မြင်ချင်လို့ ဆယ်ကျော်သက်ဘဝမရိုးမရွ ဖြစ်ခဲ့ရတာ အကြိမ်ကြိမ်ပါ။

"ခေတ်မီသူတိုင်း ပင်လယ်ငါးစားကြသည်" ဆိုတဲ့တစ်ခေတ်တစ်ခါက ဆောင်ပုဒ်လိုပဲ "ကျောင်းပြီးသူတိုင်း တွဲဖက်ကျောင်းတွေမှာ အလုပ်ဝင်ကြသည်" လို့ ဆိုရမယ်ထင်ပါတယ်။ အဲဒီခေတ်က လူငယ်တွေ အစိုးရအလုပ်တစ်ခုခုရဖို့ဆိုတာ မလွယ်လှပါဘူး။ အဲဒီအချိန်မှာ အလျှိုအလျှိုဖွင့်ခွင့်ရတဲ့ တွဲဖက်ပညာသင်ကျောင်းတွေမှာ လိုနေတဲ့ ဆရာ ဆရာမ အင်အားကို လူငယ်တွေက ဖြည့်ပေးပါတယ်။ ကျွန်တော်လည်း အဲဒီခေတ်၊ လူငယ်ထဲကလူငယ်တစ်ယောက်ဖြစ်လို့ ပေါက်မြို့နယ် လက်ပံတိုရေနံမြေသွားတဲ့ ကားလမ်းဘေးက ရွာငယ်တစ်ရွာရဲ့ တွဲဖက်ကျောင်းမှာ အလုပ်ဝင်ဖြစ်ခဲ့ပါတယ်။

၁၉၇၀ ပြည့်လွန်နှစ်တွေကပါ။ အလုပ်အကိုင်လည်းရှား၊ အသုံးအဆောင်ပစ္စည်းတွေလည်းရှားဆိုတော့ ကျွန်တော့်မှာ ကျောက်တစ်လုံးမှမပါတဲ့ No-866 စက်ကြမ်းသံပတ်ပေး လက်ပတ်နာရီလေး ပဲရှိပါတယ်။ နာရီက သွားလိုက်၊ ရပ်လိုက်နဲ့ဆိုတော့ အချိန်မှန်တယ်လို့ကို မရှိလှပါဘူး။ ရေဒီယိုကနေ ရွာစားစိန်ဗိုလ်တင့်ရဲ့ သတင်းအဖွင့်တီးလုံးလာတဲ့အခါတိုင်း နာရီပြန်တိုက်ရတာကလဲ အမောပါပဲ။

အဲဒီကာလကရွာတွေမှာ "ကြက်တွန်သံဗဟိုပြုပြီး အချိန်နာရီမှတ်တဲ့ ဓလေ့"ပျောက်သွားပါပြီ။ ရေဒီယိုက အချိန်အတိအကျလာတဲ့ **"မြန်မာ့အသံကို ဗဟိုပြုလို့"** အချိန်နာရီ မှတ်ကြပါတော့တယ်။ နံနက်စောစော အုန်းမောင်းခေါက်သံလို အဖွင့်တီးလုံးသံကြားကြရင် နံနက် ၇ နာရီ ထိုးပြီဆိုတာ သိကြပြီ။ မိဘတွေက လုပ်စရာကိုင်စရာတွေ ဇယ်ဆက်သလို လုပ်နေကြတုန်း ကလေးတွေက ကျောင်းသွားဖို့ပြင်ကြပြီ။ မနက် ၈ နာရီထိုးလို့ ရေဒီယိုက **"ဒင်– ဒင် – ဒင့်– ဒင်.....ဒင်"** ဆိုတဲ့နာရီထိုးသံနဲ့အတူ ကျွန်တော့်ကျောင်းက ကျောင်းတက်ခေါင်းလောင်းသံကြားရပါပြီ။

ကျွန်တော် အဲဒီရွာကလေးရောက်တော့ ထရန်စစ္စတာ ရေဒီယိုတွေ ပေါ်နေပါပြီ။ အရွယ်ကတော့ သိပ်မကျစ်သေးပါဘူး။ ဈေးသည်တွေ၊ အိမ်ရှင်မတွေ ငါးကျပ်သားအလေးလုပ်လေ့ရှိတဲ့ Size D နေရှယ်နယ် ဓာတ်ခဲကြီးတွေ ထည့်သုံးရတာဆိုတော့ အရွယ်ကခပ်လတ်လတ်ပဲရှိပါသေးတယ်။ ရွာထဲက အိမ်တချို့ရဲ့ ထုပ်တန်းတွေပေါ်မှာ၊ ယာတောကထန်းရွက်တဲ အမိုးစွန်းတွေမှာ ရေဒီယိုလေးတွေ တွေ့နေရပါပြီ။

## မြန်မာ့အသံကိုပဲ အားကိုးခဲ့ရ

ရွာမှာနေရတာဆိုတော့ ဖတ်စရာသတင်းစာမရှိ၊ လေ့လာစရာ စာအုပ်က မစုံဆိုတော့ မြန်မာ့အသံကိုပဲ အားကိုးခဲ့ရပါတယ်။ ဒါကြောင့်မို့လည်း ရတဲ့လစာထဲကနေ ခြစ်ခြုတ်စုထားတဲ့ငွေကလေးနဲ့ ဆင်သမားတစ်ယောက်ပြန်ရောင်းတဲ့ ဂျပန်လုပ်နေရှင်နယ်ပန်နာဆိုးနစ် R 207 ထရန်စစ္စတာရေဒီယို အဟောင်းလေးဝယ်ဖြစ်ခဲ့ပါတယ်။ ကျောင်းချိန်မရှိတဲ့အခါဆိုရင် အချိန်ပြည့်လိုလိုရေဒီယိုလေးကိုပဲ အဖော်ပြုနေမိခဲ့ပါတယ်။

ကျေးလက်အငွေ့ပါတဲ့ တွံတေးသိန်းတန်ရဲ့ သီချင်းတွေကိုတော့ကျေးလက်က ပြည်သူတွေအကြိုက်ဆုံးပေါ့။ ကျွန်တော်လည်းရွာမှာနေတာ အသားကျလာတော့ ကျေးလက်ဘဝထင်ဟပ်လှတဲ့ တွံတေးသိန်းတန်ရဲ့ သီချင်းတွေကို ကြိုက်မှန်းမသိ ကြိုက်မိခဲ့ပါတယ်။

ကျေးလက်နေပြည်သူတွေကို အသိဉာဏ်တံခါးဖွင့်ပေးတာက မြန်မာ့အသံရဲ့ထုတ်လွှင့်ချက်တွေပါ။ ရွာမှာ ညစာစားလို့ သောက်လို့ပြီးတဲ့အချိန် **"လယ်သမားတေးနဲ့ လယ်သမားအရေး"** ကဏ္ဍလာပြီဆိုရင် ရေဒီယိုလေးနားမှာဝိုင်းဖွဲ့ထိုင်ပြီး နားထောင်ကြပြီ။ ပြီးရင်ရွာလယ်တိုက်က ဖိုးသာအောင်တို့ပျဉ်ထောင်အိမ်ကြီးမှာစုကြပြီး လက်ဖက်ရည်ကြမ်း ဝိုင်းဖွဲ့ကာစိုက်ပျိုးရေးအကြောင်းဆွေးနွေးကြ၊ ငြင်းကြ၊ ခုန်ကြ အားရစရာကောင်းလှပါတယ်။ မြန်မာ့အသံရဲ့ပညာပေးကဏ္ဍ ထုတ်လွှင့်ချက်တွေကြောင့် လယ်သမား၊ ယာသမားတွေ စိုက်ပျိုးသုတတိုးပွားလာတာကို မျက်ဝါးထင်ထင် မြင်ခဲ့ရပါတယ်။

အသံလွှင့်လုပ်ငန်းအကြောင်း အကြမ်းဖျင်းပြောရမယ်ဆိုရင် ၁၉၃၇–၁၉၄၂ ကာလဟာ အင်္ဂလိပ်ခေတ် အသံလွှင့်လုပ်ငန်းကာလ ဖြစ်ပါတယ်။ ၁၉၄၂–၁၉၄၅ ကတော့ ဂျပန်ခေတ်အသံလွှင့်လုပ်ငန်းကာလပေါ့။ ၁၉၄၅ ခုနှစ် ဧပြီ ၂၂ ရက်မှာ ဂျပန်တပ်တွေက ရေကူးမှာရှိတဲ့သူတို့ရဲ့ အသံလွှင့် စက်တွေကို ဖျက်ခဲ့ပြီးထွက်သွားကြလို့ ဂျပန်အသံလွှင့်လုပ်ငန်းတစ်စခန်းရပ်ခဲ့ပါတယ်။

၁၉၄၅ ခုနှစ်မှာ ပြန်ဝင်လာတဲ့မဟာမိတ်တပ်တွေနဲ့အတူ အရှေ့အာရှတောင်ပိုင်းစစ်ဌာန၊ စိတ်ဓာတ်စစ်ဆင်ရေးဌာနခွဲ တစ်ခုလည်းပါလာပြီး ရန်ကုန်ရေဒီယို (Rangoon Radio) အသံလွှင့်လုပ်ငန်းလုပ်ကြပြန်ပါတယ်။ အစကတော့ မဟာမိတ်တပ်တွေအတွက် အဓိကထားထုတ်လွှင့်တာဖြစ်လို့ ဗမာဘာသာထက် အင်္ဂလိပ်ဘာသာအစီအစဉ်ကပိုများပါတယ်။ ၁၉၄၆ ခုနှစ်မှာ ဗိုလ်ချုပ်အောင်ဆန်းက ဘုရင်ခံအတိုင်ပင်ခံအဖွဲ့ဝင်ဖြစ်လာခဲ့ပြီး ကက်စ်ဘီအုပ်ချုပ်ရေးကနေ မြို့ပြဆိုင်ရာအစိုးရကို လွှဲပြောင်းပေးလိုက်တဲ့အခါ အသံလွှင့်ရုံကလည်း မြို့ပြဆိုင်ရာ အစိုးရလက်အောက် ရောက်သွားပါတော့တယ်။

## ၇၅ နှစ်တောင် ကြာခဲ့ပါပြီ

အဲဒီအချိန်မှာ ဘီဘီစီနဲ့အောလ်အိန္ဒိယအသံလွှင့်ဌာနတွေမှာ တာဝန်ထမ်းဆောင်ခဲ့ဖူးသူဖြစ်တဲ့ ရန်ကုန်တက္ကသိုလ် ပိဋကတ်တိုက်မှူးဦးခင်ဇော် အိန္ဒိယကနေပြန်ယူလာခဲ့တဲ့ မြန်မာ့ခေတ်ဟောင်း ဓာတ်ပြားအချပ် ၅၀၀ ကျော်ကို အသုံးပြုပြီး ၁၉၄၆ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်မှာ ဗမာ့အသံ(Burma Broadcasting Service; BBS) ဆိုတဲ့အမည်နာမနဲ့ မြန်မာတို့ရဲ့ အသံလွှင့်လုပ်ငန်းကို စဖွင့်နိုင်ခဲ့တာပါ။ ခုဆိုရင် ၇၅ နှစ်တောင် ကြာခဲ့ပါပြီ။

ကျွန်တော်တို့ကလေးဘဝတုန်းက မြန်မာ့အသံက ဆန်းသစ်တီထွင်ထုတ်လွှင့်ခဲ့တဲ့ ကမ္ဘာ့ဂီတ၊ ရှုထောင့်တစ်ကွေ့မှ အတွေ့အကြုံ၊ သောတရှင်အတွက် ပြန်ကြားချက်၊ လူငယ်ကဏ္ဍ၊ သီရိဂေဟာ၊ အသံထွက်ဆောင်းပါး၊ ရေဒီယိုဆရာဝန် စတဲ့ကဏ္ဍစုံကို တစ်ခုတစ်မျိုးမရိုးရအောင် နားဆင်ခဲ့ရတာကိုသတိရပြီး ဒီကနေ့တိုင်အောင်လွမ်းဆွတ်နေဆဲပါ။

မြန်မာ့အသံက အဲဒီလိုဆန်းသစ်တီထွင်ထုတ်လွှင့်ခဲ့တာဟာ တကယ်တော့ လွယ်လှတာမဟုတ်ပါဘူး။ စနစ်အမျိုးမျိုး၊ ခေတ်အမျိုးမျိုးမှာ ချမှတ်ထားတဲ့ မူဘောင်တွေထဲကနေ လုပ်ခဲ့ကြရတာပါ။ ဘယ်လို အခက်အခဲတွေပဲကြုံကြုံ မဖြုံဘဲ ဆက်ပြီးတီထွင်ခဲ့လို့အသံလွှင့်ဇာတ်လမ်းတွေဆိုရင် ရုပ်ရှင်မင်းသား၊ မင်းသမီးတွေပါ အသံနဲ့ဝင်သရုပ်ဆောင်လာကြပါတယ်။ ဘဝကြေးမုံ ဇာတ်လမ်းစုံ၊ ဟာဒယရွှင်ဆေး၊ ယနေ့နားဆင်ဖွယ်ရာဆိုတဲ့အခန်းကဏ္ဍတွေကလည်း အမှတ်ရစရာတွေပါပဲ။ ရုပ်ရှင်သီချင်း၊ စုံတွဲသီချင်း၊ ဆိုင်းအဖွဲ့၊ ကွက်စိပ်၊ ရုပ်သေးနဲ့ သူ့လက်သံကဏ္ဍတွေလည်း လွှင့်ခဲ့ပါသေးတယ်။ သတင်းဦး သတင်းထူးသိချင်ရင် ည ၈ နာရီသတင်းနားဆင်ရင် ဦးဦးဖျားဖျား၊ ပြည့်ပြည့်စုံစုံသိရပါပြီ။ ပြည်တွင်း သတင်းကြေညာချိန်က ၁၅ မိနစ်အတိအကျဆိုတော့ အချိန်ပေး နားထောင်မနေရပါဘူး။

*စာမျက်နှာ ၂၁ သို့*

**"ရွာမှာနေရတာဆိုတော့ ဖတ်စရာသတင်းစာမရှိ၊ လေ့လာစရာစာအုပ်က မစုံဆိုတော့ မြန်မာ့အသံကိုပဲ အားကိုးခဲ့ရပါတယ်။ ဒါကြောင့်မို့လည်း ရတဲ့လစာထဲကနေ ခြစ်ခြုတ်စုထားတဲ့ငွေကလေးနဲ့ ဆင်သမားတစ်ယောက်ပြန်ရောင်းတဲ့ ဂျပန်လုပ် နေရှင်နယ်ပန်နာဆိုးနစ် R 207 ထရန်စစ္စတာရေဒီယို အဟောင်းလေးဝယ်ဖြစ်ခဲ့ပါတယ်။ ကျောင်းချိန်မရှိတဲ့အခါဆိုရင် အချိန်ပြည့်လိုလို ရေဒီယိုလေးကိုပဲ အဖော်ပြုနေမိခဲ့ပါတယ်"**

## နိုင်ငံတကာအနုပညာ သတင်းပဒေသာ

### အဆိုတော် ဘရစ်တနီစပီးယားရဲ့ မှတ်တမ်းရုပ်ရှင်သစ်ကို နာမည်ကျော်အနုပညာရှင်များ ထောက်ပံ့ပေးကြောင်း ပြသ

အဆိုတော် ဘရစ်တနီစပီးယားရဲ့ မှတ်တမ်းရုပ်ရှင်သစ်ကို ဖေဖော်ဝါရီ ၅ ရက်မှာပဲ ထုတ်လွှင့်ပြသခဲ့ပြီး နယူးယောက်တိုင်းမ်ကနေ ထုတ်လုပ်တဲ့ မှတ်တမ်းရုပ်ရှင်ဖြစ်ပါတယ်။

ဘရစ်တနီစပီးယားဟာ လတ်တလောမှာ ဖခင်ဖြစ်သူ ဂျင်မီစပီးယားနဲ့ တရားရင်ဆိုင်နေတာဖြစ်ပြီး ဂျင်မီစပီးယားဟာ ဘရစ်တနီရဲ့ဘဏ္ဍာရေး အုပ်ထိန်းသူအဖြစ် ဆယ်စုနှစ်တစ်ခုကျော်ကြာအောင် ဆောင်ရွက်နေသူလည်း ဖြစ်ပါတယ်။ အခုအချိန်မှာတော့ ဘရစ်တနီစပီးယားဟာ သူ့ဖခင်ရဲ့ ဘဏ္ဍာရေး ထိန်းချုပ်မှုတွေကို မလိုလားတော့ပါဘူး။ ဖခင်ရဲ့ဘဏ္ဍာရေး ထိန်းချုပ်မှုအောက်မှာ မနေချင်တော့တဲ့အတွက် တရားရင်ဆိုင်နေတာပဲဖြစ်ပါတယ်။ ဘရစ်တနီရဲ့ မှတ်တမ်းရုပ်ရှင်သစ်ထွက်ရှိမှုကို နာမည်ကျော်အဆိုတော် မိုင်လီဆိုင်းရပ်စ်၊ ဆာရာဂျက်စီကာပါကာနဲ့ ဘတ်တီမစ်ဒလာတို့က ထောက်ခံကြောင်း ပြောကြားခဲ့ကြပါတယ်။

ဂျက်စီကာပါကာနဲ့ ဘတ်တီတို့ဟာ ဘရစ်တနီတစ်ယောက် ဖခင်ဖြစ်သူရဲ့ဘဏ္ဍာရေးထိန်းချုပ်မှုအောက်ကနေ လွတ်မြောက်ပါစေလို့ တွစ်တာပေါ်မှာ ရေးသားခဲ့ကြပါတယ်။ **စကိုင်းနယူး**



အဆိုတော် ဘရစ်တနီစပီးယား

### ဘောလိဝုဒ်မင်းသမီး ကရီနာကပူး ဒုတိယကလေးမွေးဖွားတော့မည်

ဘောလိဝုဒ်မင်းသမီး ကရီနာကပူးခန်းနဲ့ ခင်ပွန်းသည်ဖြစ်သူ ဆေ့ဖ်အလီခန်းတို့ဟာ မွမ်ဘိုင်းမြို့ ဘန်ဒရာ ရပ်ကွက်မှာရှိတဲ့ ဆေးခန်းမှာ ရိုက်ထားတဲ့ဓာတ်ပုံကို အွန်လိုင်းပေါ်တင်ခဲ့ပါတယ်။

ကရီနာကပူးတို့ ဇနီးမောင်နှံဟာ ဒုတိယမြောက်ကလေးကို မကြာမီအချိန်အတွင်းမှာ မွေးဖွားတော့မှာပဲ ဖြစ်ပါတယ်။ ကရီနာကပူး ဒုတိယမြောက်ကလေး မွေးဖွားမယ့်ရက်ဟာ ဖေဖော်ဝါရီလ အစောပိုင်းလို့ အင်တာဗျူးတစ်ခုမှာ ခင်ပွန်းဖြစ်သူ ဆေ့ဖ်အလီခန်းက ဖြေကြားခဲ့ပါတယ်။

သူတို့စုံတွဲမှာအသက် ၄ နှစ်အရွယ် သားကလေးတစ်ဦး ရှိပါတယ်။ သူတို့ဇနီးမောင်နှံဟာ မကြာသေးမီကမှ နေအိမ်အသစ်ကို ပြောင်းရွှေ့ခဲ့တာပဲ ဖြစ်ပါတယ်။ ကရီနာကပူးနဲ့ ဆေ့ဖ်အလီခန်းတို့ဟာ ပြီးခဲ့တဲ့နှစ် ဩဂုတ်လအတွင်းကပဲ ဒုတိယမြောက်ရင်သွေးရှိနေပြီဆိုတာ ပရိသတ်ကို အသိပေးကြေညာခဲ့ပါတယ်။

မိသားစုဝင်နောက်ထပ်တစ်ဦး ထပ်တိုးလာတော့မှာဖြစ်တဲ့အတွက် ကျေနပ်ဝမ်းသာမိတယ်။ ဆုတောင်းပေးကြတဲ့အတွက် ကျေးဇူးတင်ပါတယ်လို့ ပြောကြားခဲ့ပါတယ်။ မကြာမီအတွင်းမှာ ကရီနာကပူး ရေးသားတဲ့စာအုပ်လည်း ထွက်ရှိလာဖို့ရှိတယ်လို့ သိရပါတယ်။ **ဟင်ဒူစတန်တိုင်းမ်**



ဘောလိဝုဒ်မင်းသမီး ကရီနာကပူး

## သာရမဲ - ရှောင်ထဲကျေးရွာချင်းဆက်တံတားတည်ဆောက်နေမှု ၇၄ ရာခိုင်နှုန်းခန့်ပြီးစီး

**မြိတ် ဖေဖော်ဝါရီ ၉**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် စန္ဒဝတ်ကျေးရွာအုပ်စု သာရမဲကျေးရွာနှင့် ပြင်းငယ်ကျေးရွာအုပ်စု၊ ရှောင်ထဲကျေးရွာတို့ကို ရာသီမရွေးသွားလာမှုလွယ်ကူစေရန်တည်ဆောက်နေသည့် သာရမဲ - ရှောင်ထဲကျေးရွာချင်းဆက်တံတားတည်ဆောက်နေမှုမှာ ယခုအခါ ၇၄ ရာခိုင်နှုန်းခန့်ပြီးစီးနေပြီဖြစ်ကြောင်း **(ယာပုံ)** တံတားအထူးအဖွဲ့ ၁၃ (မြိတ်)မှ တာဝန်ခံ အင်ဂျင်နီယာ ဦးတင်ထွေးထံမှ သိရသည်။



အဆိုပါ ရေဇင်းချောင်းတံတားကို စီမံကိန်းခန့်မှန်းတန်ဖိုး ငွေကျပ်သန်း ၂၂၂၀ ဖြင့် တည်ဆောက်လျက်ရှိရာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အထိ ရရှိရန်ပုံငွေမှာ တနင်္သာရီတိုင်းဒေသကြီး ရန်ပုံငွေကျပ်သန်း ၃၀၀ ဒသမ ၀၀ ဖြင့်လည်းကောင်း၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် တနင်္သာရီတိုင်းဒေသကြီးရန်ပုံငွေကျပ်သန်း ၅၀၀ ဒသမ ၀၀ ဖြင့်လည်းကောင်း တည်ဆောက်နေခြင်းဖြစ်သည်။ ယင်းတံတားကို ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားအထူးအဖွဲ့ (၁၃) (မြိတ်)က တာဝန်ယူ၍ ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၁၅ ရက်မှ စတင်တည်ဆောက်လျက်ရှိကြောင်း တံတားအထူးအဖွဲ့(၁၃)(မြိတ်)မှ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

ယင်းတံတားအရှည်မှာ ပေ ၄၈၀ ရှိပြီး ယာဉ်သွားလမ်းအကျယ် ၂၄ ပေရှိကာ လူသွားလမ်းအကျယ် တစ်ဖက်သုံးပေစီနှစ်ဖက်ပါရှိကြောင်း၊ ရေလမ်းကင်းလွတ်အကျယ်မှာ ၁၀၄ ပေနှင့် ရေလမ်းကင်းလွတ်အမြင့် ၃ မီတာ (၉ဒသမ ၈၄၃) ပေဖြင့် တည်ဆောက်လျက်ရှိကြောင်း တံတား၏ခံနိုင်ဝန်မှာ ၇၅ တန်ခံနိုင်ဝန်ရှိကြောင်း၊ တံတားကို ဘိုးပိုင်အုတ်မြစ်၊ သံကူကွန်ကရစ်ကိုယ်ထည်၊ သံကူကွန်ကရစ်ရက်မ၊ သံမဏိရက်မနှင့် သံကူကွန်ကရစ်ကြမ်းခင်းအပေါ်ထည် အမျိုးအစားဖြစ်ကြောင်း သိရသည်။

အဆိုပါ တံတားပြီးစီးသွားပါက ပြင်းငယ်အုပ်စုအတွင်းရှိ ရှောင်ထဲ၊ ကျောင်းတောင်၊ ဆံလှတောင်၊ ရင်အုံ၊ မော်တောင်နှင့်ပြင်းငယ်စသည့် ကျေးရွာများနှင့် စန္ဒဝတ်ကျေးရွာ အုပ်စုရှိ သာရမဲကျေးရွာမှတစ်ဆင့် မြိတ်မြို့သို့ ရာသီမရွေးသွားလာနိုင်မည် ဖြစ်ကြောင်း သိရသည်။ **မြင့်ဦး(မြိတ်)**

*စာမျက်နှာ ၂၀ မှ*

သတင်းကြေညာသူတွေ၊ ကဏ္ဍအလိုက်ဖတ်တဲ့သူတွေဟာ ဗျဉ္ဇနဗုဒ္ဓိ ဆယ်ပါးနဲ့အညီ ဖတ်ကြတာမို့ နားထောင်ရတာ ရှင်းခနဲရှိလို့ အဓိပ္ပာယ်ကို တိတိကျကျသိရပါတယ်။ သမ္ဗန္ဓ(ပုဒ်စပ်သံ)၊ ဝဝတ္ထိတ (ပုဒ်ဖြတ်သံ)၊ ဝိမုတ္တ(သံဖွင့်)၊ ဒီဃ(သံရှည်)၊ ရဿ(သံတို)၊ ဂရု(သံလေး)၊ လဟု(သံပေါ့)၊ ဓနိတ(သံတင်း)၊ သိထိလ(သံလျော့)နဲ့ နိဂ္ဂဟိတ(သံနှိပ်)ဆိုတဲ့ ဆယ်ပါးနဲ့အညီ ဌာန်ကရိုဏ်းကျ ဖတ်ကြတာပါ။

ဆရာတော်ရှင်မဟာရဋ္ဌသာရကလည်း စာဖတ်နည်းကို ကိုးခန်းပျို့ ပိုဒ်ရေ ၂၃၉ မှာ မိန့်တော်မူခဲ့ပါတယ်။ "ပုဒ်စပ်ချောမွေ့၊ သန္ဓေခြားဖြတ်၊ သံလွှတ်ဖွင့်ဆို၊ ရှည်တိုလေးပေါ့၊ တင်းလျော့နိဂ္ဂဟိတ်၊ အစိတ်အဖြာ၊ အင်္ဂါဆယ်ခု၊ ဖတ်မှုမကျွမ်း၊ နားမချမ်းမူ၊ တတ်စွမ်းသောလျောက်၊ မကောက်မငင်၊ မသင်ပြင်ပဲ၊ မဖင့်နွဲ့နှင့်" လို့ ညွှန်ပြထားတာပါ။ စာဖတ်တဲ့အခါ ပုဒ်တွေကို ချောအောင်၊ စပ်နေတဲ့ပုဒ်တွေကို ပိုင်းခြားအောင် ဖတ်ရမယ်။ အသံကိုဖွင့်လွှတ်၊ ရှည်ရှည်၊ တိုတို၊ လေးလေး၊ ပေါ့ပေါ့၊ တင်းတင်း၊ လျော့လျော့ ဖတ်ရမယ်၊ နှိပ်ပြီးဖတ်ရမယ်လို့ ဖတ်နည်းစနစ် မိန့်တော်မူတာပါ။ မြန်မာ့အသံရဲ့ ကဏ္ဍအလိုက် ထုတ်လွှင့်ချက်တွေကို ဖတ်တဲ့သူတိုင်း ဆရာတော်ရဲ့ မိန့်ဆိုချက်နဲ့အညီ လိုက်နာခဲ့ကြတယ်လို့လည်း ဆိုနိုင်ပါတယ်။

အဲဒီလို ဌာန်ကရိုဏ်းကျ ဖတ်နိုင်အောင်လို့ အပြောစကားပြေကို ကြိုရေးကြရတယ်လို့ သိရပါတယ်။ ဒါကြောင့်မို့လည်း **"အပြောစကားပြေအစ အသံလွှင့်လုပ်ငန်းက"** လို့ဆိုရင် မှားမယ်မထင်ပါဘူး။ အခုဆိုရင် ပုံနှိပ်မီဒီယာတွေမှာ အပြောစကားတွေ များလာတာကို တွေ့နေရပါပြီ။

နောက်ပြီး ကျွန်တော်လေးစားအားကျမိတာ ရှိပါသေးတယ်။ မြန်မာ့အသံကပုဂ္ဂိုလ်တွေ ယေဘုယျသုံးစကားလုံးနဲ့ ဝိသေသသုံးစကားလုံးတွေ ကြွယ်ဝတာကိုပါ။ ကျွန်တော်တို့ အထက်တန်းကျောင်းသားဘဝကဆိုရင် ကိုယ်ကြည့်နေတဲ့ စာထဲကဝေါဟာရကို ဘယ်လိုအသံထွက်ရမယ်လို့ မသိရင် မြန်မာ့အသံကိုနားထောင်ပြီးမှ အသံထွက်အမှန်သိအောင် လုပ်ခဲ့ရတာပါ။ အသံထွက်ပါတဲ့ မြန်မာအဘိဓာန်(အကျဉ်းချုပ်)ငါးတွဲကို မြန်မာစာအဖွဲ့က ၁၉၇၁ ခုနှစ်က စပြုစုခဲ့ပြီး ၁၉၈၀ ပြည့်နှစ်ရောက်မှ စထုတ်ခဲ့တာကြောင့်ပါ။ ခရီးဆောင်မြန်မာအဘိဓာန်ကိုတော့ ၁၉၉၉ ခုနှစ် နှစ်ကုန်ပိုင်းမှ ထုတ်ခဲ့တာပါ။

မြန်မာ့အသံရဲ့အမှတ်ရစရာတွေကို ပြောရမယ်ဆိုရင် ဒီစာတစ်ပုဒ်နဲ့ပြီးမှာ မဟုတ်ပါဘူး။ ငယ်ဘဝက သိပ်ကိုရောက်ဖူးချင်လှတဲ့ မြန်မာ့အသံ အသံလွှင့်ရုံကြီးထဲကို ဇရာပိုင်းရောက်မှ ဝင်ခွင့်၊ လေ့လာခွင့်ရခဲ့ပါတော့တယ်။ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဝိုင်းတော်သားတွေ နေပြည်တော်ကို ပြောင်းခါနီးအချိန်ကပါ။ ကျိုက္ကဆံဆရာစံခန်းမမှာကျင်းပတဲ့ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ဗဟိုဦးစီး အစည်းအဝေးကြီးတက်ခဲ့တုန်းက လေ့လာရေးခရီးစဉ်တစ်ခုအနေနဲ့ အသံလွှင့်ရုံအဆောက်အအုံထဲ ဝင်ခွင့်၊ လေ့လာခွင့်ရခဲ့တာပါ။ စတူဒီယိုအေမှာ ညှော့ခံပြီးရှင်းပြပါတယ်။ စတူဒီယို ဘီ၊ စီ၊ ဒီ၊ အီး၊ အက်ဖ်၊ ဂျီနဲ့အိပ်ချ်တို့မှာ သူ့ကဏ္ဍနဲ့သူအသံသွင်းတာ တွေ့ရပါတယ်။ အသံထိန်းစက်ခန်းမကြီး (Master Control Room) နဲ့ အသံသွင်းစက်ခန်းမ (Recording Room) တွေကိုလည်း တွေ့ခဲ့ရပါတယ်။ အသံသွင်း စက်ခန်းမထဲမှာ ဂျာမနီလုပ် Neumann ဓာတ်ပြားခုတ်စက်ကြီးနှစ်လုံးရှိတယ်လို့လဲ သိခဲ့ရပါတယ်။ နောက်ပြီး တိပ်ကြိုးခွေအသံကူးစက် (Duplicating Machine) ကြီးတွေလည်း ရှိသေးတယ်ဆိုပဲ။ အသံလွှင့်ဓာတ်လမ်းထုတ်လွှင့်ပုံ၊ ရုပ်မြင်သံကြားထုတ်လွှင့်ပုံတွေကို လက်တွေ့သရုပ်ပြလို့ ဗဟုသုတလည်း ရခဲ့ပါတယ်။ ကျွန်တော့်ဆန္ဒလည်း ပြည့်ခဲ့တယ်လို့ ဆိုရပါမယ်။

ငယ်စဉ်ဘဝက မရောက်ခဲ့ရတဲ့ မြန်မာ့အသံ အသံလွှင့်ရုံကြီးထဲကို ဘဝရဲ့ တစ်ဆစ်ချိုး ဇရာအရွယ်ရောက်မှ လေ့လာခွင့်ရခဲ့ပြီမို့ တစ်ကိုယ်တည်းကျေနပ်ကြည်နူးခဲ့ရတာကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စိန်ရတုဂုဏ်ပြု အစီအစဉ်တွေ ကြည့်လိုက်ရတိုင်း ပြန်ပြောင်းသတိရလို့ နေမိပါတော့တယ်။ ။

**ရည်ညွှန်းကိုးကား-**
**မြန်မာနိုင်ငံစာရေးဆရာအသင်းဝင်အမှတ် - ၃၁၆၁**
**ဦးကျော်ညိန်း(မာတလိ)၏ နှစ် ၃၀ မြန်မာ့အသံ(စာပေဗိမာန်-၁၉၇၉)**
**ဆူးငှက်၏သိကြရဲ့လား မြန်မာသံမြန်မာစကား**
**(မြန်မာ့အလင်း ၂၈-၆-၂၀၁၅)**
**စန္ဒကူး(ယဉ်ကျေးမှု)၏ ဂရုပြုစရာ မြန်မာစကားလုံး အသံထွက်စနစ်**
**(ရတနာပုံ ၈-၅-၂၀၁၈)**

## အာဖရိကဝက်အပြင်းဖျားရောဂါ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

၁။ အာဖရိက ဝက်အပြင်းဖျားရောဂါသည် ယခင်က အာဖရိကနိုင်ငံများတွင်သာ ဖြစ်ပွားခဲ့သော်လည်း ၂၀၁၈ ခုနှစ်၊ ဩဂုတ်လမှ စတင်၍ အာရှနှင့် အရှေ့တောင်အာရှနိုင်ငံအချို့တွင် ပျံ့နှံ့ကူးစက်ဖြစ်ပွားခဲ့ရာ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လတွင် မြန်မာနိုင်ငံ၊ ရှမ်းပြည်နယ် အရှေ့ပိုင်းနှင့် အရှေ့မြောက်ပိုင်းရှိ နယ်စပ်မြို့နယ်အချို့တွင်လည်း ကူးစက်ဖြစ်ပွားသဖြင့် ဖြစ်ပွားကျရောက်ခြင်းမရှိသေးသော အခြားဒေသများသို့ ကူးစက်ပျံ့နှံ့ခြင်းမရှိစေရေးအတွက် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိပါသည်။ မိမိမွေးမြူထားသော ဝက်များကိုလည်း အာဖရိကဝက်အပြင်းဖျားရောဂါ ကူးစက်ကျရောက်ခြင်းမရှိစေရေးအတွက် မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို စနစ်တကျ မြှင့်တင်ရန် လိုအပ်ပါသည်။ အာဖရိကဝက်အပြင်းဖျားရောဂါ ကြိုတင်ကာကွယ်နိုင်ရန်အတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) ဝက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြု ဆောင်ရွက်ရန်၊
(ခ) ဝက်ခြံများနှင့် သားငါးဈေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊
(ဂ) အိမ်မွေးဝက်များကိုအပူပြင်းပြင်းဖြင့် ချက်ပြုတ်ထား ခြင်း မရှိသောစားသောက်ဆိုင်များမှ စားကြွင်း/ကျန် ကျွေးခြင်း မပြုလုပ်ရန်၊
(ဃ) အခြားခြံများမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်းမပြုရန်နှင့် လူအဝင်/အထွက် ထိန်းချုပ်ရန်၊
(င) အသက်အရွယ်တူဝက်များကိုသာ အတူတူမွေးမြူရန်၊
(စ) ဝက်ခြံများအတွင်း အပူချိန်၊ စိုထိုင်းဆ၊ လေဝင်/လေ ထွက်ကောင်းမွန်စေရေး ဆောင်ရွက်ရန်၊
(ဆ) ရောဂါကင်းရှင်းကြောင်း စိတ်ချရသောခြံမှ ဝက်များကို ဝယ်ယူမွေးမြူရန်၊
(ဇ) ဝယ်ယူသည့်ဝက်များကို မိမိခြံရှိဝက်များနှင့်မရောမီ သီးသန့်ခွဲခြားထား၍ ရောဂါကင်းရှင်းမှ မွေးမြူရန်၊
(ဈ) ပြည်ပမှ တရားမဝင်တင်သွင်းလာသော ဝက်အရှင်နှင့် ဝက်ထွက်ပစ္စည်းများဖြစ်သည့် ဝက်သား၊ အေးခဲဝက်သား၊ ဝက်ပေါင်ခြောက်၊ ဝက်အူချောင်းနှင့် အခြား ဝက်ထွက်ပစ္စည်းများ တင်သွင်းခြင်း၊ ရောင်းချခြင်း၊ စားသုံးခြင်းမပြုရန်၊
(ည) တောဝက်နှင့် အိမ်မွေးဝက်များ ရောနှောထိတွေ့ခြင်းမှ ကာကွယ်ရန်၊
(ဋ) တောဝက်နှင့် အိမ်မွေးဝက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေး လုပ်ငန်းအဖွဲ့ထံသို့ ချက်ချင်းသတင်းပို့ရန်၊
(ဌ) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်း လုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

# ရန်ကုန်-ဥက္ကံခေါက်တိုရထား ဖေဖော်ဝါရီပထမပတ်ကတည်းက ပြန်လည်ပြေးဆွဲ

**ရန်ကုန် ဖေဖော်ဝါရီ ၉**
ရန်ကုန် - ဥက္ကံခေါက်တိုရထား ခရီးစဉ်ကို ဖေဖော်ဝါရီ ၅ ရက်မှစ၍ ပြန်လည်ပြေးဆွဲခဲ့ရာ ခရီးသွားပြည်သူများ အဆင်ပြေလျက်ရှိသည်။

